## အခန်း(၃၂၅) - ချော်ရည်ပူ နဂါးကြီး။

အနက်ရောင် ခေါးမိုးကြီးသည် ဆယ်မီတာ အကွာအဝေးတိုင်းကို လွှမ်းခြုံပြီး ချော်ရည်ကန် တစ်ခုလုံးကို ဖုံးအုပ်သွားကာ တဖြုတ်ဖြုတ် တိုး ဝင်သွားသည်။ ခေါးတစ်ချောင်း ချင်းစီတိုင်းသည် ကန့်သတ်နေရာ တစ်ခုကိုသာ လွှမ်းခြုံပြီး တိုက်ခိုက်မှုကို ကန့်သတ်ထား၏။

ဓါးသည် ချော်ရည်ပူ နဂါးကြီးကို သတ်ပစ်မည့်အစား ရေကန်ထဲမှ ဆွဲထုတ်ရန်

ဆွဲဆောင်သော လောလီ၏ အကြံအစည်တစ်ခုသာ........။

ရောမ အနက်ရောင် နဂါးကြီးသည် ရေကန်အောက်ခြေတွင် အိပ်နေပြီး ချော်ရည်ပူ သလင်းကျောက်ထံမှ စွမ်းအားများကို စုပ်ယူနေကာ လှဲလျောင်းနေသော ပုံစံမှာ သက်တောင့်သက်သာ ရှိလှ၏။

ရုတ်တရက် ပြင်းထန်သော လေတိုးသံများကို ကြားလိုက်ရပြီး ၎င်း၏အမြီးတွင် ပြင်းထန်သော နာကျင်မှုကို ခံစားလိုက်ရသဖြင့် လှည့်ကြည့်လိုက်ရာ

အမြီးတွင် အနက်ရောင်ခါးတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့လိုက်ရသည်။ နောက်ထပ် လေတိုးသံများ ပေါ်လာပြီး နဂါးနက်ကြီး၏ ဘယ်ဘက်မျက်လုံး တစ်မီတာ အောက်တွင် ခါးတစ်ချောင်း ထိုးဖောက်သွားသဖြင့် မျက်လုံး ကန်းမလို ဖြစ်သွားသည်။

ဝေါင်း..

အနက်ရောင် နဂါးကြီးသည် နှစ်ကြိမ်တိုင်တိုင် တိုက်ခိုက် ခံလိုက်ရသဖြင့် ဒေါသ ပေါက်ကွဲသွားသည်။ ဤကမ္ဘာကြီး၏ အုပ်စိုးသူ

သုံးယောက်ထဲမှ တစ်ယောက်အနေဖြင့် စိန်ခေါ်ခြင်း မခံရသည့်မှာ ကြာနေပြီ။

ရေကန်အောက်ခြေမှ ပဲ့တင်သံ ထပ်နေသော ဟိန်းဟောက်သံကို ကြားလိုက်ရလျှင် လောလီက လျှောင်သလိုလို ပြုံးလိုက်ပြီး

"အလုပ် ဖြစ်သွားပဲ"

မကြာခင် ချော်ရည်အိုင်ကြီး၏ မျက်နှာပြင်ပေါ်တွင် ကြီးမားသော လှိုင်းလုံးကြီးများနှင့်အတူ ရေကန်ထဲမှ ကြောက်စရာကောင်းသော မွန်းစတားကြီး တစ်ကောင် ပေါ်လာသည်။

လောလီသည် အနက်ရောင် ဧရာမ သတ္တဝါကြီးကို ခေါင်းအနည်းငယ် စောင်းပြီး အကဲခတ်လိုက်လျှင်

ချော်ရည်ပူ နဂါးကြီးသည် အတောင်ပံရှိသော ကြီးမားသည့် မိကျောင်းကြီး တစ်ကောင်နှင့် တူသည်။ ၎င်း၏ဝမ်းဗိုက်သည် ကျန်သောခန္ဓာကိုယ် အချိုးအစားနှင့် နှိုင်းယှဉ်ပါက သေးငယ် လေးလံပြီး ၎င်း၏ နောက်ကျောရှိ ကြေးခွံများသည် နဂါး သွေးမျိုးဆက် မွန်းစတားများ၏ ကြေးခွံများကဲ့သို့ သိပ်သည်းခြင်း မရှိဘဲ မိကျောင်းနောက်ကျောတွင်

ရှိနေသော ထူထဲသည့် အရေခွံကဲ့သို့ အရေခွံများနှင့် အဖုအထစ်များ ဖြစ်ပေါ်နေသည်။

"တကယ် ရုပ်ဆိုးတာပဲ.."

လောလီသည် ချော်ရည်ပူနဂါးကြီးကို ခေတ္တမျှ စိုက်ကြည့်ပြီးနောက် မှတ်ချက်ပေးလိုက်သည်။ ခဏအကြာ သူမသည် တစ်ခုခုကို သတိရသွားပြီး လျှောင်သလိုလို နှုတ်ခမ်းကို ကွေးလိုက်သည်။

"ငါ အစားအသောက် မုဆိုးဆီက ကြားတာတော့ တစ်ခုခုက ရုပ်ဆိုးလေလေ အရသာ ပိုကောင်းလေလေပဲတဲ့"

လောလီက ချော်ရည်ပူနဂါးကြီးကို အကဲခတ်နေသလို ချော်ရည်ပူ နဂါးကြီးကလည်း သူမကို အကဲခတ်ကာ သူမ၏ အရွယ်အစားကြောင့် စိတ်ရှုပ်နေသည်။ ဤမျှသေးငယ်သော လူသား တစ်ယောက်ကို တစ်ခါမှ မတွေ့ခဲ့ဖူးပေ။

သို့သော်လည်း သူမ၏ တိုက်ခိုက်မှုစွမ်းရည်သည် ပြင်းထန်ပြီး ၎င်း၏ခုခံမှုကို အလွယ်တကူ ချိုးဖောက်နိုင်သောကြောင့် အနည်းငယ် ကြောက်လန့်နေ၏။

'လူသားက သေးလေလေ ပိုအားကောင်း လေလေများ ဖြစ်နေမလား'

ချော်ရည်ပူ နဂါးကြီးက ထိုအတွေးကို တွေးတောနေစဉ် လောလီထံမှ လှောင်ပြောင်သံကို ကြားလိုက်ရပြီး နောက်တစ်ကြိမ် ဒေါသ ထွက်သွားသည်။

"လူသား ကလေး.. မင်းက ငါ့ကို လာပြောင် နေတာလား"

ချော်ရည်ပူ နဂါးကြီးသည် ရုပ်ဆိုးသည်ဟု ပထမဦးဆုံးအကြိမ် အပြောခံရသောကြောင့်

သည်းမခံနိုင်ပေ။ ထို့ကြောင့် လောလီကို ခပ်တင်းတင်း စိုက်ကြည့်လိုက်သည်။

"ဘယ်သူ့ကို ကလေးလို့ ပြောတာလဲ"

လောလီလည်း နဂါးကြီးက ဤကဲ့သို့ ခေါ်လိုက်သဖြင့် စိတ်တိုသွားသည်။

ချော်ရည်ပူ နဂါးကြီးသည် လောလီ၏ ထူးဆန်းသော တုံ့ပြန်မှုကို မြင်ပြီးနောက် လက်ဦးအောင် တိုက်ခိုက်ရန် ဆုံးဖြတ်လိုက်စဉ် ၎င်း၏နှာခေါင်းပေါက်က ပွင့်လာပြီး မီးလျှံများ

ထွက်လာကာ လောလီထံ ချက်ချင်း တိုးဝင်သွား၏။

ချော်ရည်ပူ နဂါးကြီးသည် နဂါးသွေးမျိုးဆက် မဟုတ်သောကြောင့် ၎င်း မှုတ်ထုတ်သော မီးတောက်များသည် နဂါးမီးတောက်များ မဟုတ်ဘဲ ချော်ရည်ပူအူတိုင်ကို အစားထိုးထားခြင်းပင်

ဒါသည် ဂြိုဟ်တစ်ခု၏ အူတိုင်ကဲ့သို့ ထောင်ပေါင်းများစွာမြင့်သော အပူချိန် စင်တီဂရိတ် ရှိသည်။

ချော်ရည်ပူ အူတိုင်သည် ရေတံခွန်ထဲမှ ထွက်ကျလာသကဲ့သို့ မီးတောက်များ အဆက်မပြတ် ထွက်လာပြီး လောလီ ရပ်နေသော နေရာ တစ်ခုလုံးကို ဖုံးအုပ်သွားသည်။ ဤမျှ ပြင်းထန်သော မီးတောက်များကြောင့် သူမသည် မသေလျှင်ပင် ပြင်းထန်စွာ ဒဏ်ရာရသွားမှာ အသေအချာပင်

“ဒါက တိမ်နဂါးတစ်ခုရဲ့ စံနှုန်းပဲ။ မင်းက တကယ့် နဂါးအစစ်တစ်ကောင်နဲ့ ဘယ်တော့မှ နှိုင်းယှဉ်လို့ မရဘူး”

မီးတောက်ထဲမှ ပုံရိပ်တစ်ခု ထွက်ပေါ်လာပြီး မီးတောက်များသည် လောလီကို မထိခိုက်ခဲ့ရုံမျှ သာမက သူမ၏အဝတ်အစားကိုပင် ဘာမှ မလုပ်နိုင်ခဲ့ပေ။

သူမက တုန်လှုပ် ချောက်ခြားနေသော ချော်ရည်ပူ နဂါးကြီးကို ခပ်ထေ့ထေ့ ပြုံးပြလိုက်၍

"အို.... ငါက သန့်ရှင်းမီးလျှံ အဆင့်(၅)ကို ရောက်နေတဲ့ နဂါးမျိုးစပ် တစ်ကောင်ကို သတ်ခဲ့တဲ့အကြောင်း ပြောဖို့ မေ့သွားလို့ တောင်းပန်ပါတယ်။ ဒါက အခြေအနေ တစ်ခုပေါ့။

မင်းထက်တော့ အများကြီး ပို အစွမ်းထက်တယ်။ မင်းအဆင့်နဲ့ ဆိုရင် အဲ့ဒီကောင်က မင်းကို ဆယ်စက္ကန့်အတွင်း သတ်နိုင်တယ်။ ငါက အဲ့ဒီမွန်းစတား ထက်တောင် ပိုအစွမ်း ထက်သေးတယ်.. မင်းကိုသတ်ဖို့ လှုပ်ရှားမှုတစ်ခုပဲ လိုတယ်”

လောလီက စကားပြောနေရင်း လက်ညှိုး ဆန့်ထုတ်လိုက်သည်။

ချော်ရည်ပူ နဂါးကြီးသည် ၎င်းထံသို့ ကြီးမားသော ဘေးဒုက္ခကြီး ရောက်လာပြီ ဖြစ်ကြောင်း သိလိုက်သည်။

၎င်း၏မသိစိတ် ဗီဇက သေခြင်းတရားမှ လွတ်မြောက်ရန် အကြိမ်ဖန်များစွာ အကူအညီ ပေးခဲ့သောကြောင့် ယုံကြည်ရန် ရွေးချယ်လိုက်၏။

အတောင်များကို ခတ်ပြီး လောလီနှင့်ဝေးရာသို့ ဆုတ်သွား၍ ခပ်လှမ်းလှမ်းသို့ ရောက်သောအခါ ချော်ရည်အိုင်ထဲသို့ ထိုးဆင်းသွားသည်။

"အခုမှ ပြေးဖို့ နောက်ကျသွားပြီ.."

လောလီက အနက်ရောင် နဂါးကြီး ငုပ်လျှိုးသွားသော နေရာကို လက်ညှိုး ညွှန်လိုက်လျှင် သူမလက်ထဲမှ ထူထဲသော အနက်ရောင် အလင်းတန်းတစ်ခု ထွက်လာပြီး နဂါးနက်ကြီး ဦးခေါင်း၏ဘေးတွင် ပေါ်လာပြီး နဂါးခေါင်းကို တည့်တည့် ထိုးဖောက်ကာ အခြားတစ်ဖက်မှ ပြန်ထွက်သွားသည်။

အနက်ရောင် နဂါးကြီး၏ ခန္ဓာကိုယ်သည် ဥက္ကာခဲတစ်ခုလို ချော်ရည်ကန်ထဲသို့ ပြုတ်ကျသွားသဖြင့် မီတာရာနှင့်ချီ မြင့်သော

လှိုင်းလုံးကြီးများ ပေါ်လာသည်။ နဂါးနက်ကြီး၏ အလောင်းသည် ချော်ရည်ကန် မျက်နှာပြင်ပေါ်တွင် ပေါလောမျောနေသည်။

လောလီသည် အသေကောင်ကို ကောက်ယူရန် ဆင်းလာသောအခါ ၎င်း၏အမြီးက ပြတ်နေကြောင်း သတိထားလိုက်မိပြီး

"ထွက်ပြေး သွားတာလား"

လောလီ မျက်လုံးမှေးသွားသည်။

အသေကောင်ကို သိမ်းဆည်းပြီးနောက် ချော်ရည်ကန်ဘေးတွင် ရှိနေသော ခါးသွား မိကျောင်းထံ နောက်တစ်ကြိမ် သွားလိုက်သည်။

ထိုမိကျောင်းကြီးသည် ကြောက်ရွံ့၍ တဆတ်ဆတ် တုန်နေရှာသည်။ အနက်ရောင် နဂါးကြီးကို သတ်ဖြတ်လိုက်သည့် ပုံအား မမြင်ရသော်လည်း ၎င်း၏ အသိစိတ်အာရုံက အဖြစ်အပျက် အတိအကျကို ခံစားနိုင်သည်။

သူမက ချော်ရည်ပူ နဂါးကြီးကိုပင် တစ်ချက်တည်း သတ်ဖြတ် နိုင်သောကြောင့် ရုန်းကန်ရန် မကြိုးစားတော့ချေ။

“ချော်ရည်ကန် အောက်ခြေမှာ ချော်ရည်ပူ သလင်းကျောက်အပြင် ဘာရှိသေးလဲ”

လောလီက ဓါးသွားမိကျောင်းကို မေးလိုက်လျှင်

“ကြီးမားတဲ့ ချော်ရည်မြစ်ကြီးနဲ့ ဆက်သွယ်ထားတဲ့ သဘာဝ ဥမင်လှိုဏ်ခေါင်းတစ်ခု ရှိတယ်”

ခါးသွားမိကျောင်းသည် လောလီက ဘာကြောင့် ဤမေးခွန်းကို မေးကြောင်း မသိသော်လည်း ရိုးသားစွာ ပြန်ဖြေလိုက်သည်။

“မဆန်းဘူး”

နောက်ဆုံး၌ လောလီသည် ချော်ရည်ပူ နဂါးကြီးက ဘာကြောင့် ချော်ရည်ကန်ထဲ ခုန်ဆင်းသွားလဲ ဆိုသည်ကို နားလည်သွားပြီး မည်ကဲ့သို့ လွတ်မြောက်သွားလဲ ဆိုသည်ကို သဘောပေါက်သွားသည်။

"ငါ့ကို ချော်ရည်ပူ သလင်းကျောက်ဆီ ခေါ်သွား.. အရှုံးလုပ်ဖို့ မကြိုးစားနဲ့"

လောလီက သူမ၏လက်ဆစ်များကို ချိုးနေရင်း ပြောလိုက်သောအခါ

ခါးသွားမိကျောင်း အမြီးတွင် စိုက်ဝင်နေသော အနက်ရောင်ခါးသည် မိုန်ဖျော့သွားပြီး အမှုန်အမွှားများ အဖြစ် ပြိုကွဲသွားသည်။

ခါးသွားမိကျောင်းကြီးသည် လွတ်မြောက်အောင် ထွက်ပြေးရင် ကောင်းမလားဟု စဉ်းစားရင်း ချီတုံချတုံ ဖြစ်နေသည်။ ကိစ္စအချို့ကို တွေးပြီးနောက်

လက်လျှော့ပြီး ချော်ရည်ပူ သလင်းကျောက်ထံ ခေါ်ဆောင်သွားရန် ဆုံးဖြတ်လိုက်၏။

လောလီသည် ခားသွား မိကျောင်းနောက်မှ လိုက်၍ ချော်ရည်ကန်ထဲသို့ ငုပ်လျှိုးသွားစဉ် သူမ ခန္ဓာကိုယ် ပတ်ပတ်လည်တွင် မမြင်နိုင်သော စွမ်းအားအလွှာတစ်ခု ဖုံးအုပ်သွားပြီး ချော်ရည်များ မထိအောင် ခွဲထုတ်ပေးထားသည်။

အများအားဖြင့် ဝိညာဉ်ချော်ရည်သည် လူတစ်ယောက်၏ ကံကြမ္မာစွမ်းအားထဲ

စိမ့်ဝင်နိုင်သော်လည်း လောလီအတွက်မူ ထိခိုက်ခြင်း လုံးဝ မရှိပေ။

မိနစ်အနည်းငယ် အတွင်းမှာပင် ရေကန်အောက် ခြေသို့ ရောက်ရှိသွားသည်။

အကျယ် နှစ်မီတာခန့်ရှိသော ရွှေရောင် သလင်းကျောက် တစ်ခုကို မြင်လိုက်သောအခါ လောလီ၏ မျက်လုံးများသည် အရောင် တောက်ပလာသည်။

ချော်ရည်ပူ သလင်းကျောက်သည် ခါတ်ကြွင်း တစ်ခု ဖြစ်သော်လည်း ဖယ်ရှားပစ်ရန်

မရည်ရွယ်ပေ။ ၎င်းကို ရွှေ့လိုက်သည်နှင့် ကြီးမားသောစွမ်းအင်များ ဆုံးရှုံးသွားသလို ပေါက်ကွဲမှုကြီးတစ်ခုလည်း ဖြစ်လာနိုင်သည်။

ချော်ရည်ပူ သလင်းကျောက်၏ တစ်ဝက်သည် မြေကြီးထဲတွင် နစ်မြုပ်နေသောကြောင့် ချော်ရည်ပူ နဂါးကြီးသည် ချော်ရည်ကန် အောက်ခြေတွင် လှေ့ကျင့်နေရခြင်းပင်။

"ဒီနဂါးနက်လေးက ငတုံးလေးပဲ။ ဘာဖြစ်လို့ အနီးအနားက မြေတွေကို တူးထုတ်ဖို့ မစဉ်းစားတာလဲ.."

လောလီ ဆွံ့အနေကာ

“ဒီနား တစ်ဝိုက်က မြေကြီးတွေကို ကူတူးပေးစမ်း။ ဒီချော်ရည်ပူ သလင်းကျောက်ရတာနဲ့ မင်းကိုလွှတ်ပေးမယ်..”

လောလီက ခါးသွား မိကျောင်းကို ပြောလိုက်လျှင်

“မြေကြီးက ဘာနဲ့လုပ်ထားတာလဲ မသိဘူး။ တူးလို့မရဘူး။ တကယ်လို့ လုပ်နိုင်ရင် နဂါးနက်ကြီးက အဝေးကို သိမ်းသွားပြီ”

ဓါးသွားမိကျောင်းက ခေါင်းခါပြီး ပြန်ပြော လိုက်သည်။

လောလီသည် မယုံကြည် သောကြောင့် သလင်းကျောက်ထံသွားပြီး မြေပြင်ကို လက်နှင့် ခေါက်ကြည့် လိုက်သည်။ ထို့နောက် သူမ လက်ချောင်းထိပ်တွင် အနက်ရောင် ဓါးတစ်ချောင်းကို ဖန်တီးပြီး မြေကြီးအား ထိုးဖောက်ရန် ကြိုးစားလိုက်သော်လည်း မြေကြီးကို လုံးဝ မထိုးဖောက် နိုင်ခဲ့ပေ။

"အမ်.. ထူးဆန်းလိုက်တာ.."

လောလီသည် သလင်းကျောက်၏ ခပ်လှမ်းလှမ်းကို သွားပြီး သေသေချာချာ အကဲခတ်လိုက်သည်။ သလင်းကျောက်၏ ပတ်ပတ်လည်တွင် အနက်ရောင် နဂါးကြီး တူးထုတ်ထားကြောင်း သတိထားလိုက်မိကာ

"မင်းတို့က ဒီလို တူးနေတာလား"

"ဟုတ်တယ်။ ခေါင်းဆောင်က ငါ့ကို တူးခိုင်းတယ်။ ဒါပေမယ့် အနက်ရောင် မြေကြီး နေရာက အရမ်းကြီးနေလို့ လက်လျှော့ လိုက်ရတယ်"

"ကောင်းပြီလေ.. မတူးနိုင်ဘူး ဆိုတော့လည်း ဒီမှာပဲ ထားခဲ့မယ်.."

လောလီသည် ချော်ရည်ကန်ကြီးကို တစ်ခုလုံးကိုပင် တူးထုတ်လိုက်ရင် ကောင်းမလားဟု စဉ်းစားလိုက်သည်။

"မင်းကို အခု လွှတ်ပေးလိုက်မယ်"

လောလီသည် လက်ကို ဝှေ့ယမ်းလိုက်ရာ ဓါးသွားမိကျောင်း၏ ဒဏ်ရာထဲမှ အနက်ရောင် စွမ်းအားများ ထွက်လာပြီးနောက်

မိကျောင်းကြီးသည် ချော်ရည်ကန်ထဲသို့ ငုပ်လျှိုးကာ ပျောက်ကွယ်သွားသည်။

သူမကလည်း ချော်ရည်ကန် ပေါ်သို့ အရှိန်ပြင်းပြင်း ပြန်တက်လာသဖြင့် ဓါးသွား မိကျောင်းသည် သူမမြင်ကွင်းထဲမှ ပျောက်ကွယ် သွားသည်။

## အခန်း(၃၂၆) - လေ့ကျင့်ရေးကို ရပ်နားတာလား။

တာဝန် တင်ပြသည့် နေရာမှ လောလီ ထွက်သွားပြီးနောက် ကျန်းပင်သည် သူတို့ သုံးယောက်ကို စိုက်ကြည့်လိုက်ပြီး

"ညီမလောလီ ပြန်မလာခင် လျှောက်မသွားကြနဲ့"

"ဘယ်လောက်ကြာမှာလဲ.."

လင်းဟွမ်သည် အချိန် မဖြုန်းချင်ပေ။

"စီစဉ်ထားတဲ့အတိုင်း ဖြစ်မယ်ဆိုရင် တစ်နာရီအတွင်း ပြန်လာလိမ့်မယ်.. နာရီဝက်အတွင်း ပြန်ရောက်လာတာလဲ ဖြစ်နိုင်တယ်.."

ကျန်းပင်က ပြန်ဖြေလိုက်သည်။

ကျန်းပင်၏ အဖြေသည် အစောပိုင်းက ပြောခဲ့သော ရီရီယွီ၏စကားက မှန်ကန်ကြောင်း သက်သေပြနေသည်။

လောလီက နတ်ဘုရား သွေးမျိုးဆက်နှင့် သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင်ကို တိုက်ခိုက်နိုင်သည်ဟု ပြောခြင်းသည်

ချဲ့ကားပြောဆိုခြင်း မဟုတ်ပေ။ လွန်ခဲ့သော ရက်ပိုင်းအတွင်းတွင် ရီရီယွှီသည် သန့်ရှင်း မီးလျှံအဆင့်ကို အဆင့် တက်လှမ်းခဲ့သောကြောင့် အကဲဖြတ်မှုသည် သူမ၏ ပုဂ္ဂိုလ်အစွဲကြောင့် မှားယွင်းနိုင်သည်။

အခြားတစ်ဖက်တွင်မူ ကျန်းပင်သည် လောလီနှင့် အဆင့်ခြင်း တူသောကြောင့် သူ၏သုံးသပ်ချက်က ပို၍ အကျွရာ ကျသည်။

“ဒါဆိုလည်း ခဏလောက် စောင့်ရအောင်။ အလွန်ဆုံး တစ်နာရီပေါ့..”

လင်းဟွမ်က ရီရီယွီနှင့် လီလန်ကို ပြောလိုက်သည်။

ဤကဲ့သို့ အခြေအနေတွင် အပြင်ထွက်ခြင်းသည် အန္တရာယ်များသောကြောင့် သူတို့ နှစ်ယောက်လုံးကလည်း မကန့်ကွက်ကြပေ။

ပုံမှန် အခြေအနေဆိုလျှင်ပင် သင်တန်းသားများသည် အဖြူရောင် မီးလျှံအဆင့် ထက်မြင့်သော မွန်းစတားများ၏ နယ်မြေကို ရှောင်ရှား ကြသည်။ သို့သော်လည်း အနက်ရောင်နဂါးကြီးက ညွှန်ကြားချက်

ထုတ်ပြန်ပြီးနောက် အဖြူရောင် မီးလျှံအဆင့်ထက် မြင့်သော မွန်းစတားများသည် လူသားများကို လိုက်လံ ရှာဖွေနေသောကြောင့် ဟင်းလင်းပြင် အပျက်အစီးနေရာသည် မနေ့ညကထက်ပင် ပို၍ အန္တရာယ် များနေသည်။

ကျန်းပင်နှင့် စီကုန်ကျင်းတို့သည် သူတို့၏ အသံထုတ်လွှတ်ခြင်း ခရမျာနှင့် အလုပ်ရှုပ် နေကြသည်။ ညွှန်ကြားချက်မျိုးစုံ ရောက်ရှိ၍ လူအများ ခေါင်းရှုပ်ခြင်းမှ ကာကွယ်နိုင်ရန်

ဝန်ထမ်းများကို အသံထုတ်လွှတ်ခြင်းခရ သုံးခု ပေးခဲ့သည်။

ပထမတစ်မျိုးမှာ စစ်ဆေးသူ သုံးယောက်အတွက် သီးသန့်ဖြစ်ပြီး သူတို့ သုံးယောက်ကိုသာ ချိတ်ဆက်ပေးသော ခရုနှင့် ဆက်သွယ်ထားပြီး အခြားဝန်ထမ်းများက ဝင်ရောက်ခွင့် မရှိပေ။

ကျွန်းပင်နှင့် စီကုန်ကျင်း တို့သည် သင်တန်းသားများအား ကာကွယ်ရန် ညွှန်ကြားချက်များကို သူတို့၏ ဝန်ထမ်းများထံ အသိပေးနေကြသည်။

လင်းဟွမ်တို့ သုံးယောက် ပျင်းရိနေကြစဉ် အဖြူရောင် ခေတ်ကြွင်းတစ်ခု ရုတ်တရက် ပေါ်လာပြီး လောလီ လမ်းလျှောက်ထွက်လာသည်။

"မြန်လိုက်တာ.. ငါးမိနစ်တောင် မပြည့်သေးဘူး.."

လီလန် တုန်လှုပ်သွားသည်။

"သုံးမိနစ်တောင် မကြာသေးဘူး.."

လင်းဟွမ်သည် အင်ပါယာ နှလုံးသား လက်စွပ်ပေါ်rSက နာရီကို ကြည့်လိုက်ပြီး အတိအကျပြောရလျှင် လောလီ ထွက်သွားသည်မှာ

(၂) မိနစ် (၁၆) စက္ကန့်သာ ကြာသေးသည်။ ဤမျှ အချိန်တိုလေးအတွင်း၌ ချော်ရည်ပူ မွန်းစတားကို သတ်ဖြတ်နိုင်ခြင်းမှာ အံ့သြစရာ ကောင်းလှ၏။

"အစ်မလောလီက အရမ်း အစွမ်းထက်တယ်လို့ ငါပြောခဲ့တယ် မဟုတ်လား"

ရီရီယွီက ဂုဏ်ယူဝံ့ကြွားစွာ ပြုံးလိုက်သည်။

အဖြူရောင် နေရာကူးပြောင်းခြင်း ခတ်ကြွင်း ပျောက်ကွယ်သွားပြီးနောက် လောလီသည် ကျန်းပင်နှင့် စီကုန်ကျင်း တို့ရှေ့သို့ လျှောက်သွားသော်

“ဖြေရှင်း လိုက်ပြီလား..”

ကျန်းပင် မျက်လုံး ပြူးသွားသည်။ စီကုန်ကျင်းသည် စကားတစ်ခွန်းမှ မပြောသော်လည်း သူ့မျက်လုံးများက သူ့ကို သစ္စာဖောက်နေသည်။ လောလီက ဤမျှ မြန်မြန်ဆန်ဆန် ပြန်ရောက် လိမ့်မည်ဟု မမျှော်လင့်ထားပေ။

“မဟုတ်ဘူး.. အဲ့ဒီကောင်က အရေပြားခွာချပြီး ထွက်ပြေးသွားတယ်”

လောလီက ဒေါသတကြီး ရွေရွတ်လိုက်ပြီး

"တိမ်နဂါး တစ်ကောင်က ဒီလောက် အရှက်မဲ့ လိမ့်မယ်လို့ ငါ မထင်ထားမိဘူး။ ဘာမှ မလုပ်ရသေးဘူး ထွက်ပြေးသွားတယ်.."

လောလီသည် တိုးတိုးလေးပြောရန် ရည်ရွယ်ချက် မရှိသောကြောင့် ကျယ်လောင်စွာ ပြောနေသော သူမ၏စကားကို လင်းဟွမ်နှင့် ကျန်သည့်လူများ အတိုင်းသား ကြားနေရသည်။

လီလန်သည် လောလီက ချဲ့ကား ပြောဆိုနေသည်ဟု ထင်သဖြင့် မျက်လုံးစွေပြီး ကြည့်နေသည်။

သို့သော်လည်း လင်းဟွမ်ကမူ လောလီ၏ စကားက အမှန်ဖြစ်ကြောင်း ယုံကြည်နေ၏။

ချော်ရည်ပူ နဂါးကြီးသည် သူမ၏ အော်ရာကြောင့် အန္တရာယ်အငွေ့အသက် တစ်ခုခု ခံစားမိပြီး ထွက်ပြေးသွားခြင်း ဖြစ်နိုင်သည်။

အချို့ မွန်းစတားများသည် အန္တရာယ် ခံစားနိုင်မှုတွင် အလွန် အကဲဆတ်ကြပြီး ထိုထဲတွင် ချော်ရည်ပူ နဂါးကြီးသည် အမြင့်မားဆုံး အာရုံခံနိုင်စွမ်းကို ပိုင်ဆိုင်ထားပုံပင်

"ဒီနဂါးနက်က မင်းလက်က လွတ်အောင် ထွက်ပြေးနိုင်တာ တော်တော်လေး ကံကောင်းတာပဲ.."

စီကုန်ကျင်းက စနောက်လိုက်လျှင်

"ဒါပေမယ့် အရေခွံချွတ်ပြီး ပြေးရတယ်ဆိုတော့ အခြေအနေ ဆိုးပါတယ်။ သူ့ရဲ့ တိုက်ခိုက်ရေး အဆင့်က တစ်ဆင့် ဒါမှမဟုတ် နှစ်ဆင့်လောက် လျော့ကျသွားလိမ့်မယ်။ နောက်တစ်ကြိမ်ဆို ဒီလို ကံကောင်းမှာ မဟုတ်တော့ဘူး"

လော်လီ က ဒေါသပေါက်ကွဲနေသည်။

“ဒါဆိုရင် အခု ငါတို့ ဘာလုပ်ကြမှာလဲ။ နဂါးနက်က အသက်ရှင်နေသေးတော့ တခြား မွန်းစတားတွေကလည်း သူ့အမိန့်ကို ဆက်ပြီး အကောင်အထည် ဖော်နေမှာ။ သင်တန်းသားတွေကို အမဲလိုက်ဖို့ ဆက်ကြိုးစားကြမှာပဲ။ သေဆုံးမှု ရာခိုင်နှုန်း မြင့်တက်လာနိုင်တယ်။ လေ့ကျင့်ရေး ရပ်ဆိုင်းလိုက်မလား”

ကျန်းပင်က သူတို့နှစ်ယောက်ကို စိုးရိမ်တကြီး ကြည့်ပြီး ပြောလိုက်စဉ်

“ဝိုး.....မင်းကို ကြည့်ပါဦး။ အခုတော့ စစ်ဆေးသူဖြစ်ပြီး ကြောက်ဖျား ဖျားနေပြီ။ ငါ့ရဲ့အကဲဖြတ်မှုက စတောင် မစရသေးဘူး..”

လောလီက ငြင်းလိုက်သည်။

“ဒါပေမယ့် အခုနေ လေ့ကျင့်မှုကို ဆက်လုပ်ရင် အန္တရာယ် များတယ်နော်”

ယခုတစ်ကြိမ်တွင် ကျန်းပင်က ဝင်ပြော လိုက်သည်။

“မင်းရော ဘယ်လိုထင်လဲ..”

ကျန်းပင်က စီကုန်ကျင်းကို ကြည့်လိုက်ပြီး

"ငါ့မှာ မှတ်ချက်မရှိဘူး.. မင်းတို့ဘာသာ မင်းတို့ ဆွေးနွေးကြ ငါက ဘာမဆို အဆင်ပြေတယ်.."

စီကုန်ကျင်းက လက်ခါပြပြီး အရှူးကွက်နင်းကာ နောက်ဆုတ်သွားသည်။ မည်သူ့ကိုမှ မစော်ကားချင်သောကြောင့် မည်သည့်ဘက်ကမှ မရပ်တည်ခဲ့ပေ။

"ရှောင်ပင်ပင် မင်းက ထင်သလောက် မဆိုးဘူး။ နဂါးနက်လေးရဲ့ နောက်လိုက်ဆီကနေ အကြောင်းအရာတွေ အများကြီး ငါ ကြားလာတယ်။

နဂါးနက်ရဲ့ ညွှန်ကြားချက်က လူသားတွေကို သတ်ဖို့မဟုတ်ဘူး.. အသက်ရှင်လျက် ဖမ်းဖို့ပဲ”

လောလီသည် ကျန်းပင်က ဤကိစ္စအား အလေးအနက် ထားနေသည်ကို မြင်လိုက်လျှင် စိတ်လျှော့ချလိုက်သည်။

သို့သော်လည်း သူမသည် ရဲတင်းပြီး ကျန်းပင်၏ ခေါင်းမာမှုနှင့် ပတ်သက်၍ သူမလုပ်နိုင်သောအရာ ဘာမှမရှိပေ။ တစ်ခုခုကို ဆုံးဖြတ်ပြီးသည်နှင့် စိတ်ပြောင်းရန် မဖြစ်နိုင်ပဲ အရိုက်ခံရလျှင်ပင်

အရှုံးမပေးတတ်ချေ ။ မှန်ကန်သော ဆင်ခြင်တုံတရားကသာ သူ့စိတ်ကို ပြောင်းလဲနိုင်သည်။

"အမိန့်တစ်ခုက အမိန့်တစ်ခုပဲ။ အမိန့်အတိုင်း အတိအကျ လိုက်နာကြမှာ မဟုတ်ဘူး.. ဒီအမိန့်က လူသားတွေကို အသက်ရှင်လျက် ဖမ်းရမယ် ဆိုပေမယ့် နောက်ပိုင်းကျရင် သူတို့ကို စားသောက်နိုင်တယ်။ ဒီလေ့ကျင့်မှုရဲ့ ရည်ရွယ်ချက်က လူငယ်တွေကို သူတို့ကိုယ်သူတို့ စိန်ခေါ်နိုင်ဖို့ပဲ။ ဒါကြောင့်လည်း အဖြူရောင် မီးလျှံအဆင့် မွန်းစတားတွေကို သတ်ခိုင်းခဲ့တာ။"

" ဒါပေမယ့် အခု ကြက်သွေးရောင် မီးလျှံအဆင့်၊ အပြာရောင် မီးလျှံအဆင့်နဲ့ ခရမ်းရောင် မီးလျှံအဆင့် ရှိတဲ့ မွန်းစတားတွေနဲ့ ကြုံတွေ့ရတော့မယ်။ လေ့ကျင့်ရမယ့်အစား သူတို့ အသတ်ခံရတော့မယ်လို့ ပြောချင်တာ။ သူတို့မှာ လေ့ကျင့်ဖို့နေရာ မရှိဘူး။ လေ့ကျင့်ရေးရဲ့ ရည်ရွယ်ချက် ပျက်ပြားသွားပြီ၊ ဆက်လုပ်ရင်လည်း အဓိပ္ပါယ် မရှိတော့ဘူး"

ကျန်းပင်က ရှင်းပြလိုက်ချိန်တွင်

လောလီသည် သူပြောသည့် အကြောင်းအရာကို ကြားသောအခါ ငြိမ်ကျသွားသည်။ သူမက

လေ့ကျင့်ရန် ဆက်လက် ဖိအားပေးနေပါက သူမ အလွန်သာ ဖြစ်သွားမည့်အကြောင်းကို သိနေပြီး ခဏအကြာ

"ဒီလိုဆိုရင်ရော ဘယ်လိုလဲ။ သင်တန်းသားတွေကို ပြန်လာဖို့ ပြောခိုင်းလိုက်။ သူတို့ ဒီမှာဆက်နေဖို့ ဒါမှမဟုတ် ထွက်သွားဖို့ ရွေးချယ်ခွင့်ရှိတယ်။ အများဆုံးက လေ့ကျင့်ရေးကို ဆိုင်းငံ့ထားမယ်။ ဒါပဲ ငါလုပ်နိုင်တယ်။

"ဒါပေမယ့် လေ့ကျင့်ရေးနဲ့ အစီအစဉ်တွေကို ပြောင်းလဲမယ်။ လေ့ကျင့်ရေး ဆက်လုပ်ကြမယ်။

လူတိုင်း ဘေးကင်းရေးကို ဘယ်လို ထိန်းသိမ်းမလဲ ဆိုတာပဲ ထပ်ပြီး ဆွေးနွေးဖို့ လိုတာပါ”

အဆုံးတွင် လောလီသည် တစ်ထစ်လျှော့၍ အပေးအယူ လုပ်ခဲ့သော်လည်း လေ့ကျင့်ရေးကို လက်မလျှော့ချင်သောကြောင့် သင်တန်းသားများကို ဆက်လက် နေထိုင်ခွင့်ပြုရန် အကြံပေးလိုက်သည်။

ကျန်းပင် တိတ်ဆိတ်နေ၏။

“ကျန်းပင်။ ညီမလော အကြံပြုတဲ့အတိုင်း လုပ်ရအောင်။ နောက်ပြီးတော့ သူတို့

အခွင့်အရေးတွေ မဆုံးရှုံးချင်တဲ့ သင်တန်းသား အချို့လည်း ရှိမှာပဲ..”

နောက်ဆုံးတွင် စီကုန်ကျင်းက ဝင်ပြောလိုက်သည်။

ကျန်းပင်က ခေါင်းမော့ပြီး လင်းဟွမ်နှင့် အခြားသူများကို ကြည့်လိုက်ကာ

“မင်းတို့ရော ဘယ်လိုထင်လဲ”

“ငါကတော့ ဆက်လုပ်ချင်တယ်..”

လင်းဟွမ်က နှစ်ခါပြန်မတွေးဘဲ ဖြေလိုက်သည်။

“ငါက ဒီနေရာမှာ အဖြူရောင် မီးလျှံအဆင့် တက်လှမ်းချင်တယ်”

လီလန်လည်း ဖြေလိုက်သည်။

“ငါက အဖြူရောင် မီးလျှံအဆင့် ရောက်နေပြီ ဆိုပေမယ့် တိုက်ပွဲ နည်းနည်းလောက် ထပ်လေ့ကျင့် ချင်သေးတယ်”

ရီရီယွီက လောလီကို ပြုံးပြပြီး ပြောလိုက်သော်

“ကြည့်စမ်း.. ငါးယောက် တစ်ယောက်..”

စီကုန်ကျင်းက ကျန်းပင်၏ပခုံးကို ပါးပါးလေး ပုတ်ကာ

"ကောင်းပြီလေ.. အားလုံး ပြန်ခေါ်လိုက်မယ်။ နောက်မှ ဆုံးဖြတ်ကြတာပေါ့"

ကျန်းပင်က ခေါင်းညိတ်လိုက်သည်။

## အခန်း(၃၂၇) - မင်းက အသက်နှစ်ဆယ်ပြည့်ရင် ကလေးတွေအတွက် အဒေါ်ကြီးတစ်ယောက်ပဲ။

နောက်တစ်နေ့ နေ့လယ်ခင်း၌......

စစ်ဆေးသူ သုံးယောက်သည် ဝန်ထမ်းများ၏ အကူအညီဖြင့် သင်တန်းသားအားလုံးကို စုဝေးနိုင်ခဲ့သည်။ ဒုတိယအကျော့ လေ့ကျင့်မှု၏ စတုတ္ထမြောက်နေ့သာ ရှိသေးသော်လည်း မူလက (၉၇၈) ယောက်ရှိခဲ့ရာ (၉၀၆) ယောက်အထိ လျော့နည်း သွားခဲ့သည်။

ကျန်းပင်သည် ရက်ပိုင်းသာ ရှိသေးသော်လည်း သင်တန်းသား အများအပြား ပျောက်ဆုံးသွားသဖြင့် စိတ်မကောင်း ဖြစ်နေသည်။ လက်တွေ့တွင်မူ သူတို့ကို ပြည်ထောင်စုအစိုးရမှ စစ်ဆေးသူအဖြစ် ခန့်အပ်ရာ၌ လူအသေပျောက်နှုန်းကို ပထမအကျော့တွင် (၅) ရာခိုင်နှုန်း၊ ဒုတိယအကျော့တွင် (၁၀) ရာခိုင်နှုန်းနှင့် တတိယအကျော့တွင် (၁၅) ရာခိုင်နှုန်းအောက်သာ ခွဲတမ်းပေးထားသည်။

ကျန်းပင်၏ ဒုတိယအကျော့ လေ့ကျင့်မှုသည် လေးရက်မြောက် နေ့သာ ဖြစ်သော်လည်း သေဆုံးမှုနှုန်းမှာ (၇.၂) ရာခိုင်နှုန်း ရှိနေပြီ။

အားလုံး စုဝေးနေကြစဉ် ဒုတိယအကျော့ စစ်ဆေးရေးမှူး ကျန်းပင်က ချော်ရည်ပူနဂါးကြီး အကြောင်းကို ပြောပြလိုက်သည်။

ထိပ်တန်း ပါရမီရှင် အများစုသည် မွန်းစတားများနှင့် ထူးထူးဆန်းဆန်း တွေ့ဆုံခဲ့သည့် အကြောင်းကို သတိပြုမိခဲ့ကြပြီး အချို့ကမူ မွန်းစတားများ လက်ထဲမှ လွတ်မြောက်အောင်

လုပ်နိုင်ခဲ့ကြ၍ နောက်ဆုံးတွင် ဘာဖြစ်ပျက်နေလဲ ဆိုသည်ကို သူတို့ နားလည်သွားကြသည်။

"ငါတို့ စစ်ဆေးသူ သုံးယောက်ကြားမှာ ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း မချနိုင်ဘူး ဖြစ်နေတယ်။ သင်တန်းက မင်းတို့ အားလုံးအတွက် ဖြစ်ပြီး မင်းတို့ အားလုံးကလည်း အရွယ်ရောက်ပြီးသား ဖြစ်နေလို့ မင်းတို့ကိုပဲ ဆုံးဖြတ်ချက် ချခိုင်းမယ်"

ကျန်းပင်က လူတိုင်းကို ဤ၍နေရာ၌ စုဝေးရသည့် အကြောင်းအရင်းကို ပြောလိုက်သည်။

"ဒါက အကဲဖြတ်မှုရဲ့ အစိတ်အပိုင်း မဟုတ်ဘူးဆိုတာ အလေးပေးပြီး ပြောချင်တယ်။ နောက်ဆက်တွဲ ဆိုးကျိုးတွေကို မစိုးရိမ်ဘဲ မင်းတို့တွေ အမှန်တကယ် လိုချင်တဲ့အရာကို အခြေခံပြီး သင်တန်းကို ဆိုင်းငံ့မလား၊ ဆက်လုပ်မလား ဆိုတာ ဆုံးဖြတ်နိုင်မယ်လို့ မျှော်လင့်တယ်။"

" ဘာပဲဖြစ်ဖြစ် မင်းတို့မှာ ထင်မြင်တွေးတောပိုင်ခွင့်ရှိတယ်။ လူတိုင်း ဘေးကင်းစေဖို့အတွက် မဲစာရင်းမှာ မင်းတို့နာမည်ကို ထည့်စရာမလိုဘူး။

အမည်မသိမဲ့ပဲ ဖြစ်လိမ့်မယ်။ သင်တန်းကို ဆက်လုပ်သင့်တယ်လို့ ထင်ရင် အမှန်ခြစ်ရေးပေး။ လေ့ကျင့်မှုကို ဆိုင်းငံ့ထားသင့်တယ်လို့ ထင်ရင် အမှားဆွဲပေး။ ရလဒ်အားလုံးကို ရေတွက်ပြီး ဆုံးဖြတ်သွားမယ်”

အမျိုးသမီး တစ်ယောက်က ခေါင်းရှုပ်သွားပြီး လက်ထောင်လိုက်လျှင်

“မေးပါ…”

ကျန်းပင်က ထိုအမျိုးသမီးကို ခေါင်းညိတ်ပြပြီး

"တကယ်လို့ ရွေးချယ်ပြီးသွားရင် ဒီမှာ လေ့ကျင့်ရေး ဆက်လုပ်ချင်နေတဲ့ လူက ထက်ဝက်ကျော်ရင် ငါတို့အားလုံးက မနေချင်လည်း ဆက်လုပ်ရမယ်လို့ ပြောချင်တာလား"

ထိုအမျိုးသမီးက မေးလိုက်သည်။

"ဟုတ်တယ်။ ငါတို့က အများစုပဲ။ အများစုမဲကို ရေတွက်ပြီး ဆက်လုပ်ရမလား ဆိုင်းငံ့ရမလား ဆိုတာ ဆုံးဖြတ်မယ်။ မင်းက ဆက်နေချင်တယ် ဆိုရင်တောင် မဲအားလုံးက နားမယ်လို့ ဆုံးဖြတ်ရင် လေ့ကျင့်မှုကို အဆုံးသတ်ရမယ်"

ကျန်းပင်က အတည်ပြု ပြောကြားပြီးနောက်

"နံပါတ်တစ် အနေနဲ့ ဆက်နေချင်တဲ့လူ ပိုများနေတယ် ဆိုရင်တောင် ထွက်သွားချင်တဲ့ လူတွေကို ငါတို့ဝန်ထမ်းတွေက လိုက်ပို့ပေးမယ်။ မင်းတို့တွေကို ဖယ်ထုတ်ခြင်း မလုပ်ဘူး။ ထွက်သွားချင်တဲ့ လူက တစ်ယောက်တစ်လေပဲ ဖြစ်နေရင်တော့ အခက်အခဲ ရှိတယ်။ ဒီမှာ ဆက်နေဖို့ ရွေးချယ်နိုင်တယ်။ စစ်ဆေးသူတွေ စောင့်ကြပ်နေတဲ့ စခန်းထဲမှာ ငါတို့ စီစဉ်

ပေးထားမယ်။ လေ့ကျင့်ရေးပြီးတာနဲ့ မင်းတို့ကို ဒီနေရာကနေ ပြန်ပို့ပေးမယ်”

“ကဲ မေးခွန်းတွေ မရှိတော့ဘူး ဆိုရင် ဝန်ထမ်းတွေက မဲကတ်တွေ လိုက်ဝေပေးမယ်…”

ကျန်းပင်သည် အချိန် တော်တော်ကြာအောင် စောင့်ဆိုင်း နေခဲ့သော်လည်း မည်သူကမျှ မေးခွန်း မမေးတော့သဖြင့် ဝန်ထမ်းများကို ခေါင်းညိတ် ပြလိုက်သည်။

မကြာခင် ဝန်ထမ်းများက လက်ဖဝါးအရွယ်ခန့် ရှိသော အဖြူရောင်ကတ်ကို လူတိုင်းထံ လိုက်ဝေ ပေးလိုက်သည်။

"မင်းတို့တွေ မဲပေးပြီးရင် ကတ်ကိုခေါက်လိုက်။ ဝန်ထမ်းတွေက မင်းတို့ဆီက လာသိမ်းလိမ့်မယ်။ ဘာမှခေါင်းရှုပ်စရာ မလိုဘူး။ လေ့ကျင့်ရေး ဆက်လုပ်ချင်ရင် အမှန်ခြစ်။ ဆက် မလုပ်ချင်ရင် အမှားခြစ်"

ကျန်းပင်က နောက်တစ်ကြိမ် သတိ ပေးလိုက်၏။

လင်းဟွမ်က ကတ်ကိုရရှိသည်နှင့် နှစ်ခါပြန် မစဉ်းစားဘဲ အမှန်ခြစ်ကာ ခေါက်လိုက်သည်။

ရီရီယွီသည်လည်း သူမ၏ ရွေးချယ်မှုကို ထုတ်ဖော်ပြောဆိုပြီးသား ဖြစ်နေသဖြင့် အမှန်ခြစ်ကာ ခေါက်လိုက်သည်။

ထိုအချိန်၌ လီလန်သည် ဘာမှ မလုပ်ဘဲ ကတ်ကိုသာ ကိုင်ထားသောကြောင့်

"မင်း ဘာလုပ်နေတာလဲ"

ရီရီယွီက မေးလိုက်သည်။

“ရလဒ်က တူနေတယ်လို့ ကြေငြာရင် မဲခွဲဆုံးဖြတ်တဲ့ မဲအဖြစ်သုံးဖို့ စဉ်းစားနေတာ…”

လီလန်က အိုးတိုးအန်းတမ်း ပြန်ပြောလိုက်လျှင်

“ရလဒ်ကို ကြေငြာပြီးတာနဲ့ မင်းရဲ့မဲတွေကို ရေတွက်တော့မှာ မဟုတ်ဘူး”

လင်းဟွမ်က လေးနက်စွာ ပြောလိုက်စဉ်

“ဟုတ်တယ်… မင်းက လက်လျှော့မယ့် မဲပေးချင်လို့လား”

ရီရီယွီက ပြုံးပြီး ထပ်ပြောလိုက်သည်။

"ဟမ်... ငါက လက်လျှော့ချင်နေတယ်လို့ ပြောတာလား"

လီလန်သည် တုန်လှုပ်သွားပြီး အမှန်ခြစ် အမြန်ခြစ်ကာ ကတ်ကိုခေါက်လိုက်သည်။

လူတိုင်း မဲပေးပြီးသောအခါ ဝန်ထမ်းများက ကတ်တွေအားလုံးကို သိမ်းယူ သွားသည်။ မဲများကိုတွက်ချက်ရန် မိနစ် အနည်းငယ်ခန့် အချိန်ယူပြီးနောက် ရလဒ်ကို စစ်ဆေးသူ သုံးယောက်ထံ ပို့ပေးလိုက်သည်။

ကျန်းပင်သည် ကြေငြာရန်အတွက် လူတိုင်းရှေ့တွင် မတ်တပ်ရပ်လိုက်သော်လည်း ရလဒ်ကို မြင်သောအခါ မျက်မှောင်ကြုတ်သွားသည်။

"မဲရလဒ် ကြေငြာပေးမယ်။ လေ့ကျင့်ရေးဆက်လုပ်ချင်တဲ့လူက (၈၁၂) မဲ။ လေ့ကျင့်ရေး ရပ်ဆိုင်းချင်တဲ့ လူက (၉၂) မဲ... ကြားမဲ (၂) မဲ"

"ဆုံးဖြတ်ချက်က ရှင်းနေတဲ့ပုံပဲ။ မင်းတို့ရဲ့ ဆုံးဖြတ်ချက်ကို လေးစားတယ်။ လေ့ကျင့်ရေးကို ဆက်လုပ်သွားမယ်"

"ဘေးကင်းရေး ရည်ရွယ်ချက်အတွက် အဖွဲ့တိုင်း အနောက်ကို ဝန်ထမ်းတွေ လိုက်ခိုင်းထားမယ်။ သူတို့က ကြက်သွေးရောင် မီးလျှံအဆင့် မွန်းစတားတွေရဲ့ လှုပ်ရှားမှုကို စောင့်ကြည့် ပေးထားလိမ့်မယ်။ ဒါကြောင့် မင်းတို့က သူတို့နဲ့ တိုက်ခိုက်စရာ မလိုဘူး။ ဝန်ထမ်းတွေက အားလုံး ကိုင်တွယ်လိမ့်မယ်"

"ဝန်ထမ်းတွေအတွက်လည်း မင်းတို့က အပို အလုပ်များသွားတဲ့အတွက် စိတ်မကောင်း မဖြစ်နဲ့…

လေ့ကျင့်ရေး ပြီးသွားရင် မင်းတို့အားလုံးအတွက် အပိုဆုကြေး လျှောက်ထားပေးမယ်...”

ကျန်းပင်က ဝန်ထမ်းများကို အစွမ်းကုန် ကြိုးစားကြစေရန် လူတိုင်းရှေ့တွင် ရည်ရွယ်ချက်ရှိရှိ ပြောလိုက်သည်။

“ကဲ... လေ့ကျင့်ရေး ဆက်လုပ်ဖို့ မဲပေးခဲ့တဲ့ လူတွေက အခုပဲ ထွက်သွားလို့ရပြီ။ မသွားချင်တဲ့ လူတွေအတွက် ငါက တစ်ခုခု စီစဉ်ပေးမယ်...”

ကျန်းပင်က ပြောပြီးသည်နှင့် အများစုသည် တစ်ယောက်ပြီး တစ်ယောက် ထွက်ခွာသွားကြသည်။

"ငါတို့လည်း ထွက်သွားသင့်ပြီ"

လီလန်က လင်းဟွမ်ကို ကြည့်လိုက်လျှင်

လင်းဟွမ်သည် ရီရီယွီရှေ့တွင် လျှပ်တစ်ပြက် ပေါ်လာသော လောလီကို ကြည့်နေသော်လည်း သူမ၏ လှုပ်ရှားမှုကို မမြင်လိုက်ရပေ။

"အမ်… သူမ ဘယ်အချိန်က ရောက်လာတာလဲ"

လီလန်က တိုးတိုးလေး မေးလိုက်သည်။

"ငါလည်း သူမစကားပြောမှ သတိထားမိတာ။ မမြင်လိုက်ရဘူး"

လင်းဟွမ်က အမှန်အတိုင်း ပြောလိုက်သည်။

“ရှောင်ရီယွီ၊ မင်းခန္ဓာကိုယ်ထဲမှာ မီးဒြပ်စင် မရှိတာ ငါ မှတ်မိပါသေးတယ်။ ဘယ်လိုဖြစ်ပြီး ပြောင်းလ သွားတာလဲ”

လောလီက မေးလိုက်လျှင်

“မနှစ်က ဖြစ်ခဲ့တာ။ ဘယ်လို ဖြစ်သွားလဲတော့ မသိပေမယ့် ငါ့ခန္ဓာကိုယ်က တစ်ခုခုတော့ ပြောင်းလဲသွားတယ်။ အခုတော့ မီးဒြပ်စင် ရှိနေပြီ…”

ရီရီယွိ ကိုယ်တိုင်လည်း နားမလည်ပေ။

"ဒါပေမယ့် ဒါလည်း ကောင်းပါတယ်။ ငါ မင်းအတွက် လက်ဆောင်တစ်ခု မကြာခင် ပေးနိုင်လိမ့်မယ်။ အကဲဖြတ်မှု ပြီးတဲ့အထိ စောင့်ရအောင်"

လောလီက ပြုံးပြီးပြောလိုက်သည်။

"အာ... ရပါတယ်"

ရီရီယွိက ပြုံးပြီး ခေါင်းခါလိုက်သည်။ ငယ်စဉ်အချိန်က လောလီနှင့် ရင်းနှီးသော

ဆက်ဆံရေး ရှိခဲ့သော်လည်း နောက်ဆုံးအကြိမ် တွေ့ဖြစ်ခဲ့သည်မှာ နှစ်အနည်းငယ် ကြာခဲ့ပြီ။ သူမ သူငယ်ချင်း၏ ထူးထွေ ဆန်းပြားသော စရိုက်အသစ်နှင့် အသား မကျသေးပေ။

"သန့်ရှင်း မီးလျှံအဆင့် တက်လှမ်းသွားတဲ့ လက်ဆောင်အဖြစ် ယူပါ..."

"ဘယ်ဘက်က တစ်ယောက်က မင်းရည်းစားလို့ ထင်တယ်နော်။ ဒါပေမယ့် အရပ်က ခပ်ပုပုလေးရယ်။ အသက်ကြီးတဲ့ ကောင်ကျတော့လည်း အရပ်က မရှည်ဘူး။

ညာဘက်က ဆံပင်တွေ ကျော့နေအောင် ဖြီးထားတဲ့ ကောင်ကို စိတ်မကူးနဲ့။ ငါတော့ လက်တွေ ယားလာလို့ သူ့ဆံပင်ကို ဆွဲဖြဲကြည့်ချင်နေပြီ”

လောလီက လင်းဟွမ်နှင့်လီလန်တို့ကို ကြည့်ပြီး ပြောလိုက်သောအခါ

“သူတို့က ငါ့ ရည်းစားတွေ မဟုတ်ဘူး။ ငါ့ သူငယ်ချင်းတွေ။ နောက်ပြီးတော့ ယောကျ်ားနှစ်ယောက်ကို ဘယ်သူက တစ်ပြိုင်နက်တည်း ချိန်းတွေ့မှာလဲ”

ရီရီယွီ ဆွံ့အနေသည်။

“ချိန်းတွေ့တဲ့ အချိန်မှာ ဘာက ရှက်စရာ ကောင်းသေးလို့လဲ။ မင်း အသက်လည်း မငယ်တော့ဘူး အိမ်ထောင်ပြုဖို့ စဉ်းစားသင့်ပြီ”

လောလီသည် ရီရီယွီ၏ တုံ့ပြန်မှုကို လျစ်လျူရှုထားကာ ဆက်လက် ဟောပြောနေသည်။

“ငါက အသက်နှစ်ဆယ်ပဲ ရှိသေးတယ်”

ရီရီယွီက မျက်လုံးပြူးပြီး ပြန်ပြောသည်။

သူမတွင် စွဲဆောင်မှုရှိသော ခန္ဓာကိုယ်တစ်ခု ပိုင်ဆိုင်ထားသည်။ အမှန်တကယ်ဆို သူမသည်

အပျိုဖော်ဝင်စ (၁၅) နှစ် အရွယ်မှာပင် ဤခန္ဓာကိုယ်ကို ပိုင်ဆိုင်ပြီးသား ဖြစ်နေပြီးနောက် သူမ၏ခန္ဓာကိုယ်ကို မဖုံးကွယ် နိုင်တော့သဖြင့် သွားလေရာ အရပ်တိုင်းတွင် ယောကျ်ားသားများ၏ ငမ်းခြင်းကို ခံခဲ့ရသည်။

"မိန်းကလေးတွေက အသက် (၁၆) နှစ်ပြည့်တာနဲ့ အရွယ်ရောက်ပြီလို့ သတ်မှတ်ပြီး လက်ထပ်လို့ရတယ်။ အသက်နှစ်ဆယ် ပြည့်သွားတဲ့ လူတွေကျတော့ သူတို့ကို အဒေါ်ကြီးလို့ ခေါ်မယ့်ကလေးတွေ ရှိလာပြီ"

လောလီ၏ စကားကြောင့် လူတိုင်း ဆွံ့အသွား၏။

လောလီက သူမ၏ ထင်မြင်ချက်ကို ကျေကျေနပ်နပ် ပြောနေစဉ် သွေးရဲရဲလေးက လင်းဟွမ်ထံ စိတ်ချင်း ဆက်သွယ်လာသည်။

"သခင်... ချော်ရည်ပူ နဂါးကြီးကို တွေ့ပြီ။ အဲ့ဒီကောင် အခြေအနေ မကောင်းဘူး"

## အခန်း(၃၂၈) - လောင်းကစားသမားနှင့် ဖြတ်လမ်းလိုက်သမား။

အနက်ရောင် နဂါးကြီးသည် မီးတောင်ထဲရှိ ဝိညာဉ်ချော်ရည်ကန် ထဲတွင် ခန္ဓာကိုယ်ကို စိမ်ထားရင်း စိတ်ရှုပ်ထွေးနေသည်။

၎င်းသည် ဤကမ္ဘာပေါ်တွင် အုပ်စိုးသူ ဖြစ်ခဲ့သည်မှာ အချိန်မည်မျှကြာခဲ့ပြီကို မမှတ်မိနိုင်လောက်အောင် နှစ်ပေါင်းများစွာ ကြာရှည်ခဲ့သည်။

ဤကမ္ဘာပေါ်တွင် မည်သူမျှ လက်လှမ်းမမီသော ရွှေမီးလျှံ အဆင့်ကို ရောက်လာခဲ့သည်။

ရွှေမီးလျှံ အဆင့်သည် ဤကမ္ဘာပေါ်တွင် ရောက်ရှိနိုင်သော အမြင့်ဆုံးအဆင့် ဖြစ်ပြီး သန္ဓေနှစ်ကြိမ်ပြောင်း တိမ်နဂါး တစ်ကောင်အနေဖြင့် ဤကမ္ဘာငယ်လေးတွင် ၎င်း၏ စွမ်းရည်သည် အကောင်းဆုံးပင်

မိုက်မဲ၍ တုံးအသော အရိပ်မီးတောက်မြွေနှင့် ကောက်ကျစ်စဉ်းလဲသော ရွှေဖားပြုတ်၏ စကားကို

နားမထောင်ဘဲ တိုက်ခိုက်ခဲ့ပါက ဤကမ္ဘာပေါ်တွင် အကြွင်းမဲ့ အုပ်ချုပ်သူတစ်ယောက် ဖြစ်လာလိမ့်မည်။

ဤကမ္ဘာကြီး၏ တည်ရှိနေသော ရွှေမီးလျှံအဆင့်ထက် ပိုအစွမ်းထက်သော လူတစ်ယောက် ရှိလာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ သန္ဓေနှစ်ကြိမ်ပြောင်း နဂါးသွေးမျိုးဆက်ရှိသော မွန်းစတား တစ်ကောင်အနေနှင့် အဆင့်ခြင်း တူညီသော သန္ဓေသုံးကြမ်ပြောင်း မွန်းစတား တစ်ကောင်နှင့် ရင်ဆိုင်ရလျှင်ပင် သူ့သာအနိုင်ရမည်ဟု ယုံကြည်သည်။

သို့သော်လည်း ချော်ရည်ပူ နဂါးကြီးသည် ဤနေ့၌ ကျဆုံးမှု၏ အရသာကို ခံစားခဲ့ရကာ ရွှေအဆင့်ထိ တက်လှမ်းပြီးနောက် ပထမဦးဆုံး အကြိမ် ရှုံးပွဲ တွေ့ကြုံခဲ့ရခြင်းပင်။ သူ၏ ပြိုင်ဘက်သည် အဆင့်တူ လူသားတစ်ယောက် ဖြစ်သော်လည်း ထိုလူသား၏ ထိုးနှက်ချက် တစ်ခုကိုပင် မခုခံနိုင်ခဲ့ပေ။

ဤသေးသေးသွယ်သွယ် ခန္ဓာကိုယ်နှင့် ကလေး ရုပ်ရည်ရှိသော မိန်းကလေးသည် နတ်ဘုရားကဲ့သို့

အစွမ်းထက်လှပြီး သူမနှင့် တိုက်ခိုက်သည့် မည်သူမဆို ခက်ခဲပေလိမ့်မည်။

အနက်ရောင် နဂါးကြီးသည် အသတ်ခံရလုခါနီး ဖြစ်သွားသည့် အချိန်ကို ပြန်ပြောင်းစဉ်းစားပြီး ကြောက်လန့်ကာ တစ်ကိုယ်လုံး ဆတ်ဆတ်ခါအောင် တုန်သွားသည်။ အကြောက်တရား တစ်ခုတည်း မဟုတ်ပေ။ အမုန်းတရား မီးများလဲ လောင်ကျွမ်းနေသည်။

"ဒီယုတ်မာတဲ့ ကောင်မလေး၊ ငါ့ကို စောက်ရှက်ခွဲတယ်။ အခု ငါ့ရဲ့တိုက်ခိုက်ရေး

အဆင့်က နှစ်ဆင့်ကျသွားပြီး ဒီလို သောက်တလွဲ နေရာကြီးမှာ လာပုန်းနေရတယ်”

အနက်ရောင် နဂါးကြီးသည် သူဘာသာသူ ပြောနေ၍ ခံစားခဲ့ရသော အရှက်ကြောင့် အခြားသူများ သိသွားမည် ကြောက်သည့်အတွက် အသံကျယ်ကျယ်ပင် မပြောရဲချေ။

သူ၏စွမ်းအားကို ယာယီ ကျဆင်းစေနိုင်သည့် စွမ်းရည်အား အသုံးပြုခဲ့သော ဘေးထွက်ဆိုးကျိုးသည် (၇၂) နာရီ ထိအောင် ကြာမြင့်လိမ့်မည့်အပြင် ခန္ဓာကိုယ်ကလည်း

သုံးရက်ခန့် အားနည်းကာ တိုက်ရေးအဆင့်ကလည်း အဆင့်နှစ်ဆင့် ကျဆင်းသွားပေလိမ့်မည်။

ကံကြမ္မာစွမ်းအား၊ လိုအပ်သော စွမ်းရည်နှင့် ကံကြမ္မာ စွမ်းရည်များ အများအပြားကို ချိတ်ပိတ်ထားကာ အပြာရောင် မီးလျှံရှိ မွန်းစတားများ၏ တိုက်ခိုက်ခြင်းကို ခံရမည် ကြောက်သောကြောင့် ပုန်းအောင်းနေခဲ့ရသည်။

"နောက်ထပ် နှစ်ရက်ပါကွာ"

အနက်ရောင် နဂါးကြီးသည် လေထဲသို့ စိုက်ကြည့်နေပြီး

“မင်းကို နိုင်အောင် မတိုက်ခိုက်နိုင်မှာတော့လည်း မွန်းစတားအုပ်ကြီးနဲ့ မင်းကို သတ်မယ်။ မင်းတစ်ယောက်ထဲ မဟုတ်ဘူး လူသားအားလုံး ဒီတန်ဖိုးကို ပြန် ပေးဆပ်စေရမယ်”

.

..

“နဂါးနက်ကြီး ဘယ်မှာ ပုန်းနေတာလဲ”

လင်းဟွမ်က သွေးရဲရဲလေးကို နဂါးနက်အကြောင်း ချက်ချင်း မေးလိုက်သော်

"ဝိညာဉ်မီးတောင်ထဲမှာ ပုန်းနေတယ်။ အခုလက်ရှိ အရမ်း အားနည်းနေတယ်။ ဆိုးဆိုးရွားရွား ဒဏ်ရာ ရထားတယ်လို့တော့ ငါ ထင်တယ်။ သူ့ရဲ့အော်ရာက အပြာရောင်မီးလျှံအဆင့် အထိ ကျဆင်းနေတယ်"

သွေးရဲရဲလေးက သူ၏ လေ့လာ သုံးသပ်ချက်ကို ပြောပြလိုက်လျှင်

"အပြာရောင် မီးလျှံအဆင့်လား"

လင်းဟွမ်သည် သွေးဆောင်ခြင်း ခံလိုက်ရပြီး ဒါသည် အရေခွံချွတ်၍ ထွက်ပြေးခြင်း၏

ဘေးထွက်ဆိုးကျိုး ဖြစ်ကြောင်း သူ ကောင်းကောင်း သိနေသည်။ သုံးရက်သာ ကြာမြင့်မည် ဖြစ်ပြီး သုံးရက်ကျော်သွားပါက တိုက်ခိုက်ရေး အဆင့်သည် ပုံမှန် ပြန်ဖြစ်သွားလိမ့်မည်။ ထိုအချိန်တွင် ဤကဲ့သို့ မွန်းစတားတစ်ကောင်ကို သတ်ဖြတ်ရန် မဖြစ်နိုင်တော့ပေ။

“သူအားနည်းတဲ့ သုံးရက်ထဲက တစ်ရက်တော့ ကုန်သွားပြီ နှစ်ရက်အတွင်း ရအောင် ရှာရမယ်။ ဒီလိုမှမဟုတ်ရင် အခွင့်အရေး ဆုံးရှုံးသွားလိမ့်မယ်”

လင်းဟွမ်သည် မျက်လုံးကို မေးလိုက်ပြီး အနက်ရောင်နဂါးကြီးကို ရှာသင့်လား ဆိုသည်ကို တွေးတောနေသည်။ ချော်ရည်ပူ နဂါးကြီး၏ စွမ်းရည်သည် အဆင့်နှစ်ဆင့် ကျဆင်း သွားသော်လည်း လျှော့တွက်၍ မရပေ။

လင်းဟွမ် စိုးရိမ်နေသော အရာမှာ ၎င်း၏ စွမ်းရည်မဟုတ်ပေ။ ချော်ရည်ပူ နဂါးကြီး သတ်လိုက်ပါ သူရနိုင်မည့် အရာများအတွက် စိုးရိမ်နေခြင်းပင်

"ရှောင်ဖိန် အဆင့်နှစ်ဆင့်ကျော် သတ်နိုင်ရင် ဘယ်လိုဆုတွေ ရမှာလဲ"

လင်းဟွမ်က မေးလိုက်သည်။

"ပုံမှန်အဆင့်ကျော်သတ်ရင် ကျပန်း ဆုကြီးကတ် တစ်ကတ်"

"နှစ်ဆင့်ကျော် သတ်ရင် ကံစမ်းမဲကတ် တစ်ကတ်"

"သုံးဆင့်ကျော် သတ်ရင် ကံစမ်းမဲကတ် သုံးကတ်"

"လေးဆင့်ကျော် သတ်ရင် ကံစမ်းမဲကတ် ငါးကတ်"

"ငါးဆင့်ကျော် သတ်ရင် ကံစမ်းမဲကတ် ဆယ်ကတ်"

"ဒါပေမယ့် ငါက အဆင့်နှစ်ဆင့် လျှော့ကျနေတဲ့ ချော်ရည်ပူနဂါးကို သတ်လိုက်ရင် သုံးဆင့်ကျော် ဒါမှမဟုတ် လေးဆင့်ကျော် သတ်တယ်လို့ သတ်မှတ်မှာလား"

"ချော်ရည်ပူနဂါးက အဆင့်ကျနေတယ် ဆိုပေမယ့် ဒါကယာယီပဲ သူ့ရဲ့တိုက်ခိုက်ရေး

အစွမ်း အစစ်အမှန်က ရွှေမီးလျှံအဆင့်ပဲ အဲ့ဒါကို သတ်နိုင်ရင် လေးဆင့်ကျော် သတ်တယ်လို့ သတ်မှတ်ပြီး ကံစမ်းမဲကတ် ဆယ်ကတ်ရမယ်”

ရှောင်ဖိန်၏ အဖြေကိုကြားလျှင် လင်းဟွမ်၏ အပျော်သည် မိုးပေါ်ကျော်သွား၏။

“ဒါဆိုရင် ငါက ဆုလာဘ် နှစ်ဆကတ်ကို အသုံးပြုလို့ရတယ် မဟုတ်လား”

လင်းဟွမ်က ထပ်မေးလျှင်

"နှစ်ဆကတ်ကို အဆင့်ကျော် သတ်ဖြတ်မှု အားလုံးမှာ သုံးနိုင်တယ်"

"ပြောချင်တာက ငါသာသတ်နိုင်ရင် ကံစမ်းမဲကတ် နှစ်ဆယ် ရမှာပေါ့"

လင်းဟွမ်သည် ဤကဲ့သို့ သွေးဆောင်ဖြားယောင်းမှု ဒဏ်ကိုမခံနိုင်ပေ။

"ငါ လုပ်မယ်"

အဝေးမှ မီးတောင်ထဲတွင် ပုန်းအောင်းနေသော ချော်ရည်ပူနဂါးကြီးသည် လင်းဟွမ်က သူ့ကို

အကြောင်းပြုပြီး သူဌေးဖြစ်ရန် ကြံဆောင်နေကြောင်း မသိပေ။

လင်းဟွမ်သည် လေ့ကျင့်မှု ပြီးဆုံးပြီးနောက် ဆုကြေး အဆပေါင်းများစွာ ရရှိရန်အတွက် မစ္စတာဖူးထံ ကံကြမ္မာစွမ်းအား ချိတ်ပိတ်ထားသော ရွှေရောင် မီးလျှံအဆင့် မွန်းစတားတစ်ကောင်ကို တောင်းဆိုပြီး သတ်ပြစ်ရန် စဉ်းစားနေသည်။

ရှောင်ဖိန်က လင်းဟွမ်၏အတွေးကို သတိထားမိကာ

“စနစ်ရဲ့ ဆုပေးရတဲ့ ရည်ရွယ်ချက်က မင်းကိုယ်မင်း ပိုအားကောင်းလာအောင် တွန်းအားပေးဖို့ပဲ။ စနစ်က လိမ်လည်လှည့်ဖျားဖို့အတွက် အားပေးနေတာ မဟုတ်ဘူး။ လူသားတွေက ဖြတ်လမ်းကို ရှာတွေ့တာနဲ့ နောက်ထပ် ဖြတ်လမ်းတွေကို အမြဲတမ်း ရှာနေတော့တာပဲ။ ဒါက လူသားတွေရဲ့ အဆိုးဘက်အခြမ်းပဲ။ ဖြတ်လမ်းတွေ ရှာရင်း ရှာရင်းနဲ့အချိန်တွေ ကုန်သွားပြီး ဦးတည်တဲ့ လမ်းကြောင်းနဲ့ ဝေးသွားတတ်တယ်။ အမြဲတမ်း ဖြတ်လမ်းရှာတဲ့ လူတစ်ယောက် မဖြစ်ဖို့

မျှော်လင့်ပါတယ်။ ကြိုးစားပြီး ရလာတဲ့ အောင်မြင်မှုကသာ တန်ဖိုး အရှိဆုံးပဲ”

“ဒါက မင်းအတွေးလေ။ ဘာဖြစ်လို့ ငါ့ကို ဘဝသင်ခန်းစာတွေ လာသင်ပေးနေတာလဲ”

လင်းဟွမ်သည် ရှောင်ဖိန်၏ စကားကိုကြားလျှင် ရက်ပြီး ပြုံးလိုက်သော်လည်း မကြာခင် လေးနက်သော အတွေးတစ်ခု တွေးလိုက်မိကာ

ကမ္ဘာပေါ်တွင် ရှိစဉ်က လုပ်သင့်လုပ်ထိုက်တာကို လုပ်ရမည့်အစား ဖြတ်လမ်းများသာ အမြဲတမ်း ရှာဖွေနေသောလူ အများကြီးကို တွေ့ခဲ့ဖူးသည်။

သူတို့သည် ကာစီနိုဝိုင်း များထဲမှ လောင်းကစားသမားများပင်

လောင်းကစားခြင်းသည် ချမ်းသာနိုင်သော်လည်း အများအားဖြင့် မိသားစု၏ဝင်ငွေကို ချွတ်ခြုံကျပြီး ကိုယ့်ကိုကိုယ် သတ်သေ သွားစေနိုင်၏။

လင်းဟွမ်သည် အဆိုပါ လောင်းကစားသမားများသည် လောင်းကစားဝါသနာပါသောကြောင့် အသက်မွေးဝမ်းကြောင်းအဖြစ် လောင်းကစားလုပ်ရန် စိတ်ကူထားသော်လည်း သန်းကြွယ်သူဌေး မဖြစ်ပါက

၎င်းတို့၏ မိသားစုကို ကျွေးမွေးရန် သေချာပေါက် လုံလောက်လိမ့်မည်ဟု တွေးနေသည်။

ဖြတ်လမ်းလိုက်သူသည် ရုံဖန်ရုံခါ လက်ခံနိုင်သော်လည်း အမြဲတမ်း ဖြတ်လမ်း အသုံးပြုချင်သော လောင်းကစားများနှင့် မတူပေ။ အကျိုးဆက်က ရုပ်ဆိုးသွားစေနိုင်သည်။

"လင်းဟွမ် မင်းဘာတွေ တွေးနေတာလဲ"

ရီရီယွီက သူ့မျက်နှာရှေ့တွင် လက်ဝှေ့ယမ်းပြပြီး ပြောလိုက်လျှင်

“ဘာမှ မဟုတ်ဘူး”

လင်းဟွမ်သည် အတွေးထဲမှ ရုန်းထွက်ပြီးနောက် လီလန်နှင့် ရီရီယွီတို့ စကားပြောဆိုခြင်း အဆုံးသတ်သွားပြီ ဖြစ်ကြောင်း သိလိုက်သည်။

လီလန်သည် စစ်ဆေးသူ နှစ်ယောက်ထံ ပြန်သွားသည်။

လေ့ကျင့်ရေး ဆက်မလုပ်ရန် ဆုံးဖြတ်ထားသော လေ့ကျင့်သူ ငါးဆယ်မှလွဲ၍ ကျန်သည့်လူများ ကျန်ရှိနေသေးသဖြင့် လက်တွေ့တွင် အကဲဖြတ်မှုကို

ဆက်မလုပ်ရန် မဲပေးခဲ့ကြသော လူများသည် ထူးဆန်းသည့် အမူအရာများဖြင့် ဖြစ်နေကြသည်။

လင်းဟွမ်သည် ကျန်သည့် လူများကို ကြည့်လိုက်ရာ အများစုမှာ သန့်ရှင်း မီးလျှံအဆင့်သို့ ရောက်သွားကြောင်း တွေ့ရပြီး ဟင်းလင်းပြင် အပျက်အစီးနေရာတွင် သူတို့လိုချင်သော အရာကို ရရှိသွားပြီ ဖြစ်သောကြောင့် ဆက် နေစရာ မလိုတော့ပေ။

"သွားကြစို့"

လင်းဟွမ်သည် သူတို့ သုံးယောက်ကို လူအများက လက်လျှော့လိုက်ပြီဟု အထင်မမှားချင်သောကြောင့် ရီရီယွီနှင့် လီလန်ကို လက်ပြပြီးခေါ်ကာ ထွက်သွားလိုက်သည်။

## အခန်း(၃၂၉) - မှတ်ချက် မရှိ။

တာဝန်တင်ပြရမည့် နေရာမှ ထွက်လာသည့်အချိန်၌ လင်းဟွမ်သည် ချော်ရည်ပူ နဂါးကြီးကို သူ့ဘာသာ သူတစ်ယောက်တည်း သတ်ရန် ဝိညာဉ် မီးတောင်သို့ သွားဖို့ တွေးနေခဲ့သည်။

သူသာ ရတ်တရက် ထွက်သွားခဲ့လျှင် လီလန်နှင့် ရီရီယွီတို့ကို ဤအကြောင်း သိအောင် ပြောခဲ့ရန် စဉ်းစားထားသည်။ ချော်ရည်ပူ နဂါးကြီးသည်

အဆင့်ကျသွားသည် ဆိုသော်လည်း ရွှေမီးလျှံအဆင့် မွန်းစတားတစ်ကောင် ဖြစ်နေဆဲပင်။ ထို့အပြင် သူတို့ အုပ်စုနောက်တွင် ပြည်ထောင်စုအစိုးရ နတ်ဆိုး သတ်ဖြတ်သူ ဝန်ထမ်းလည်း ရှိနေသောကြောင့် သူစိမ်းတစ်ယောက် ရှေ့တွင် သူ့စွမ်းရည်များကို မထုတ်ပြချင်ပေ။

သူတို့သည် တာဝန်တင်ပြသည့် နေရာမှ ထွက်လာပြီး ခပ်လှမ်းလှမ်းသို့ ရောက်လာသောအခါ လီလန်က

"ငါတို့ ဘယ်သွား ကြမှာလဲ" ဟု မနေနိုင်ဘဲ မေးလိုက်သော်

"ရီရီယို့ လေ့ကျင့်ဖို့အတွက် မီးဒြပ်စင် မဟုတ်တဲ့ မွန်းစတားတစ်ကောင် ငါ တွေ့ထားတယ်"

လင်းဟွမ်သည် စကားကို ခတ္တ ရပ်တန့်လိုက်ပြီး

"ဒါပေမယ့် ငါ့မှာ လုပ်စရာ တစ်ခုရှိနေလို့ မင်းတို့ကို အဲ့ဒီနေရာ ပို့ပြီးရင် ခဏလောက် ထွက်သွားမယ်"

လင်းဟွမ်က ဆက်ပြောလိုက်လျှင်

"မင်းကို အဖွဲ့ထဲက ထွက်မသွားဖို့ ငါ အကြံပေးတယ်။ ငါ အဖွဲ့နှစ်ဖွဲ့ကို တစ်ပြိုင်နက်တည်း လိုက်မကြည့်နိုင်ဘူး"

လင်းဟွမ်၏စကားကို ကြားသောအခါ သူတို့နောက်မှလိုက်နေပါသော ဖဲသမား မျက်နှာကဲ့သို့ ခံစားချက် ကင်းမဲ့နေသော မျက်နှာနှင့် ဝန်ထမ်းက

"တကယ်လို့ မင်းက ဇွတ်အတင်း ထွက်သွားမယ်ဆိုရင် ငါက လူပိုများတဲ့ အဖွဲ့နောက်ကို လိုက်ရမှာ ငါ့တာဝန်ပဲ။ မင်းရဲ့ဘေးကင်းရေးမှုက မင်းရဲ့တာဝန်"

“သတိပေးလို့ ကျေးဇူးတင်ပါတယ်။ ငါ့မှာ ကိုယ့်ကိုကိုယ် စောင့်ရှောက်နိုင်စွမ်း ရှိပါတယ်။ ဒါကြောင့် ကျေးဇူးပြုပြီး သူတို့ နှစ်ယောက်ကို ဂရုစိုက်ပေးပါ”

ထိုဝန်ထမ်း၏ သဘောထားမှာ မကျေနပ်စရာ ကောင်းသော်လည်း လင်းဟွမ်က သူ့အပေါ် အမုန်တကယ် စေတနာထားနေကြောင်း သိနေသဖြင့် သူ့ကြင်နာမှုကို မငြင်းပယ်ချင်ပေ။

ထို့နောက် ဖဲသမားမျက်နှာသည် ရီရီယွီနှင့် လီလန်တို့ကို ကြည့်လိုက်ရာ သူတို့နှစ်ယောက်က မတားသဖြင့် သူလည်း ဘာမှ ထပ်မပြောတော့ပေ။

ထို့နောက် လင်းဟွမ်သည် အနက်ရောင်နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းမှ အပြာရောင်ပြောင်းထားသည့် ဓါတ်ကြွင်းကို ဆင့်ခေါ်လိုက်သည်။

“လင်းဟွမ် မင်းရဲ့ ဓါတ်ကြွင်းက ဘယ်လိုဖြစ်တာလဲ”

လင်းဟွမ်၏ နေရာကူးပြောင်းခြင်း ခါတ်ကြွင်းက အရောင် ပြောင်းသွားသည်ကို မြင်သောအခါ လီလန်က မေးလိုက်သော်လည်း ရီရီယွီက သူ့လက်မောင်းကို ဖျစ်ညှစ်လိုက်သည်။

"ဘာလို့ ငါ့ကို ဆိတ်တာလဲ"

"ဘာလဲ ငါ မလုပ်ပါဘူး"

ရီရီယွီက အရူးကွက်နင်းပြီး ငြင်းလိုက်သည်။

"ဟုတ်ပြီလေ"

လီလန်က ရီရီယွီ၏ တင်းမာနေသော အမူအရာကို မြင်ပြီးနောက် အစ ထပ် မဆွဲရဲတော့ပေ။

"ဒါဆိုလဲ သွားရအောင်"

လင်းဟွမ်သည် နေရာ ကူးပြောင်းခြင်း ခတ်ကြွင်းကို ဖွင့်လိုက်ပြီး မကြာခင် သူတို့ လေးယောက်သည် ခါတ်ကြွင်း ထဲသို့ ဝင်သွားပြီးနောက် ခတ်ကြွင်းလည်း ပျောက်ကွယ် သွား၏။

အမှန်တကယ်ဆို ပုံမှန် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းများသည် အရောင် ချိန်းရန်

မလိုအပ်သောကြောင့် အရောင် ပြောင်းလဲခြင်း လုပ်ဆောင်ချက်များ မပါဝင်ကြပေ။

ခါတ်ကြွင်းတစ်ခုကို ပြုလုပ်ရသော သတ္တုများ ကိုယ်တိုင်က ဈေးကြီး၍ ပုံစံပြောင်းလဲနိုင်သော ပစ္စည်းများကို ထည့်သွင်း ကိုင်တွယ်ပါက ထုတ်လုပ်ရေး လုပ်ငန်းစဉ်ကို ပို၍ ရှုပ်ထွေး စေသည်။

ဒါသည် ခါတ်ကြွင်း တစ်ခု ဖန်တီး ထုတ်လုပ်ရာတွင် ကုန်ကျစရိတ်ကို အဆ အနည်းငယ် မြင့်တက်စေသည်။ ထို့ကြောင့် ပုံစံနှင့် အရောင်

ပြောင်းလဲနိုင်သော လုပ်ဆောင်ချက်ပါရှိသည့် နေရာကူးပြောင်းခြင်း ခေတ်ကြွင်းများသည် ပုံမှန် နေရာကူးပြောင်းခြင်း ခေါတ်ကြွင်း တစ်ခုထက် ဈေးနှုန်းမှာ လေးဆမှ ခြောက်ဆအထိ ပိုများသည်။

အမှန်တကယ်ဆို အဆင့်တူ ခေါတ်ကြွင်းများထက် အနည်းဆုံး သုံးဆခန့် ပိုဈေးကြီးကာ နှမြောစရာကောင်းသော ငွေပမာဏ ဖြစ်သောကြောင့် ထိုကဲ့သို့ ထူးခြားသော နေရာကူးပြောင်းခြင်း ခေါတ်ကြွင်းကို ဝယ်ယူကြမည် မဟုတ်ပေ။

သို့သော်လည်း ဈေးရောင်းသူများက ပစ်မှတ်ကို ကောင်းကောင်း သိကြသည်။ မစ္စတာဖူးသည် ဤကဲ့သို့ ဆန်းကြယ်သော ပစ္စည်းများအတွက် ပြီးပြည့်စုံသော ပစ်မှတ် တစ်ခုပင်။

ထို့အပြင် သူ့ထံတွင် အင်မတန် ပိုက်ဆံ ပေါများသည်။ ထို့ကြောင့် နေရာကူးပြောင်းခြင်း ခေတ်ကြွင်းကို အရောင်ကိုးမျိုး ပြောင်းလဲနိုင်ကြောင်း မိတ်ဆက်လိုက်သည်နှင့် နှစ်ခါပြန် မစဉ်းစားဘဲ အကုန် ဝယ်ယူခဲ့ပြီး အနက်ရောင် ခေတ်ကြွင်း

တစ်ခုကို လင်းဟွမ်အား လက်ဆောင် အဖြစ် ပေးခဲ့ခြင်းပင်

လင်းဟွမ်သည် သူတို့နှင့်အတူ ဖဲသမားမျက်နှာ ဝန်ထမ်း ရှိနေသောကြောင့် အရောင်နှင့်ပုံစံကို ရည်ရွယ်ချက်ရှိရှိ ပြောင်းလဲခဲ့သည်။ လောလီ၏ ခွဲခြမ်း ဆုံးဖြတ်နိုင်စွမ်းအရ သူ့ကို ပြည်ထောင်စု အစိုးရမှ ဝန်ထမ်းများသည် နတ်ဘုရား သွေးမျိုးဆက် ပိုင်ဆိုင်သော မွန်းစတားနှင့် မတွဲမိစေရန် အထူး သတိထားနေရသည်။

လောလီနှင့် ကျန်သည့် ဝန်ထမ်းများသည် နတ်ဘုရား သွေးမျိုးဆက်ပါသော မွန်းစတားကို တွေ့ရှိခဲ့သည့်အကြောင်းကို ပြည်ထောင်စု အစိုးရထံ သေချာပေါက် တင်ပြကြလိမ့်မည်။ ပြည်ထောင်စု အစိုးရကလည်း အစီရင်ခံစာကို ရသည်နှင့် စေ့စပ် သေချာစွာ စုံစမ်းစစ်ဆေးမှု ပြုလုပ်သွားနိုင်သည်။

ထို့ကြောင့် လင်းဟွမ်သည် နတ်ဘုရားသွေးမျိုးဆက် ပါသော မွန်းစတားနှင့် ဆက်စပ်နေသည့် အကြောင်းအရာ အားလုံးကို

သဲလွန်စပျောက်၊ ခြေရာ ဖယ်ရှားပစ်ရန် ကြိုးစားနေရခြင်းပင်။

သူတို့သည် အပြာရောင် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းထဲသို့ လမ်းလျှောက် ဝင်သွားပြီးနောက် ချော်ရည်ကန်လေး တစ်ခုနှင့် မနီးမဝေးတွင် ရှိနေသော နေရာ၌ ပေါ်လာသည်။

"ငါတို့က ဒီတစ်ခေါက် ဘာရှာကြမှာလဲ"

လီလန်သည် ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်ရာ ဘာမှ မမြင်သဖြင့် မေးလိုက်စဉ်

"အဆိပ် တငွေ့ငွေ့လောင် ဖားပြုတ်"

လင်းဟွမ်က ချော်ရည်အိုင်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်သည်။

အဆိပ် တငွေ့ငွေ့လောင် ဖားပြုတ်သည် သန္ဓေ တစ်ကြိမ်ပြောင်း မွန်းစတားဖြစ်သည်။ ၎င်း၏ နာမည်တွင် 'တငွေ့ငွေ့လောင်' စကားလုံး ပါရှိသော်လည်း မီးဒြပ်စင် မဟုတ်ပေ။ အဆိပ် အမျိုးအစား မွန်းစတားမျှသာ

အဆိပ် ထုတ်ယူရန် အပူစွမ်းအင်ကို စုပ်ယူနိုင်ပြီး မီးအဆိပ်ဟု ခေါ်သော်လည်း အမှန်တကယ်တွင်

မီးစွမ်းအင် မဟုတ်ဘဲ အဆိပ်နှင့် ပြုလုပ်ထားခြင်းပင်။

ထိုအဆိပ်၏ တစ်မူ ထူးခြားနေရသော အကြောင်းအရင်းမှာ လူခန္ဓာကိုယ်ထဲသို့ ဝင်သွားသည်နှင့် ပြင်းထန်သော ပူလောင်မှု ဝေဒနာကို ခံစားရခြင်းပင်။ ပူလောင်လာသည်နှင့် အမျှ နာကျင်မှုသည်လည်း ပြင်းထန်လာသည်။

အဆိပ်မိသော သားကောင်သည် ပြင်းထန်စွာ ရေခာတ် ခြောက်ခန်းပြီး သေသည့်အထိ ဖြစ်တတ်သည်။

အဆိပ် တငွေ့ငွေ့လောင် ဖားပြုတ်သည် အဖွဲ့ခွဲ(၇) တွင် ကြိမ်ဖန်များစွာ ပေါ်ထွက်ခဲ့ဖူးသောကြောင့် ရီရိယွီနှင့် လင်းဟွမ် တို့အတွက် မစိမ်းကြပေ။

"ဒီချော်ရည် ကန်ထဲမှာလား"

လီလန် စိတ်လှုပ်ရှားနေသောကြောင့်

"အလျင်လိုစရာ မလိုဘူး ငါမသွားခင် မင်းဆီက ပစ္စည်းတွေ ဝယ်ရဦးမယ်"

လင်းဟွမ်က လီလန်ကို ပြောလိုက်လျှင်

"ဘာ"

လီလန်သည် လင်းဟွမ်၏ ထူးဆန်းသော တောင်းဆိုမှုကြောင့် တွေဝေသွားကာ

"မင်းမှာ ချူးကလီးယားဗုံး ဘယ်နှစ်လုံး ရှိသေးလဲ။ ငါ လိုချင်တယ်။ အားလုံးပဲ"

ဒါသည် သေးငယ်သော တောင်းဆိုချက် မဟုတ်သည်မှာ သေချာသည်။

လင်းဟွမ်သည် သွေးရဲရဲလေးထံမှ အနက်ရောင် နဂါးကြီးသည် ဝိညာဉ် မီးတောင်ထဲတွင်

ပုန်းအောင်းနေကြောင်း သိလိုက်သည်နှင့် နဂါးနက်ကြီးကို ဆွဲခေါ်ထုတ်ရန်နှင့် ပထဝီ မြေပြင် အနေအထား အားသာချက်များကို ဖျက်ဆီးရန် နျူကလီးယားဗုံးကို အသုံးပြုဖို့ အကြံရလိုက်၍

“အာ အဲ့ဒီအရုပ်က ငါ့မှာ နှစ်ခုပဲကျန်တော့တာ”

လင်းဟွမ်က သူ့ကို စကားတစ်ခွန်း မပြောဘဲ စိုက်ကြည့်နေရာ လီလန်သည် ကိုယ့်ကိုကိုယ် အပြစ်ရှိသလို ခံစားလာရပြီး

“ကောင်းပြီ ကောင်းပြီ ငါ့မှာ သုံးခုရှိသေးတယ်”

လင်းဟွမ်က လီလန်ကို ပါးစပ်ပိတ်ပြီးသာ စိုက်ကြည့်နေပြီး လိမ်နေကြောင်း သိနေသည်။ လီလန်သည် လိမ်ညာတတ်သော်လည်း လိမ်ညာတိုင်း သတိမထားမိဘဲ နှုတ်ခမ်းကိုက်တတ်ခြင်းပင်

"ဟုတ်ပြီ ဟုတ်ပြီ ငါ့မှာ ငါးခုရှိတယ် အားလုံးမင်းကို အလကား ပေးလိုက်မယ်"

လီလန်တွင် ပိုက်ဆံမရှားသဖြင့် အားလုံးကို အလကား ပေးလိုက်သည်။ သူသည် မှောင်ခိုဈေးကွက်ထဲ၌ ချူကလီးယားဗုံး ရရှိရန်

ကံကြမ္မာ သလင်းကျောက် နှစ်ဆယ်အောက်သာ အသုံးပြုခဲ့ရသည်။

"ဒါဆိုလဲ ကျေးဇူးတင်ပါတယ်။ ငါတို့ အပြင် ပြန်ထွက်ရင် မင်းကို ထမင်းကျွေးမယ်"

လင်းဟွမ်သည် လီလန်ကို ပိုက်ဆံကမ်းလှမ်းလျှင် လက်ခံမည် မဟုတ်ကြောင်း သိနေသဖြင့် ထမင်းကျွေးရန် ကတိ ပေးလိုက်၏။

လီလန်သည် အစောပိုင်းက အဖြစ်အပျက်ကို သင်ခန်းစာယူရင်း ချွေးကလီးယားဗုံး ငါးလုံးကို ဂရုတစိုက် ထုတ်ယူ၍ လင်းဟွမ်ထံ ပေးလိုက်သည်။

လင်းဟွမ်သည် ချူးကလီးယားဗုံးကို သိမ်းနေစဉ် ကြောက်ရွံ့မှုကို ခံစားနေရသည်။ ဗုံးများသည် ရှေးခေတ်ကတည်းက တည်ရှိနေခဲ့ပြီး ပေါက်ကွဲသွားပါက အဆုံးသတ် ဆိုးရွားသွားပေလိမ့်မည်။

"ဟိတ် မင်းက ဘာကို အမဲလိုက်ဖို့ စဉ်းစားထားတာလဲ။ ဘာဖြစ်လို့ ဒါတွေအားလုံး လိုရတာလဲ"

လီလန် သိချင်လာသည်။

ရီရီယွီလည်း လင်းဟွမ်ကို စိုက်ကြည့်နေကာ ဗုံးက မည်မျှ အစွမ်းထက်ကြောင်း

မှတ်မိနေသေးသည်။ ဗုံးတစ်လုံး ဆိုလျှင်ပင် တော်တော်လေး လုံလောက်ပေသည်။

"ဒါက လျှို့ဝှက်ချက်"

လင်းဟွမ်က ဆန်းကြယ်စွာပြုံးလိုက်ပြီး ဘာမှ ထုတ်မပြောပေ။

"လင်းဟွမ် အခု မင်းဘက်က မရှိးသားတော့ဘူး။ ငါက မင်းကို ဗုံးပေးလိုက်ရတော့ ငါ့မှာ သိပိုင်ခွင့်ရှိတယ်"

လီလန်က ကန့်ကွက်လိုက်လျှင်

“မှတ်ချက် မရှိ”

လင်းဟွမ်က အပြာရောင် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်ပြီး လျှောက်သွားရင်း တောက်ပစွာ ပြုံး၍

“တ၁တာ”

သုံးယောက်လုံးကို လက်ပြ နှုတ်ဆက်ခဲ့သည်။

## အခန်း(၃၃၀) - ချူကလီးယားဗုံး နောက်တစ်ကြိမ် ဖောက်ခွဲခြင်း။

လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ကို လေထဲတွင် ရပ်တန့်လိုက်ပြီး ဆယ်ကီလိုမီတာ အကွာ၌ ရှိနေသော မီးတောင် ထိပ်ဝကို လှမ်းချောင်းကြည့်လိုက်သည်။ သွေးရဲရဲလေး၏ ပြောကြားမှုအရ ဒါသည် ချော်ရည်ပူနဂါး၏ တည်နေရာ အတိအကျပင်

သို့သော်လည်း လင်းဟွမ်သည် မီးတောင်အနီးသို့ မသွားခဲ့ပဲ ထိုအစား သွေးရဲရဲလေးကိုသာ ညွှန်ကြားလိုက်သည်။

"သွေးရဲရဲလေး.. မင်းရဲ့ ကပ်ပါးကောင် မွန်းစတားထဲက ပျံသန်းနိုင်တဲ့ ကပ်ပါးကောင် ငါးကောင်ကို လွှတ်လိုက်.."

"သခင်.. မင်း စဉ်းစားနေတာက.."

လင်းဟွမ်၏ ညွှန်ကြားကို ကြားသောအခါ သွေးရဲရဲလေးသည် အကျီလက်စထဲမှ ထွက်လာပြီး လှမ်းကြည့်လိုက်ချိန်တွင်

"အရင်တစ်ခေါက်က ချူကလီးယားဗုံး ခွဲတာ အချင်း၀က် ကီလိုမီတာ (၃၀) အထိ သက်ရောက်မှု ရှိခဲ့တယ်။ အခု ငါက ဗုံးငါးခုပေါင်းပြီး ပစ်မှာဆိုတော့ ပိုအားကောင်းပြီး သက်ရောက်မှုက ပိုကျယ်ပြန့်လာ လိမ့်မယ်။"

" ဗုံးပေါက်ကွဲသွားတဲ့ အရှိန်က အလက်ဇန္ဒြား လင်းယုန်ရဲ့ အရှိန်နဲ့တောင် အချိန်မီ ထွက်ပြေးနိုင်မှာ မဟုတ်ဘူး။ အဲ့ဒါကြောင့် ကပ်ပါးကောင်တွေကို ခေါ်ပြီးပစ်ခိုင်းရင် ပိုလုံခြုံလိမ့်မယ်"

လင်းဟွမ်က သွေးရဲရဲလေး၏အတွေးကို သိသဖြင့် ရှင်းပြလိုက်သော်

"ဒါပေမယ့် ငါ ဗုံးတွေမပစ်ခင် အထဲမှာ ချော်ရည်ပူနဂါး ရှိနေလားဆိုတာ သေချာအောင် လုပ်ရမယ်။ အဲ့ဒီလိုမှမဟုတ်ရင် နျူကလီယားဗုံး ငါးလုံး ဖြုန်းတီးသလို ဖြစ်သွားမယ်"

ချော်ရည်ပူ နဂါးသည် အားနည်းနေသော အခြေအနေကြောင့် မီးတောင်ထဲမှ ထွက်ခွာရန် မဖြစ်နိုင်သော်လည်း လင်းဟွမ်သည် မစွန့်စားချင်ပေ။ မတိုက်ခိုက်ခင် ရှိနေကြောင်း အတည်ပြုချင်သည်။

"ကောင်းပြီ.. ငါ စီစဉ်လိုက်မယ်.. နာရီဝက်အတွင်း ပြီးအောင် လုပ်လိုက်မယ်"

သွေးရဲရဲလေးက သူ ဘာလုပ်ရမလဲ ဆိုသည်ကို သိသွားပြီး ချက်ချင်း တုံ့ပြန်လိုက်၏။

လင်းဟွမ်သည် သွေးရဲရဲလေး၏ အစီအစဉ်ကို စိတ်ရှည်စွာ စောင့်ဆိုင်းရန် အလက်ဇန္ဒြား လင်းယုန်ကို ကျော့ပွတ်ကာ မီးတောင်ထိပ်ဝနားသို့ ဆင်းသက် ခိုင်းလိုက်သည်။

ဆယ်မိနစ်ခန့် ကြာသောအခါ ပိုးတောင်မာ တစ်ကောင်သည် လင်းဟွမ် အနားသို့ ပျံသန်းလာသောကြောင့်

“ဒါက ပေါက်ကွဲခြင်း ပိုးတောင်မာ မဟုတ်လား..”

လင်းဟွမ်သည် ထိုပိုးကောင်ကို လှမ်းကြည့်လိုက်ရာ ကပ်ပါး လက်ခံကောင် တစ်ကောင် ဖြစ်နေကြောင်း သိလိုက်သည်။ ပေါက်ကွဲခြင်း ပိုးတောင်မာသည် ချော်ရည်ပူများ အနားတွင် နေထိုင်သော သက်ရှိတစ်မျိုးပင်

၎င်းသည့် မွေးဖွားစဉ်ကပင် အဖြူရောင်ဖြစ်ပြီး ငွေအဆင့် ရှိကြသည်။ ချော်ရည်ကို အဓိက စားသုံးသဖြင့် ဝိညာဉ် ချော်ရည်များသည် ၎င်းတို့၏ အကြိုက်ဆုံး အစားအသောက် ဖြစ်သည်။

လုံလောက်သော ဝိညာဉ်ချော်ရည် ပမာဏကို စားသောက်ပြီးပါက အရွယ် ရောက်လာပြီး ပိုးစုန်းကြူးများကဲ့သို့ ကြီးထွားလာကာ အနီရောင် ပြောင်းသွားသည်။ ဒါသည် အရွယ်ရောက်လာပြီး ရွှေအဆင့်သို့ တက်လှမ်းသွားခြင်းပင်။

သို့သော်လည်း ထိုမွန်းစတားများသည် ၎င်းတို့ နယ်မြေထဲကို ကျူးကျော် ဝင်ရောက်လာသည်နှင့် တိုက်ခိုက်တတ်သောကြောင့် သာမန် ပိုးစုန်းကြူးများထက် အန္တရာယ် များသည်။

သေခြင်းတရားကို မကြောက်ရွံ့ ကြပေ။ ကြောက်စရာ အကောင်းဆုံးအချက်မှာ ကိုယ့်ကိုယ်ကို မီးလောင်နိုင်သော စွမ်းရည် ပိုင်ဆိုင်ထားခြင်းပင်။

ပေါက်ကွဲခြင်း ပိုးတောင်မာသည် အရွယ်ရောက်သွားသည်နှင့် ၎င်းတို့၏ ပေါက်ကွဲ လောင်ကျွမ်းနိုင်သော စွမ်းအားသည် သန့်ရှင်း

အဖြူရောင် မီးလျှံအဆင့် မွန်းစတားတစ်ကောင်၏ အဆုံးစွန်သော လှုပ်ရှားမှုနှင့် ယှဉ်နိုင်သည်။

"ပေါက်ကွဲခြင်း ပိုးတောင်မာက အကောင်သေးသေးလေး ဖြစ်နေလို့ သတိထားမိဖို့ ခက်ခဲတယ်"

သွေးရဲရဲလေးက ရှင်းပြလိုက်သော်

"အရမ်း ကောင်းတယ်"

လင်းဟွမ်က ကျေနပ်အားရစွာ ခေါင်းညိတ်လိုက်၏။

ယခုအခါမှသာ သွေးရဲရဲလေးက လက်ခံကောင် ရွေးချယ်သည့်နေရာ၌ ဇီဇာ ကြောင်နေရသော အကြောင်းအရင်းကို သိသွားသည်။

သွေးရဲရဲလေးသည် မွန်းစတား စွယ်စုံကျမ်းကို ဖတ်ပြီးနောက် ကပ်ပါးကောင်းများ အသုံးပြုသည့် နေရာနှင့် ပက်သက်၍ အသိပညာ ဗဟုသုတများ တိုးတက်လာခဲ့သည်။

သူသည် ကပ်ပါးကောင်များကို ထိန်းချုပ်ချင်ပါက ထိုသို့ မလုပ်ဆောင်ခင် ပတ်ဝန်းကျင်နှင့် အသင့်လျော်ဆုံး အလိုက်ဖက်ဆုံး လက်ခံကောင်ကို

ရွေးချယ်ပြီး သူတို့ စုံစမ်းထောက် လှမ်းမည့် မွန်းစတား၏ တုံ့ပြန်မှုကိုပင် ထည့်သွင်း စဉ်းစားလာနိုင်ခဲ့သည်။

ဤကဲ့သို့ လုံလုံလောက်လောက် ခွဲခြမ်းစိတ်ဖြာ ထားသောကြောင့် လက်ခံကောင်၏ တည်ရှိမှုကို ဖော်ထုတ်နိုင်ချေ နည်းပါးခြင်းပင်

သွေးရဲရဲလေး၏ ထိန်းချုပ်မှုအောက်တွင် ပေါက်ကွဲခြင်း ပိုတောင်မာသည် ခပ်လှမ်းလှမ်းတွင် ရှိနေသော မီးတောင်သို့ ပျံသန်းသွားပြီး ပျံသန်းသည့် အရှိန်မှာ နှေးကွေးသဖြင့်

မီးတောင်ထိပ်ဝသို့ ရောက်ရန် ဆယ်မိနစ်ခန့် အချိန်ယူခဲ့ရသည်။

ပေါက်ကွဲခြင်း ပိုးတောင်မာက မီးတောင်ထိပ်ဝသို့ မရောက်ခင် လင်းဟွမ်နှင့် မနီးမဝေး မီးတောင်ထိပ်ဝတွင် အပုပ်ကောင် လင်းတ ငါးကောင်တန်းစီပြီး ရပ်နေသည်။

ထို အပုပ်ကောင် လင်းတသည် ရွှေအဆင့်မွန်းစတားပင်

မျှော်လင့်ချက် အရိုးဝိညာဉ်တွင် ပါသော သန့်စင်သည့် အရိုးများနှင့် အလွန်ကွာခြားသော ငှက်တစ်မျိုး ဖြစ်သည်။

ငင်းငှက်များသည် နွေရာသီထဲတွင် ပစ်ထားသော အရိုးကဲ့သို့ ပုပ်ပွနေသော အနံ့အသက်များ ထွက်ပေါ်နေပြီး မည်သူမျှ အနံ့ မခံနိုင်လောက်အောင် နံလွန်းသည်။

သဘောတရား အရဆိုလျှင် ဤအရိုးများသာ ရှိသော ငင်းတို့၏ အတောင်များသည် မပျံသန်း နိုင်သင့်ပေ။ သို့သော်လည်း ထိုငှက်များသည်

ပျံသန်းရန် ကြိုးစားသည့်အခါ ၎င်းတို့၏ အတောင်ပံအတွင်းသို့ ကံကြမ္မာစွမ်းအားများ ထည့်သွင်းကြရသည်။

"ငါက အပုတ်ကောင် လင်းတ ငါးကောင်ကို အတူတူ ပျံသန်းခိုင်းဖို့ စဉ်းစားထားတာ ဒါမှ နဂါးနက်က ထူးထူးခြားခြား မခံစားမိမှာ.."

သွေးရဲရဲလေးက ရှင်းပြသည်။

"ငါတို့က အလစ်ချောင်းတိုက်ခိုက်တယ် ဆိုပေမယ့် သတိပေါ့တဲ့အချိန် တိုက်ခိုက်ရင် အကောင်းဆုံးပဲ.."

သွေးရဲရဲလေးနှင့် အတွေးတူနေသည်။

မွန်းစတားအများစုသည် ကန့်သတ် အကွာအဝေး တစ်ခုအတွင်းသို့ ဝင်လာသည့် သက်ရှိများ၏ လှုပ်ရှားသွားလာမှုကို သိရှိနိုင်သော်လည်း ထိုအထဲတွင် ချူကလီးယားဗုံးကဲ့သို့ သက်မဲ့ အရာဝတ္ထုများ မပါဝင်ပေ။

ချော်ရည်ပူနဂါးသည် အပုပ်ကောင် လင်းတများ သယ်ဆောင်သွားသော ချူကလီးယားဗုံးကို မမြင်သဖြင့် သတိထားမိရန် မဖြစ်နိုင်ချေ။

မကြာခင် ပေါက်ကွဲခြင်း ပိုးတောင်မာသည် ၎င်း၏ကင်းထောက် သတင်းနှင့်အတူ ပြန်ရောက်လာချိန်တွင်

ဝိညာဉ်မီးတောင်၏ တောင်ခြေထဲ၌ ချော်ရည်ပူ နဂါး အမှန်တကယ် ရှိနေခဲ့ပြီး ဝိညာဉ်ချော်ရည်ထဲတွင် ၎င်း၏ ဦးခေါင်းကိုသာ ဖော်ထားပြီး ပျော်နေခဲ့သည်။ ပေါက်ကွဲခြင်း ပိုးတောင်မာ လာခဲ့သည့်အကြောင်းကို သတိ ထားမိသော်လည်း လုံး၀ ဂရုမစိုက်ခဲ့ချေ။

လင်းဟွမ်သည် သွေးရဲရဲလေး ပြန်ပြောပြသည့် စကားကို ကြားသောအခါ ပြုံးလိုက်မိပြီး

"ဒီကောင်ကို ကြည့်ရတာ တော်တော်လေး စိတ်အထင် ကြီးနေတဲ့ပုံပဲ။ ခွန်အားအပြည့် ပြန်ရဖို့ နှစ်ရက်ပဲ ကျန်နေတော့ မီးတောင်ထဲမှာ ဒီလို ပုန်းနေသရွေ့ အရာအားလုံး အဆင်ပြေသွားမယ်လို့ တွေးထားတဲ့ပုံပဲ"

"ငါတို့တွေ အခု တိုက်ခိုက်ကြတော့မလား"

သွေးရဲရဲလေးက မေးလိုက်လျှင်

“လုပ်လိုက်ကြစို့”

လင်းဟွမ်က နျူကလီးယားဗုံး ငါးလုံးကို ထုတ်ယူရင်း ပြောလိုက်သည်။

အပုပ်ကောင် လင်းတ ငါးကောင်သည် နျူကလီးယားဗုံးကို ကောက်ကိုင် ပြီးနောက် ၎င်းတို့၏အတောင်ပံများကို ဖြန့်ကာ ကံကြမ္မာစွမ်းအားများ ထည့်သွင်းလိုက်သဖြင့် အနက်ရောင် တောင်ပံတစ်စုံ ပေါ်လာပြီး အနံ့ဆိုးများ ထွက်ပေါ်လာသည်။

"ပျံသန်းမှု အမြန်နှုန်းကို သတိထား။ အရှိန်ပြင်းလွန်းရင် သတိ ထားမိသွားလိမ့်မယ်။ ပုံမှန်အတိုင်းပဲ ပျံသန်း.."

လင်းဟွမ်က သတိပေးလိုက်သော်

"သဘောပေါက်ပြီ.."

အပုပ်ကောင် လင်းတ ငါးကောင်သည် ဝိညာဥ်မီးတောင် ရှိရာအရပ်သို့ ပျံသန်းသွားသည်။

အပုပ်ကောင် လင်းတငါးကောင် မီးတောင် အနီးသို့ ရောက်လာသောအခါ ချော်ရည်ပူ

နဂါးကြီးသည် ယခုလက်ရှိ၌ အလွန်အားနည်းနေသောကြောင့် သတိကြီးကြီးထားနေခဲ့သည်။ ၎င်း၏ တည်ရှိသည့် ဆယ်ကီလိုမီတာ ပတ်လည် အထိ အာရုံခံနိုင်စွမ်းကို ဖုံးလွှမ်းထားသောကြောင့်

"ဒီကောင်တွေက ငါရှိတဲ့နေရာကို ပျံသန်းလာတာလား.."

ချော်ရည်ပူ နဂါးကြီးက တွေးလိုက်ပြီး

"ဒီကောင်တွေက ငါးကောင်ပဲ။ အနံ့အသက်ဆိုးတွေလည်း ထွက်နေတယ်။

ကြည့်ရတာ ရှုံ့စရာကောင်းတဲ့ အပုပ်ကောင် လင်းတတွေပဲလေ ဘာပဲဖြစ်ဖြစ် ရွှေအဆင့်ပဲရှိတယ်ဆိုတော့ ဒါက မှားယွင်းတဲ့ သတိပေးမှုပဲ ဖြစ်မှာပါ”

ချော်ရည်ပူနဂါးသည် ၎င်း၏ သတိကို လျှော့ချလိုက်သည့် အချိန်၌ အပုပ်ကောင် လင်းတ ငါးကောင်သည် ဝိညာဉ်မီးတောင် ထိပ်ဝသို့ ရောက်ရှိလာသည်။

ထို့နောက် အပုပ်ကောင် လင်းတ ငါးကောင်လုံးသည် ၎င်းတို့ခြေသည်းက ကုပ်ချီ

လာသော နျူကလီးယားဗုံးများကို မီးတောင်ထိပ်ဝထဲသို့ တစ်ပြိုင်နက်တည်း လွှတ်ချလိုက်ကြသည်။

## အခန်း(၃၃၁) - ချော်ရည်ပူ နဂါး

လင်းဟွမ်သည် ကမ္ဘာမြေမှ ခရီးသွားတစ်ယောက်ဖြစ်သည့်အတွက် ဈူးကလီယားဗုံး ဆိုသည်မှာ ကမ္ဘာပေါ်တွင် အန္တရာယ် အများဆုံး လက်နက်အဖြစ် သတ်မှတ် ခံထားရသောကြောင့် လှမ်းကြည့်၍ ကြောက်လန့်နေသည်။

ဒါသည် စစ်ပွဲတစ်ခုအတွင်း၌ အဆုံးစွန်သော လက်နက်ဖြစ်ပြီး အင်အားကြီး နိုင်ငံများ၏ သေစေနိုင်သောလက်နက်လည်း ဖြစ်သည်။

ရောင်းချသူသည် ယခင်က နျူကလီးယားဗုံး၏ အကျိုး သက်ရောက်မှုကို မစမ်းသပ်ခဲ့ဖူးသောကြောင့် ရှေးခေတ်က ဗုံးများကဲ့သို့ သဘောထားခဲ့သဖြင့် လီလန်သည် မှောင်ခိုဈေးကွက်ထဲမှ အလွယ်တကူ ရရှိခဲ့ခြင်းပင်။

ဗုံးများက အလုပ် မလုပ်သည့်အခါ၌ အကျိုး သက်ရောက်မှုကို မည်သူမျှ မသိနိုင်သောကြောင့် လီလန်သည် ချိုသာသော ဈေးနှုန်းနှင့်ရရှိခဲ့သည်။

လင်းဟွမ်ကမူ ဗုံးများက မည်မျှ အစွမ်းထက်ကြောင်း သိနေသဖြင့် အပုပ်ကောင်

လင်းတများ ပျံသန်းသွားသည်နှင့် အလက်ဇန္ဒြား လင်းယုန်ကို စီနင်း၍ ပေါက်ကွဲနိုင်သောနေရာမှ ထွက်ပြေးလာခဲ့၏။

ယခုလက်ရှိ၌ ကီလိုမီတာ ခြောက်ဆယ် ဝေးကွာသောနေရာမှ လေထဲတွင် ချူကလီးယားဗုံး ငါးလုံး ပစ်ချနေသော အပုပ်ကောင် လင်းတ ငါးကောင်ကို အကန့်အသတ်မဲ့ အမြင်အာရုံ အသက်သွင်းပြီး လှမ်းကြည့်နေခဲ့သည်။

မကြာမီ လေထဲ၌ မှိုပွင့်ပုံစံ မီးလုံးကြီး ထွက်ပေါ်လာကာ ထိုမီးတောက်သည် အမြင့်ပေ

ထောင်ပေါင်းများစွာထိ မြင့်တက်လာပြီး ကြီးမားသောမှိုပွင့် ပုံစံကြီး ဖြစ်လာသည်။ ထုတ်လွှတ်လိုက်သော မြင့်မားသည့် အပူချိန်ကြောင့် ကီလိုမီတာနှစ်ဆယ် ပတ်လည်အတွင်းတွင် တောက်ပသော အဖြူရောင် အလင်းကြီးကိုသာ မြင်နေရသည်။

ထိုအလင်းကြီး ဖြတ်သန်းသွားရာ နေရာတလျှောက်ရှိ ကျောက်တုံးများ အရည်ပျော်ကျကုန်ပြီး ဧရာမ ဝိညာဉ် မီးတောင်ကြီးသည် မြေပြန့် ဖြစ်သွားသည်။

အဖြူရောင် အလင်းတန်းကြီးသည် လှိုင်းလုံးကြီးအဖြစ် ပြန့်ကားလာကာ ကီလိုမီတာ ၅၀အကွာရှိ မြေပြင်တစ်ခုလုံး တုန်ခါသွားသည်။ စတုရန်း ကီလိုမီတာ ထောင်ပေါင်းများစွာ အတွင်းက အရာခပ်သိမ်းကို တိုက်ခတ်သွားပြီး မြေပြင်တစ်ခုလုံး သိမ့်သိမ့် တုန်သွားသည်ကို သိသိသာသာ ခံစားလိုက်ရသည်။

ကီလိုမီတာ ခြောက်ဆယ်အကွာထိ အလက်ဇန္ဒြား လင်းယုန်စီးနှင်း၍ ထွက်ပြေးလာသော လင်းဟွမ်ပင်

လှိုင်းလုံးကြီး ဖန်တီးလိုက်သော လေပြင်းများ၏ တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။

လင်းဟွမ်သည် လေပြင်းများနှင့်အတူ မိုးချိန်းသံကဲ့သို့ ကျယ်လောင်သော အသံကြီးကို ကြားပြီးနောက် ကြောက်စရာ ကောင်းသော အင်အားကြီးသည့် ပိုမို ပြင်းထန်လာစဉ်

လင်းဟွမ်သည် ပေါက်ကွဲနေသော မြင်ကွင်းကို ကြည့်ရင်း အတွေးများ ပြန့်နှံ့သွားသည်။ ရှူကလီးယားဗုံးသည် ကမ္ဘာပေါ်ရှိ ရုပ်ပိုင်းဆိုင်ရာ အရာရာတိုင်းကို ပျက်စီးစေသော်လည်း

ဤနေရာတွင်တော့ မလုံလောက်ပေ။ မတူညီသော လောက ဖြစ်သဖြင့် ဤကမ္ဘာပေါ်ရှိ သက်ရှိများသည် ပို၍ အစွမ်းထက်ကြခြင်းပင်။

သာမန် လူတစ်ယောက်သည် အသက်တစ်ရာအထိ အလွယ်တကူ အသက်ရှင်နိုင်ကြကာ အချို့ဆိုလျှင် အသက် (၁၅၀) ကျော်ထိ အသက်ရှည် ကြသည်။

ဤကမ္ဘာပေါ်တွင် ရှိနေသော သတ္တဝါများသည် ပို၍ ခံနိုင်ရည်ရှိကြပြီး သန်မာကြသည်။ ကမ္ဘာမြေမှ ကြောက်စရာ အကောင်းဆုံးဟု ယူဆသော

ခြသေ့်နှင့်ကျားများကို ဤကမ္ဘာပေါ်တွင် ထားလိုက်ပါက သံအဆင့် အနိမ့်ဆုံး သတ္တဝါများအတွက် အစာ ဖြစ်သွားလိမ့်မည်။

"သခင် နျူကလီးယားဗုံးကြောင့် ချော်ရည်ပူ နဂါးကြီး သေသွားမယ့်ကိစ္စကို မစိုးရိမ်ဘူးလား။ အဲ့ဒီလို ဖြစ်ရင်တောင် အဆင့်ကျော် သတ်ဖြတ်မှုအတွက် ရရှိမယ့်ဆုကြေး ဆုံးရှုံး သွားနိုင်တယ် မဟုတ်လား"

သွေးရဲရဲလေးက လင်းဟွမ်၏ အတွေးကို ကြားဖြတ်နှောင့်ယှက်ပြီး

"ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုက ကံကြမ္မာစွမ်းအားရှိတဲ့ သက်ရှိတွေကို အကန့်အသတ်နဲ့ပဲ ထိခိုက်နိုင်တယ်။ ချူကလီးယားဖုံးရဲ့ အာနိသင်နဲ့ တိုက်ခိုက်မိရင် သန့်ရှင်း မီးလျှံအဆင့် မပြောနဲ့ အင်မော်တယ်အဆင့်က လူတောင် သေသွားနိုင်တယ်"

လင်းဟွမ်က ထိုကဲ့သို့တွေးပြီး ခေါင်းခါလိုက်မိသော်လည်း ချူကလီးယားဖုံး တစ်ခုတည်းက တိုက်ခိုက်ရေးအဆင့် ကျဆင်းသွားသည့် ချော်ရည်ပူ

နဂါးကြီးကို သတ်ဖြတ် နိုင်လိမ့်မည်ဟု သူ မထင်ပေ။

"နျူကလီးယားဗုံး ပစ်ချရတဲ့ အကြောင်းပြချက်ထဲက တစ်ခုက အဲ့ဒီနဂါးကြီးရဲ့ မြေမျက်နှာသွင်ပြင် အားသာချက် ဖြစ်တဲ့ မီးတောင်ကြီးကို ဖျက်ဆီးပစ်ချင်လို့ပဲ။ "

"အခြားတစ်ဖက်မှာလည်း သူရဲ့ ကံကြမ္မာစွမ်းအားကို ကုန်ဆုံးသွားနိုင်သေးတယ်။ သူလုပ်နိုင်ရင်တော့ အဆင်ပြေပါတယ်။ ဒဏ်ရာ

ရသွားရင် ငါတို့ရဲ့ခွန်အားကို နည်းနည်းလောက် ချွေတာ နိုင်တာပေါ့”

“ဒါပေမယ့် ဗုံးကြောင့် သေသွားရင်တော့ ငါ ကံဆိုးတာပဲ”

လင်းဟွမ်က ဆက်၍

“ပေါက်ကွဲမှုကြောင့် သေဆုံးသွားနိုင်တဲ့ အချက်ထက် စာရင် ငါကတော့ ထွက်ပြေး သွားမှာကိုပဲ ပိုစိုးရိမ်မိတာ”

လင်းဟွမ်က သူ စိုးရိမ်ပူပန်နေသည့် အကြောင်းကို ထုတ်ပြော လိုက်သည်။

ယခုလက်ရှိတွင် ချော်ရည်ပူ နဂါးကြီးသည် အားနည်းနေသောကြောင့် တိုက်ခိုက်ချင်စိတ် မရှိနိုင်ပေ။ ထို့ကြောင့် ကြောက်စရာ ပေါက်ကွဲမှုကြီး အပြီးတွင် ထွက်ပြေးသွားနိုင်၏။

"ချော်ရည်မြစ်နဲ့ ဆက်သွယ်ထားတဲ့ ဥမင်လှိုဏ်ခေါင်း တစ်ခု ရှိနိုင်ပေမယ့် ပေါက်ကွဲမှုကြောင့် ဥမင်လိုဏ်ခေါင်းလည်း ပြိုကျ

ပျက်စီးသွားရင်တော့ ထွက်ပြေးနိုင်တဲ့ လမ်းကြောင်း မရှိလောက်တော့ဘူး”

သွေးရဲရဲလေးက ယုံကြည်ချက်ရှိရှိ ပြန်ပြောလာသည်။

လင်းဟွမ်သည် မီးတောင်ပြာများ ဖုံးလွှမ်းနေသော မြင်ကွင်းကို ကြည့်ရင်း ချော်ရည်ပူ နဂါးကြီးကို စိတ်ရှည်စွာ စောင့်ဆိုင်း နေခဲ့သည်။

သူ၏မျက်လုံးများသည် ပြာဝေ နေသော်လည်း ချော်ရည်ပူ နဂါးကြီး အနားကပ်လာသည်ကို မမြင်နိုင်ရသည့်အထိ မဖြစ်ပေ။

မကြာခင် ခပ်လှမ်းလှမ်းမှ ဒေါသတကြီး ဟိန်းဟောက်လိုက်သော အသံကို ကြားလိုက်ရ၍ မြေပြင်မှ ကျောက်စရစ်ခဲများ လွင့်ထွက်လာပြီး ရောမအရိပ်ကြီးတစ်ခု ပေါ်လာသည်။

အလွန် ကြီးမားသော ချော်ရည်ပူနဂါးကြီးသည် ၎င်း၏ ကျိုးပျက်နေသော အတောင်ပံများနှင့် လေထဲသို့ ပျံသန်းလာကာ ပတ်ပတ်လည်ကို လိုက်ကြည့်လိုက်သောအခါ

၎င်း၏ ထက်မြက်သော အမြင်အာရုံကြောင့် ဆယ်ကီလိုမီတာ အကွာတွင်

အလက်ဇန္ဒြားလင်းယုန်ကို စီးပြီး ပျံသန်းနေသော လင်းဟွမ်ကို တွေ့လိုက်ရ၍

"ထိန်းချုပ်သူလား.."

ချော်ရည်ပူ နဂါးကြီးသည် လင်းဟွမ်ကို မြင်သည်နှင့် ခန့်မှန်းမိသွားသည်။ မကြာခင် ထိန်းချုပ်သူမှလွဲ၍ အခြား လူသားများသည် မွန်းစတား ထိန်းချုပ်ရေး တံဆိပ်များကို အသုံးပြု၍ ဆင့်ခေါ်ရကြောင်း ပြန်ပြောင်း သတိရသွားသည်။

လင်းဟွမ်သည် နဂါးကြီးက သူ့ကို မြင်သွားကြောင်း မြင်လိုက်လျှင် ပြုံးပြပြီး လာခဲ့ရန်

လက်ပြခေါ်ကာ သူ ဘာလုပ်နေလဲဆိုသည်ကို သူ ကောင်းကောင်း သိသည်။

ချော်ရည်ပူ နဂါးကြီးသည် လင်းဟွမ်၏ စိန်ခေါ်သော အမူအရာကို ရှင်းရှင်းလင်းလင်း မြင်လိုက်ရသည်။

လင်းဟွမ်နှင့် ၎င်း၏ အကွာအဝေးသည် ကွာဝေးနေသောကြောင့် မြင်မြင်ချင်းတွင် ဤလူ၌ အဝေးမှတိုက်ခိုက်နိုင်စွမ်း မရှိသောကြောင့် ဤပေါက်ကွဲမှုကို ကြိုးကိုင်ခဲ့သည့်လူမှာ ဤလူ မဟုတ်နိုင်ဘူးဟု ထင်နေခဲ့မိသည်။

သို့သော်လည်း အခြားတစ်ဖက်မှ တွေးကြည့်လျှင်ပင် လင်းဟွမ်၏ အော်ရာသည် အားနည်းလွန်းသောကြောင့် တိုက်ခိုက်သူဟု မယုံကြည်နိုင်လောက်အောင် ဖြစ်နေသည်။

သို့သော်လည်း စိန်ခေါ်လိုက်သော လင်းဟွမ်၏ အမူအရာက ၎င်း၏ကောက်ချက်ကို သံသယ ဝင်လာစေကာ

"ဒီလူသားလေးက ငါ့ကို စိန်ခေါ်နေတာလား။ ပေါက်ကွဲအောင် လုပ်တဲ့လူများ ဖြစ်နေမလား"

ချော်ရည်ပူ နဂါးကြီးသည် သံသယစိတ်၊ ဒေါသစိတ်တို့နှင့်အတူ လင်းဟွမ်ထံ ပျံသန်းလာ၏။

ချော်ရည်ပူနဂါးကြီး ပျံသန်းလာစဉ် လင်းဟွမ်က အလက်ဇန္ဒြား လင်းယုန်ကို လက်ဖြင့်ပုတ်ပြီး အနီးအနားရှိ မီးတောင်ထိပ်တွင် ဆင်းသက်လိုက်သည်။ ထို့နောက် အလက်ဇန္ဒြား လင်းယုန်နှင့် သွေးရဲရဲလေးကို ကတ်ပုံစံအဖြစ် ပြန်သိမ်းလိုက်သည်။

တစ်မိနစ်ခန့် ကြာသောအခါ ချော်ရည်ပူ နဂါးနက်ကြီးသည် လင်းဟွမ် အနားက ကောင်းကင်ယံသို့ ရောက်ရှိလာပြီး

"မင်းက ငါ့ကို တိုက်ခိုက်ခဲ့တဲ့ လူသားလား"

ချော်ရည်ပူ နဂါးကြီးက ဒေါသတကြီး အော် မေးလိုက်၍ လင်းဟွမ်အနား နီးကပ် လာသည်နှင့်အမျှ ဤလူသားက မည်မျှ အားနည်းကြောင်း သိရှိသွားသည်။ အဖြူရောင် မီးလျှံအဆင့်ပင် မဟုတ်သေးချေ။ ချော်ရည်ပူ

နဂါးကြီးသည် အပေါ်သို့ ပျံသန်းလာရင်း ဤလူသားကို တိုက်ခိုက်ခဲ့ရန် စီစဉ်ထားခဲ့သည်။

သို့သော်လည်း လင်းဟွမ်က မွန်းစတားကို ပြန်သိမ်းသည့်အခါ၌ မွန်းစတား ထိန်းချုပ်ရေး တံဆိပ်ကို အသုံးမပြုကြောင်း သတိထားလိုက်မိသည်။

ထိုအခါမှ နတ်ဘုရား သွေးမျိုးဆက်နှင့် ဆက်စပ်နေလိမ့်မည်ဟု စဉ်းစားလိုက်မိချိန်တွင်

“မင်း ဘယ်လိုထင်လဲ..”

လင်းဟွမ်က ပြောင်ချော်ချော် မျက်နှာပေးနှင့် မေးလိုက်သည်။ ယခုအခါ၌ ချော်ရည်ပူ နဂါးကြီးသည် အပြာရောင် မီးလျှံအဆင့်သာ ဖြစ်နေကြောင်း ရှင်းရှင်းလင်းလင်း မြင်လိုက်ရသဖြင့် တော်တော်လေး စိတ်အေးသွားသည်။

"မင်းက ငါ့ကို လာပြောင်နေတာလား.."

ချော်ရည်ပူ နဂါးကြီးက ဒေါသတကြီး အော်ဟစ် လိုက်သော်

"မင်း သွားတိုက်သင့်တယ်"

လင်းဟွမ်က နှာခေါင်းအုပ်ပြီး မျက်မှောင်ကြုတ်လိုက်၍ ဤနဂါးကြီးက တော်တော်လေးပါးစပ်နံ့သည်။

“မင်းက ငါတို့လူသားတွေကို လိုက်ရှာနေတယ်လို့ကြားထားတယ်။ အဲ့ဒါက နတ်ဘုရား သွေးမျိုးဆက်ပါတဲ့ မွန်းစတားအတွက်ပဲ မဟုတ်လား”

လင်းဟွမ်သည် ချော်ရည်ပူ နဂါးကြီး၏တုံ့ပြန်မှုကိုမစောင့်ဘဲ မေးလိုက်စဉ်

“မင်း ဘယ်လို သိတာလဲ..”

ချော်ရည်ပူ နဂါးကြီးက ချက်ချင်း ပြန်မေးလိုက်သည်။

“မင်းရဲ့ နဂါးသွေးမျိုးဆက် သိပ်သည်းဆကို မြှင့်တင်ချင်နေတာ ငါသိတယ်လေ။ နဂါးမျိုးစပ် တစ်ကောင် ဖြစ်ဖို့အတွက် မင်းက တတိယမြောက် သန္ဓေ ပြောင်းလဲနိုင်အောင် နတ်ဘုရား သွေးမျိုးဆက် လိုအပ်နေတာလည်း ငါသိနေတယ်။”

“ ဒီတော့ နတ်ဘုရား သွေးမျိုးဆက်ပါတဲ့ မွန်းစတားက အခုလက်ရှိ ဘယ်ရောက်နေလဲဆိုတာ ငါပြောပြနိုင်တယ် ဆိုရင်ရော”

လင်းဟွမ်သည် ချော်ရည်ပူ နဂါးနက်ကြီးက သေချာပေါက် သွေးဆောင်ခံရမည့် အကြောင်းကို သိနေသည်။

"မင်း ဘာလိုချင်တာလဲ.."

ချော်ရည်ပူ နဂါးကြီးသည် လင်းဟွမ်က လိုအပ်ချက် မရှိဘဲ သတင်းပေးမည် မဟုတ်ကြောင်း သိနေ၍

"မင်းမှာရှိတဲ့ ရတနာအားလုံး ငါလိုချင်တယ်"

လင်းဟွမ်က တိုက်ရိုက် ပြောလိုက်လျှင်

"မင်း လောဘကြီးလွန်းတယ် လူသား"

ချော်ရည်ပူ နဂါးကြီးသည် လင်းဟွမ်ကို တင်းမာသောအကြည့်နှင့် ပြန်ကြည့်လိုက်သည်။

"နတ်ဘုရား သွေးမျိုးဆက်က တန်ဖိုးဖြတ်လို့ မရဘူး.. နောက်ပြီးတော့ မင်း အရမ်းလိုချင်နေတဲ့ အရာပဲ။ အဲ့ဒီ ထူးခြားတဲ့မွန်းစတားက ဟင်းလင်းပြင် အပျက်အစီးထဲက ဘယ်နေရာမှာ ရှိနေလဲဆိုတာ ငါတစ်ယောက်တည်းပဲ သိတာ"

"တစ်ဆယ် ရာခိုင်နှုန်း"

ချော်ရည်ပူ နဂါးကြီးသည် ခဏမျှ စဉ်းစားပြီးနောက် စျေးလျှော့ချလိုက်သော်

“၈ဂ ရာခိုင်နှုန်း။ ဒါ မင်းအပေါ် တော်တော်လေး သက်ညှာထားတာပဲ။ မင်း ရတနာရဲ့ တစ်စိတ်တစ်ပိုင်းကို မင်း သိမ်းထားနိုင်သေးတယ်”

လင်းဟွမ်က စျေးညှိလိုက်သည်။

“သုံးဆယ် ရာခိုင်နှုန်း”

ချော်ရည်ပူ နဂါးကြီးသည် မကျေမနပ်ဖြင့်

"တစ်ဝက်။ ဒါနောက်ဆုံးဈေးပဲ။ မင်း သဘောမတူဘူး ဆိုရင် ဒီလျှို့ဝှက်ချက်ကို မေ့လိုက်တော့။ မင်း ငါ့ကို ဖမ်းလိုက်ရင်တောင် အသုံးမဝင်ဘူး"

လင်းဟွမ်က သူ့ဈေးနှုန်းကို သဘောတူမည်ဟု သိနေသဖြင့်

"အေး.. ဒါဆိုလည်း တစ်ဝက်ပဲ။ မင်းပြောတာ အမှန် ဟုတ်ရင်ဟုတ် မဟုတ်လို့ကတော့ အကျိုးဆက်ကို မင် သိစေရမယ်"

ချော်ရည်ပူ နဂါးကြီးသည် နတ်ဘုရား သွေးမျိုးဆက်က ၎င်းအတွက် အင်မတန် အရေးကြီး နေသောကြောင့် သဘောတူလိုက်ခြင်းပင်

"ဒါပေါ့.."

လင်းဟွမ်သည် လွတ်နေသော သိုလှောင် လက်စွပ်တစ်ကွင်းကို ထုတ်ယူလိုက်ကာ

"မင်းရဲ့ ကံကြမ္မာစွမ်းအားကို ထည့်သွင်းပြီး ဒီသိုလှောင်လက်စွပ်ကို သုံးနိုင်တယ်။ ပစ္စည်းတွေ ထည့်ပေးပြီးလို့ စစ်ဆေးပြီးရင် ငါပြောပြမယ်။

လှည့်စားဖို့ မကြိုးစားနဲ့နော်။ ဒီလိုမှ မဟုတ်ရင် သဘောတူညီချက်ကို ဖျက်သိမ်းမယ်”

လင်းဟွမ်က နဂါးနက်ကြီးထံ လက်စွပ် ပစ်ပေးလိုက်လျှင်

ချော်ရည်ပူ နဂါးကြီးသည် ဟွန့်ခနဲ အသံ တစ်ချက်ပြုပြီး နှစ်ပေါင်းများစွာတလျှောက် ၎င်း စုဆောင်းခဲ့သော ရတနာများကို လက်စွပ်ထဲ ထည့်ပေးလိုက်သည်။

လျှို့ဝှက်ချက်ကို ရပြီးနောက် ဤကောက်ကျစ်သော လူသားကို သတ်ဖြတ်၍

အကုန်လုံး ပြန်လုယူရန် ကြံစည်ထားသောကြောင့် လင်းဟွမ်က လက်စွပ်နှင့်အတူ လွတ်မြောက်သွားမည်ကို မစိုးရိမ်ပေ။ ဒါသည် ဝိညာဉ်မီးတောင်ပျက်စီးခြင်းအတွက် လက်စားချေခြင်းပင်။

မကြာခင် ချော်ရည်ပူနဂါးနက်က လင်းဟွမ်ထံ လက်စွပ် ပြန်ပစ်ပေးလိုက်ကာ

“ဒါက ငါ့ရတနာတွေရဲ့ တစ်ဝက်ပဲ။ မင်းကြည့်လို့ရတယ်”

လင်းဟွမ်က လက်စွပ်ကို ဖမ်းယူပြီး စစ်ဆေးလိုက်သည်။

ကြည့်လာသည်နှင့်အမျှ ချော်ရည်ပူနဂါးကြီး၏ ရတနာသိုက်က ရှုးသွပ်သွားအောင် စွဲဆောင်မှုအားကောင်းကြောင်း သိလိုက်ရပြီး သူ့တွင်ရှိနေသော ရတနာ ပမာဏအရ ရိုးသားပုံရသည်။ အချို့ကို ထိန်ချန်ထားနိုင်သော်လည်း လက်စွပ်ထဲတွင် အများကြီး ရှိနေပြီ။

လင်းဟွမ်က လက်စွပ် သိမ်းလိုက်သည်ကို မြင်လျှင် ချော်ရည်ပူနဂါးကြီး စိုးရိမ်လာသည်။

“နတ်ဘုရား သွေးမျိုးဆက်ရှိတဲ့ မွန်းစတားက ဘယ်မှာရှိလဲဆိုတာ အခု ပြောလို့ရပြီ။ အဲ့ဒီလူက ဘယ်သူလဲဆိုတာ ပြော”

“လာ အနား တိုးလာခဲ့”

လင်းဟွမ်က ချော်ရည်ပူနဂါးကြီးကို လက်ပြပြီး ခေါ်လိုက်သော်

ချော်ရည်ပူ နဂါးကြီးသည် အံ့ဩသွားသော်လည်း ၎င်း၏ ဦးခေါင်းကို လင်းဟွမ်အနားသို့ ပို၍ တိုးကပ်လိုက်သည်။

လင်းဟွမ်လည်း မီးတောင်အစွန်းမှ ၎င်း၏နား အနားထိ လျှောက်သွား၍

"တကယ်တော့ နတ်ဘုရား သွေးမျိုးဆက်နဲ့ မွန်းစတားကို ယူခဲ့တဲ့လူက ငါပဲ"

လင်းဟွမ်က စပ်ဖြဲဖြဲ ပြုံးပြီး တိုးတိုးလေး ပြောလိုက်စဉ် ဖိနှိပ်ခြင်း ချိန်းကြိုး နှစ်ခုသည် မီးတောင်ထိပ်ဝ၌ ပေါ်လာပြီး ချော်ရည်ပူ နဂါးကြီး၏ ခေါင်းထံ လေသံပေး၍ တိုးဝင်သွားသည်။

## အခန်း(၃၃၂) - ချော်ရည်ပူ နဂါးကြီးကို သတ်ဖြတ်ခြင်း။

လင်းဟွမ်သည် ဤကိစ္စကို တွက်ချက်ထားခဲ့သည်။

သူ့အောက်ရှိ မီးတောင်သည် ဝိညာဉ်မီးတောင်ဖြစ်သည်။ သူ့ထံတွင် ဝိညာဉ်ချော်ရည်ထဲ ပုန်းအောင်းနိုင်သော မျှော်လင့်ချက် အရိုးဝိညာဉ်ကို ရရှိထားသဖြင့် ချော်ရည်ပူနဂါးကြီးက မည်မျှပင်

နီးကပ်လာစေကာမူ မျှော်လင့်ချက် အရိုးဝိညာဉ်၏ အောင်ရာကို ခံစားသိရှိနိုင်ရန် မဖြစ်နိုင်ပေ။

လင်းဟွမ်သည် ချော်ရည်ပူနဂါးကြီးကို တိုက်ခိုက်ရန် အစီအစဉ် ချမှတ်ပြီးနောက် ချော်ရည်ပူနဂါးကြီးကို အနားကပ်လာစေရန် စွဲဆောင်ခဲ့သည်။ ချော်ရည်ပူ နဂါးကြီးကို စိန်ခေါ်ရုံဖြင့် အနားရောက်လာလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။ ထို့ကြောင့် နတ်ဘုရား သွေးမျိုးဆက်နှင့် မျှားခေါ်လိုက်သည်။

ချော်ရည်ပူ နဂါးကြီးထံမှ ရတနာများ တောင်းယူခြင်းသည်လည်း ထောင်ချောက် တစ်ခုမျှသာ ရှိပါက အပိုဆုပင်။

လူသားများသည် လောဘအိုးများ ဖြစ်သောကြောင့် လင်းဟွမ်သည် နဂါးကြီး သတိ လျော့ကျသွားစေရန် လောဘကြီးသူ တစ်ယောက်အဖြစ် ဟန်ဆောင်ခဲ့သည်။ သူ၏ သရုပ်ဆောင်မှုက ကောင်းမွန် လွန်းသောကြောင့် ချော်ရည်ပူ နဂါးကြီးသည် ယုံကြည်ပြီး ခေါင်းပင် အနားကပ်လာခဲ့သည်။

ချော်ရည်ပူ နဂါးကြီးသည် ငတုံး မဟုတ်သော်လည်း နတ်ဘုရား သွေးမျိုးဆက်၏ စွဲဆောင်မှုကြောင့် ဆင်ခြင်တုံတရားကို လောဘစိတ် ဖုံးလွှမ်းသွားပြီး သတိထားသင့်သော အရာများကို လျစ်လျူရှုမိခဲ့သည်။

လင်းဟွမ်က နတ်ဘုရား သွေးမျိုးဆက်အကြောင်း ပြောသည်ကို ကြားလိုက်သောအခါ အတွင်းစိတ် နတ်ဆိုး၊ စိတ်နတ်ဆိုး၏ ထောင်ချောက်ထဲ ကျရောက်သွားခဲ့ပြီ။

လင်းပွမ်က သူ့ထံတွင် နဂါးသွေးမျိုးဆက်ပါသော မွန်းစတားတစ်ကောင် ရှိကြောင်း ထုတ်ဖော်ပြောဆိုသည့်အချိန်၌ ဖိနှိပ်ခြင်း ချိန်းကြိုးများသည် မည်သည့်နေရာမှ ထွက်ပေါ်မှန်းမသိ ထွက်ပေါ်လာခဲ့သည်။ ဖိနှိပ်ခြင်း ချိန်းကြိုးကိုးခုသည် အချိန်တစ်ခုကြာအောင် ပုန်းအောင်းနေခဲ့သော ဆာလောင်နေသည့် မြွေများနှင့်ပင် တူနေသေး၏။

သတိမထားလိုက်မိသည့် အချိန်မှာပင် ချော်ရည်ပူ နဂါး၏ ဦးခေါင်းနှင့်လည်ပင်းကို ချုပ်နှောင်မိသွားသည်။

ချော်ရည်ပူနဂါးကြီး ရုန်းကန်နေသည့် အချိန်၌ လင်းဟွမ်၏ ညာဘက်လက်ရှိ သွေးစုပ်ဖုတ်ကောင် အမှုန်များသည် တမန်တော် လုံအဖြစ် ပြောင်းလဲသွားပြီး ချော်ရည်ပူ နဂါးကြီး၏ ဘယ်ဘက်နားထဲသို့ ထိုးဖောက် ဝင်ရောက်သွားသည်။

သွေးဝိညာဉ် စွမ်းအားသည် သွေးစုတ်ဖုတ်ကောင် အမှုန်အဖြစ် အဆင့် တက်သွားသောအခါ အတောင်ပံပုံစံသာ မဟုတ်တော့ချေ။

လိုချင်သည့် ပုံစံတိုင်းကို ပြောင်းလဲနိုင်ပြီး ခန္ဓာကိုယ် နောက်ကျောတွင် ရှိနေရမည့်အစား နေရာတိုင်းတွင် ထားရှိနိုင်သည်။

သွေးစုပ်ဖုတ်ကောင် အမှုန်များသည် ချော်ရည်ပူနဂါးကြီး၏ နားစည်ကို ထိုးဖောက်ပြီး ဦးနှောက်ထဲသို့ ဝင်ရောက်သွားစဉ် ချော်ရည်ပူ

နဂါးကြီး၏ ဦးခေါင်းနှင့် လည်ပင်းကို ချုပ်နှောင်ထားသော သံကြိုးများ ပြတ်ကျသွား၏။

ထိုဖြစ်စဉ်အတွင်း၌ လင်းဟွမ်သည် လွင့်ထွက်သွားသည်။

သွေးစုပ်ဖုတ်ကောင် အမှုန်များသည် ချော်ရည်ပူ နဂါးကြီး၏နားထဲမှ ပြန် မထုတ်ရသေးသလို၊ ဖိနှိပ်ခြင်း ချိန်းကြိုးများကလည်း လုံးဝ ကျိုးပျက်သွားခြင်း မဟုတ်သေးသဖြင့် လင်းဟွမ်သည် ချော်ရည်ပူနဂါးကြီး နားထဲတွင် ရှိနေသော သွေးစုပ်ဖုတ်ကောင် အမှုန်များကို လုံ့အစား

ရောမအလုံးကြီးအဖြစ် ပြောင်းလဲရန် ဆုံးဖြတ်လိုက်သည်။

"ပေါက်ကွဲစမ်း..."

လင်းဟွမ်က အော်ဟစ်လိုက်လျှင် ချော်ရည်ပူနဂါးကြီး၏ နားရွက်အတွင်း၌ ရှိနေသော သွေးစုပ်ဖုတ်ကောင် အမှုန်များသည် အလုံးကြီးတစ်ခုအဖြစ် ပေါက်ကွဲ ထွက်သွား၏။

ကံကြမ္မာစွမ်းအား အကာအကွယ်မှ မရှိသဖြင့် ချော်ရည်ပူနဂါးကြီး၏ ဦးခေါင်း ဘယ်ဘက်ခြမ်းသည် ပေါက်ကွဲသွားသည်။ ချော်ရည်ပူ နဂါးကြီးသည်

မြေပြင်ပေါ်တွင် တုန်ခါနေသော်လည်း လဲကျသွားခြင်း မရှိပေ။

ထိုအခိုက်တန့်၌ မျှော်လင့်ချက် အရိုးဝိညာဉ်သည် ချိန်းကြိုးများနှင့် နောက်တစ်ကြိမ် ချုပ်နှောင်လိုက်သလို လင်းဟွမ်သည် အလက် ဇန္ဒြားလင်းယုန်ကို ဆင့်ခေါ်ကာ စီးနင်းပြီး ခါးကြွင်းကိုဆွဲထုတ်၍ ကံကြမ္မာ စွမ်းအားများ ထည့်သွင်းလိုက်လျှင် ခါးထိပ်ဖျားတွင် ရွှေရောင် အလင်းများ တောက်ပလာသည်။

ချော်ရည်ပူ နဂါးကြီးသည် အစောပိုင်း ပေါက်ကွဲမှုကြောင့် အင်မတန် နာကျင်ပြီး မူးဝေနေခဲ့သည်။ သံကြိုးမှ လွတ်မြောက်စေရန် တောင်ပံများကို ခတ်၍ ရုန်းကန်လိုက်ရာ အံ့အား သင့်သွားသည်။

၎င်း၏ ကံကြမ္မာ စွမ်းအားများသည် ဖိနှိပ်ခြင်း သံကြိုးကြောင့် ချိတ်ပိတ်ခြင်း ခံနေရကြောင်း သိလိုက်သည်။

ချော်ရည်ပူ နဂါးကြီးက အပြင်းအထန် ရုန်းကန်လိုက်သဖြင့် ဖိနှိပ်ခြင်း ချိန်းကြိုးများက

ပြတ်ကျသွားသော်လည်း လင်းဟွမ်သည် ကမ္ဘာသန့်စင်ခြင်း ဓါးအကွက်ကို ထုတ်မသုံးရသေးပေ။

နောက်ဆုံး၌ လင်းဟွမ်သည် ကြိုးပြတ်သွားသည်ကို မြင်သောအခါ သူ၏ဝှက်ဖဲကို အသုံးပြုရတော့မည် ဖြစ်ကြောင်း သိလိုက်ကာ

“ချောကလက်လေး…”

လင်းဟွမ် အော်ဟစ်လိုက်လျှင် ပတ်ဝန်းကျင်ရှိ နေရာတစ်ခုလုံးကို ပြင်းထန်သော အော်ရာတစ်ခု ဖိနှိပ်လာသည်။

ရုန်းကန်နေသော ချော်ရည်ပူ နဂါးကြီးသည် နဂါးမျိုးစပ် တစ်ကောင်၏အော်ရာကို ခံစားလိုက်ရသဖြင့် ထိတ်လန့် ကြောက်ရွံ့သွားသည်။

ချော်ရည်ပူ နဂါးကြီးသည် အော်ရာ ထွက်လာသော နေရာကို လှမ်းကြည့်ရင်း ရုန်းကန်ဖို့ပင် မေ့သွားသည်။

သန်းခေါင်ယံကဲ့သို့ နက်မှောင်နေသော ကြေးခွံများဖြင့် ချောကလက်လေးသည် ချော်ရည်ပူ နဂါးကြီးကို သေသေချာချာ စိုက်ကြည့်နေပြီး

သို့နောက်ကျောပေါ်တွင် ထိုင်နေသော လူငယ်လေး တစ်ယောက် ရှိသေးသည်။

လင်းဟွမ်သည် ချောကလက်လေးကို ဆင့်ခေါ်ပြီးနောက် အလက်ဇန္ဒားလင်းယုန်ကို ပြန်သိမ်းလိုက်သည်။ အလက်ဇန္ဒြား လင်းယုန်သည် ချော်ရည်ပူ နဂါးကြီးကို ကြောက်ကြောင်း သိနေသဖြင့် ချောကလက်လေးအပေါ် ချက်ချင်း ပြောင်းစီးလိုက်၏။

နဂါးမျိုးစပ် တစ်ကောင်၏ ကြောက်စရာ ကောင်းသော အော်ရာသည် မွန်းစတား

အများစုအတွက် ကြောက်စရာ ကောင်းသလို ထိုကြောက်ရွံ့မှုသည် အဆင့်ပိုမြင့်သော မွန်းစတားများ အပေါ်တွင်လည်း သက်ရောက်မှု ရှိသည်။

ဟာန့်တားခြင်း အကျိုးသက်ရောက်မှုသည် နဂါး သွေးမျိုးဆက် နိမ့်ပါးသော သတ္တဝါများအပေါ်တွင် ကောင်းကောင်း အလုပ် လုပ်ပြီး ထိရောက်စွာ ဖိနှိပ်နိုင်စွမ်း ရှိ၏။

ပုံမှန် အခြေအနေ ဆိုပါက ချော်ရည်ပူနဂါးကြီးသည် အဆင့်ကွာခြားမှုကြောင့်

ချောကလက်လေး၏ ဖိနှိပ်မှုကို ခံစားရမည် မဟုတ်ပေ။ သို့သော်လည်း ယခုအခါ၌ ဒဏ်ရာရပြီး အားနည်း နေသောကြောင့် ချောကလက်လေး၏ ဖိနှိပ်ခြင်း စွမ်းအားကို ကာကွယ်နိုင်စွမ်း နည်းပါး သွားခဲ့သည်။

ထို့ကြောင့် လင်းဟွမ်သည် ချောကလက်လေးက ချော်ရည်ပူ နဂါးကြီးကို ဖိနှိပ်နိုင်ကြောင်း သိသဖြင့် ဝက်ဖဲအဖြစ် ဆင့်ခေါ်ရန် ဆုံးဖြတ်ခဲ့သောကြောင့် ချော်ရည်ပူနဂါးကြီး၏ အသိစိတ်သည် ခေတ္တ လွတ်ကင်းနေသည်။

မျှော်လင့်ချက် အရိုးဝိညာဉ်သည် ထိုအခွင့်အရေးကို ဆုပ်ကိုင်ပြီး ချော်ရည်ပူနဂါးကြီးကို နောက်တစ်ကြိမ် ချုပ်နှောင်လိုက်သည်။

ချောကလက်လေး၏ နောက်ကျောပေါ်တွင် စီးနင်းနေသော လင်းဟွမ်သည် ကံကြမ္မာ စက်ဝိုင်းထဲမှ ကံကြမ္မာစွမ်းအား အားလုံးကို ဓါးထဲသို့ ထည့်သွင်းလိုက်၏။

နောက်ဆုံး၌ ချော်ရည်ပူ နဂါးကြီးသည် ချိန်းကြိုးများဖြင့် ချုပ်နှောင်ခြင်း ခံထားရကြောင်း သတိထားလိုက်မိပြီး ရုန်းကန် စပြုလာသည်။

နဂါးမျိုးစပ် အဖြစ် အသွင်ပြောင်းရေးထက် ပိုအရေးကြီးသော အရာမှာ ယခုလက်ရှိ ရင်ဆိုင်နေရသော ကြီးမားသည့် ဘေးဒုက္ခကြီးပင်။ ဤလူသားသည် သူထင်ထားသည်ထက် ပို၍ ကြောက်စရာ ကောင်းနေသည်။

လူသားတစ်ယောက်က အစွမ်းထက်သော နဂါးမျိုးစပ် တစ်ကောင်ကို ဆင့်ခေါ်နိုင်လိမ့်မည်ဟု မတွေးမိခဲ့ပေ။

သန္ဓေသုံးကြိမ်ပြောင်း မွန်းစတားတစ်ကောင်ကို လူသားတစ်ယောက်က မည်ကဲ့သို့ ဖမ်းယူ

နိုင်ခဲ့သနည်း။ ဤအရာ အားလုံးသည် လင်းဟွမ်အပေါ် ကြောက်ရွံ့သွားစေသော အချက်အလက်များ ဖြစ်လာကာ

'ငါ လွတ်အောင် လုပ်ရမယ်။ ဒီလိုမှမဟုတ်ရင် သေချာပေါက် သေတော့မယ်'

ယခုအချိန်၌ ချော်ရည်ပူနဂါးကြီးတွင် ထွက်ပြေးလွတ်မြောက်ရန် အတွေးတစ်ခုသာ ရှိတော့သည်။

ချိန်းကြိုးများက ချော်ရည်ပူ နဂါးကြီးကို ထပ်မံ၍ ချုပ်နှောင် ထားနိုင်ခြင်း မရှိတော့ကြောင်း

မြင်လိုက်လျှင် လင်းဟွမ်သည် ဤတိုက်ပွဲအတွက် နောက်ဆုံး အခွင့်အရေး ဖြစ်ကြောင်း သိလိုက်၍

"ချောကလက်လေး... သွားတော့..."

ချောကလက်လေးသည် တောင်ပံများကို ဖြန့်ပြီး ချော်ရည်ပူ နဂါးကြီးထံ ပျံသန်း ဝင်ရောက်သွားသည်။

ချောကလက်လေးကို ဆင့်ခေါ်ထားသည်မှာ ကြာပြီဖြစ်သော်လည်း ပေါက်ကွဲအား အင်မတန် ပြင်းထန်လာပြီး ချောကလက်လေး၏ တိုက်ခိုက်ရေးအဆင့်သည် ချော်ရည်ပူ နဂါးကြီးထက်

များစွာ နိမ့်ပါးသော်လည်း ချော်ရည်ပူ နဂါးကြီး၏ မျက်လုံးထဲတွင် ကြောက်ရွံ့မှုများကို မြင်နေရသည်။

ချောကလက်လေးသည် ကြောက်ရွံ့ခြင်း မရှိဘဲ ခြေသည်းများကို ဆန့်ထုတ်ပြီး ချော်ရည်ပူ နဂါးကြီး၏လည်ပင်းကို တိုက်ခိုက်လိုက်သည်။

ယခုအခါ၌ ချော်ရည်ပူ နဂါးကြီးသည် သံကြိုးများဖြင့် ချုပ်နှောင်ခြင်း ခံထားရသောကြောင့် လည်ပင်းကို ထိမှန်ခြင်း ခံလိုက်ရသည်။ ထိုကဲ့သို့ တိုက်ခိုက်မှုကို ခုခံရန် ကြိုးစားသည့်အနေဖြင့် ပါးစပ်ကို အကျယ်ကြီး ဟလိုက်သည်။

လင်းဟွမ်သည် ထိုအခွင့်အရေးကို အသုံးချပြီး တမန်တော်အရှိန်နှင့် မိုးကြိုးခြေလှမ်းကို အသုံးပြုကာ ပြေးဝင်သွားသည်။

ချောရည်ပူ နဂါးကြီး၏ခေါင်း ဘယ်ဘက်ခြမ်းရှိ ဒဏ်ရာထဲသို့ တောက်ပနေသော ရွှေရောင် ဓါးတစ်ချောင်း ထိုးဖောက် ဝင်ရောက်သွားပြီး

ချော်ရည်ပူ နဂါးကြီး၏ အမြင်အာရုံကို ချောကလက်လေးက ပိတ်ဆို့ ထားသော်လည်း တောက်ပနေသော ရွှေရောင် အလင်းကြီးကို

မြင်လိုက်လျှင် ၎င်း၏ဗီဇအရ ခေါင်းကို ဘေးသို့ အလိုလို ရှောင်လိုက်သည်။

သို့သော်လည်း လေထဲတွင် ရှိနေသော လင်းဟွမ်က သွေးစုပ်ဖုတ်ကောင် အမှုန်များကို သူ့နောက်ကျောပေါ်တွင် သွေးဝိညာဉ် အတောင် တစ်စုံအဖြစ် ပြောင်းလဲ လိုက်သည်။ ဒါသည် သူထံတွင် ရှိရှိသမျှ ကံကြမ္မာစွမ်းအားများပင်။ အတောင်ပံများ ပေါ်လာသည်နှင့် တစ်ပြိုင်နက် ချော်ရည်ပူ နဂါးကြီး၏ ဒဏ်ရာကို ချိန်ရွယ် လိုက်သည်။

နဂါးကြီးသည် အသည်းအသန် ထွက်ပြေးချင်နေသည်။

ချောကလက်လေးသည် ၄င်း၏ အတောင်ပံများကို ဖြတ်ပြီး ချော်ရည်ပူ နဂါးကြီး၏ လည်ပင်းကို လွှတ်ပေးလိုက်၏။

ချောကလက်လေးသည် ချော်ရည်ပူ နဂါးကြီးလောက် မသန်မာကြောင်း သိသော်လည်း လင်းဟွမ်ကို ကူညီရန် လိုအပ်နေသေးသည်။

ဆက်သွယ်မှု တစ်စုံတစ်ရာ ပေးစရာမလိုဘဲ လင်းဟွမ်သည် ချောကလက်လေးက သူ့အတွက်

အားကုန်သုံးပြီး တိုက်ခိုက် ပေးနေကြောင်း သတိထားလိုက်မိ၍ နဂါးကြီး၏ခေါင်းပေါ်ရှိ ဒဏ်ရာကို လျင်မြန်စွာ ခွဲထုတ်လိုက်သည်။

ကံကြမ္မာစွမ်းအား အကာအကွယ် မရှိနေသော ချောရည်ပူ နဂါးကြီး၏ ဦးခေါင်းနှင့် ဦးနှောက်ထဲသို့ နေရောင်ခြည်ကဲ့သို့ တောက်ပနေသော ဓါးတစ်ချောင်းသည် ညာဘက်မှနေ၍ ထိုးဖောက် ဝင်ရောက်သွားချိန်တွင်

ကမ္ဘာသန့်စင်ခြင်း ဓါးသိုင်းကွက်မှ တောက်ပသော ရွှေရောင် မီးတောက်များကို

ထုတ်လွှတ်လိုက်သောအခါ ချော်ရည်ပူ နဂါးကြီး၏ ဦးနှောက်သည် အရည်ပျော်သွားသည်။

"အဆင့် (၄) ဆင့်ကျော် သတ်ဖြတ်မှု အောင်မြင်သွားတဲ့အတွက် ဂုဏ်ပြုပါတယ်။ မင်းကို ကံစမ်းမဲကတ် (၂၀) ဆုချီးမြှင့်လိုက်တယ်"

"မော်ကွန်းအဆင့် မွန်းစတားကတ် - ချော်ရည်ပူ နဂါးကတ် အပိုင်းအစနှစ်ခု ရရှိတဲ့အတွက် ဂုဏ်ပြုပါတယ်"

## အခန်း(၃၃၃) - သက်သေမရှိသည့် တိုင်အောင်။

လင်းဟွမ်သည် ချော်ရည်ပူနဂါး အလောင်းကို သိမ်းပြီးနောက် ချောကလက်လေးနှင့် မျှော်လင့်ချက် အရိုးဝိညာဉ်တို့ကို ပြန်သိမ်းလိုက်သည်။

မည်သည့် ခြေရာလက်ရာများ မကျန်ခဲ့ကြောင်း သေချာအောင် အတည်ပြုပြီးနောက် နေရာကူး ပြောင်းခြင်း ဓါတ်ကွင်းကို ကံကြမ္မာသလင်းကျောက် အသုံးပြုပြီး အသက် သွင်းလိုက်၏။

ဆုကြေးကတ်များကို မစစ်သေးတော့သလို သူ၏ကံကြမ္မာ စွမ်းအားကို ပြန်မဖြည့်ဘဲ ချက်ချင်း ထွက်ခွာသွားသည်။ နဂါးမျိုးစပ် တစ်ကောင်၏ ပုံရိပ်သည် အစွမ်းထက်သည့် မွန်းစတားများကို ဆွဲဆောင်နိုင်သောကြောင့် တစ်စက္ကန့်မျှ အချိန်ဆိုင်းလိုက်သည်နှင့် အန္တရာယ်များ ရောက်ရှိလာနိုင်သောကြောင့်ပင်

အပြာရောင် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းသည် လျှောက်ဝင် သွားလိုက်သည်နှင့် အလိုအလျောက် ပျောက်ကွယ်သွားသည်။

လင်းဟွမ်သည် ရီရီယွီနှင့် လီလန်တို့ထံ ပြန်မသွားခဲ့ပေ။ ထိုအစား အာဏာရှင် ချိတ်ဖြေနေသော နေရာသို့ သွားလိုက်လျှင်

ကိုင်လီသည် အပြာရောင် နေရာကူးပြောင်းခါတ်ကြွင်း ပေါ်လာသည်ကို မြင်လိုက်လျှင် သူမ၏လှံကိုထုတ်ကာ တိုက်ခိုက်ရန် အသင့်ပြင်လိုက်သည်။ လင်းဟွမ် ဖြစ်နေသည်ကို မြင်လိုက်သဖြင့် လှံ ပြန်သိမ်းလိုက်ပြီး

"တောင်းပန်ပါတယ်။ အကြောင်းတစ်ခုခုကြောင့် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းကို အရောင်ပြောင်းလိုက်ရတယ်"

လင်းဟွမ်သည် ကိုင်လီ၏ တုံ့ပြန်မှုကို မြင်လိုက်လျှင် ရှင်းပြလိုက်သည်။

လင်းဟွမ်သည် နေရာကူး ပြောင်းခြင်း ခါတ်ကြွင်းကို ပြန်သိမ်းပြီးနောက် ကံကြမ္မာစွမ်းအား ဖြည့်သွင်းခြင်းကတ်ကို ထုတ်ယူကာ ကုန်ဆုံးသွားသော ကံကြမ္မာစွမ်းအားများကို ပြန်လည်ဖြည့်တင်း လိုက်သည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ကုန်ဆုံးသွားသော ကံကြမ္မာစွက်ဝိုင်း ငါးခုလုံးသည် လုံး၀ ပြန်ပြည့်သွား၏။

လင်းဟွမ်သည် အားအင်များ ပြန်ပြည့်လာကြောင်း ခံစားရပြီးနောက် စိတ်သက်သာရာ ရသွားပြီးနောက် အ၀တ်အစားပေါ်ရှိ စွန်းထင်းနေသော သွေးများကိုကြည့်ပြီး ကိုင်လီကို

"ကျေးဇူးပြုပြီး တခြားနေရာကို ကြည့်ပေးလို့ ရမလား၊ ငါ ရေချိုးတော့မယ်"

ကိုင်လီသည် လင်းဟွမ်၏ စကားကို ကြားသော်လည်း အဝေးလှည့်ကြည့်ရန် စိတ်မဝင်စားပေ။

"ဒါဆို ငါ စိတ်ထဲမထားတော့ဘူးနော်၊ မင်း ကြည့်ချင်ရင်လည်း ကြည့်နေလို့ ရတယ်။ ငါက ယောက်ျားမို့လို့ ဘာမှရှုံးစရာ မရှိဘူး။"

လင်းဟွမ်က အဝတ်အစားများကို ချွတ်ချလိုက်သည်။

အတွင်းခံ ဘောင်းဘီကို ချွတ်ချရန် လုပ်လိုက်စဉ် ကိုင်လီက သူ့ကို စေ့စေ့စပ်စပ် ကြည့်နေသေးသဖြင့်

ရှက်သွားသောကြောင့် အတွင်းခံ ဘောင်းဘီကို မချွတ်ချင်တော့ပေ။

အိုးကြီးတစ်လုံးကို ထုတ်ယူကာ ရေတစ်ဝက်ခန့် ဖြည့်လိုက်ကာ အတွင်းခံဘောင်းဘီဖြင့် အိုးကြီးထဲသို့ ခုန်ဝင် လိုက်သည်။ ယခုကဲ့သို့ ပူပြင်းသော ရာသီရာသီ ရေအေးအေးလေးဖြင့် ရေချိုး ရခြင်းသည် အင်မတန် ဇိမ်ကျလှ၏။

အပျော်အတွက် လုပ်ခဲ့ခြင်း မဟုတ်ဘဲ သွေးအနံ့များ စွဲနေခြင်းကြောင့် ဖယ်ရှားပစ်ရန် လုပ်ခဲ့ခြင်းပင်။ ချော်ရည်ပူ နဂါးကြီး၏သွေးတွင်

ထူးဆန်းသော အနံ့ တစ်ခုရှိသည်။ မှိုကဲ့သို့ အနံ့မျိုးပင်။ ထိုအနံ့က ပြဿနာများအား ဆွဲဆောင်သွားမည်ကို စိုးရိမ်နေခဲ့သည်။

ရေခြောက်ပုလင်း၊ တံဆိပ်အမျိုးမျိုးနှင့် ရေချိုးဂျယ်ကို ခြောက်ကြိမ်တိုင်တိုင် အသုံးပြုခဲ့သော်လည်း ခန္ဓာကိုယ်ပေါ်တွင် အနံ့သင်းသင်းလေး စွဲကျန်နေသေးကြောင်း သိလိုက်သဖြင့် လင်းဟွမ်သည် လက်လျှော့ရန် ဆုံးဖြတ်လိုက်၍

"ကြည့်ရတာတော့ ဒီအနံ့ကို မဖယ်ရှားနိုင်တော့ဘူး ထင်တယ်။ ရေကို မဖြုန်းတီးတော့ဘူး။ ဒီလိုမှမဟုတ်ရင် နောက်ပိုင်း သောက်ဖို့ ရေ မရှိ ဖြစ်သွားအုံးမယ်"

ထို့နောက် ရေအိုးထဲမှ ခုန်ထွက်ကာ ရေအိုးနောက်တွင် ပုန်း၍ အတွင်းခံဘောင်းဘီ အသစ်သို့ ပြောင်းဝတ်ပြီး အဝတ်အစားနှင့် ဖိနပ်အသစ်များကိုလည်း ပြောင်းလဲလိုက်သည်။

ထိုနောက် သူ့အဝတ်အစား အဟောင်းများကို ချော်ရည်ထဲသို့ ပစ်ချလိုက်ချိန်အထိ ကိုင်လီက သူ့ကို စိုက်ကြည့်နေသေးကြောင်း သတိထားလိုက်မိလျှင်

"အရင်က ရေချိုးနေတဲ့ ယောက်ျား တစ်ယောက်ကို မတွေ့ဖူးဘူးလား"

လင်းဟွမ်က စနောက်လိုက်သော်

“တစ်နေ့ ခြောက်ခါ ရေချိုးတဲ့ ယောက်ျားမျိုးလား မတွေ့ဖူးဘူး”

အမျိုးသမီး တစ်ယောက်၏ အသံ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

လင်းဟွမ်သည် ထိုအသံကို ကြားလိုက်လျှင် ထိတ်လန့်သွားပြီး ပတ်ဝန်းကျင်ကို လှမ်းပတ်ကြည့်လိုက်သော်လည်း ဘာကိုမှ မတွေ့ရပေ။ ကိုင်လီက ခုခံကာကွယ်ရန် လက်နက် ဆွဲထုတ်သည်ကို မမြင်လိုက်မှ စိတ်ငြိမ်သွား၍

"ခုနက မင်း ပြောလိုက်တာလား"

ကိုင်လီက တိတ်ဆိတ် နေသော်လည်း လင်းဟွမ်သည် အဖြေကို သိလိုက်ပြီ။

"ငါက တစ်နေ့ ခြောက်ခါ ရေချိုးချင်လို့ မဟုတ်ဘူး။ ချော်ရည်ပူနဂါးကြီးရဲ့ အနံ့တွေက စွဲနေလို့"

လင်းဟွမ်သည် ကိုင်လီက နားလည်မှု လွဲနေကြောင်း သိလိုက်သဖြင့် ချက်ချင်း ရှင်းပြလိုက်သည်။

"အမ် မင်း စကားပြောနိုင်ရဲ့သားနဲ့ ဘာဖြစ်လို့ မပြောတာလဲ"

"ပြောစရာမှ မရှိတာ"

ကိုင်လီက သူ့အပေါ်တွင် အေးစက်နေသဖြင့်

"ကောင်းပြီလေ..."

လင်းဟွမ်သည် ကိုင်လီက ခပ်ရင့်ရင့် ပြန်တုံ့ပြန်သော်လည်း သူမ၏ တုံ့ပြန်မှုကို လက်ခံ လိုက်သည်။

"မင်းမှာ ငါ့ကိုပြောစရာ ရှိသေးလား။ မရှိရင် ငါ သွားတော့မယ်။ အာဏာရင် ချိတ်ဖွင့်တဲ့ရက်မှ မင်းတို့ဆီ ပြန်လာခဲ့မယ်"

"ငါ့မှာ မေးစရာရှိတယ်"

ကိုင်လီသည် အတန်ကြာအောင် ငြိမ်သက်သွားပြီးနောက် ပြောလိုက်သည်။

"ဘာလဲ"

လင်းဟွမ်က မျက်ခုံးပင့်လိုက်၍

"ရေချိုးတဲ့အချိန် ဘာဖြစ်လို့ အဝတ်အစား ဝတ်တာလဲ"

"အမ်..."

လင်းဟွမ်သည်

'မင်းက ငါ့ကို စိုက်ကြည့်နေလို့' ဟု

အပြစ် တင်ချင်သော်လည်း သူမအကြောင်း တွေးပြီးနောက်

"ဆန်နီကျင်ဘက်လိင်၊ အမျိုးသမီး တစ်ယောက် ရှေ့မှာ အဝတ်အစား ဘာမှမပါဘဲ ရေချိုးတာက ရိုင်းတယ်"

လင်းဟွမ်က

"အထူးလူများ မပါဘူး" ဟု

ပြောချင်သော်လည်း ကိုင်လီက ဘာကိုပြောချင်တာလဲ ဟု မေးလာနိုင်သဖြင့် မပြောလိုက်တော့ ပေ။

လင်းဟွမ်သည် အာပေါက်မတတ် ရှင်းပြရခြင်းကို မုန်းတီးသူပင် ထို့အပြင် ကိုင်လီက ထိုအရာအားလုံးကို သိရှိရန် မလိုအပ်ဟု သူ ထင်သည်။

"ဘာမှ မရှိတော့ရင် ငါ သွားတော့မယ်"

လင်းဟွမ်သည် ထိုသို့ ပြောပြီးနောက် နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းကို ဆင့်ခေါ်လိုက်သည်။

လင်းဟွမ်က နေရာကူးပြောင်းခြင်း ဓါတ်ကြွင်းထဲ ဝင်သွားသည်နှင့် ကိုင်လီက ခေါင်းခါလိုက်သည်။ အပြာရောင် ဓါတ်ကြွင်း ပျောက်ကွယ်သွားသည့် အချိန်၌ သူမက တိုးတိုးလေး ရေရွတ်ကာ

"ရိုင်းတယ်ဟုတ်လား"

ဤ၌တစ်ကြိမ်တွင် လင်းဟွမ်သည် အဆိပ်တငွေ့ငွေ့ ဖားပြုပ်ကို အမဲလိုက်နေသော ရီရီယွီနှင့် လီလန်တို့ထံသို့ ပြန်ရောက်သွား၏။

လီလန်သည် အဆာပြေမုန့်များကို စားနေပြီး သူ၏ ကံကြမ္မာစွမ်းအားကို ပြန်လည်ဖြည့်သွင်းနေသည်။

ဖဲသမားမျက်နှာနှင့် ဝန်ထမ်းသည် နေရာကူးပြောင်းခြင်း ခါတ်ကြွင်းထဲမှ ထွက်လာသော လင်းဟွမ်ကို မြင်သော်လည်း ဘာမှမပြောပေ။

"နောက်ဆုံးတော့ မင်း ပြန်လာပြီလား။ မင်း သွားတာ တစ်နာရီတောင် ကျော်နေပြီ။ ဘယ်မွန်းစတားတွေ ရလာခဲ့လဲ"

ရီရီယွီက စိတ်ဝင်တစား မေးလိုက်လျှင်

"ဘာမှ မဟုတ်ပါဘူး၊ သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားတစ်ကောင် ဖြစ်နေလို့ အချိန်နည်းနည်း ပိုယူခဲ့ရတယ်"

လင်းဟွမ်သည် ချော်ရည်ပူနဂါးကို သတ်ဖြတ်ရန် ဆယ်မိနစ်သာ ကြာခဲ့သော်လည်း အချိန်အများစုကို ရေချိုးခြင်းဖြင့် ကုန်ဆုံးခဲ့ခြင်းပင်

"ဘာတွေ စားနေတာလဲ"

"ဝက်ဆားနယ်ခြောက် အစပ်။ ဒါက အထူးလုပ် ဆော့စ်နဲ့ ဝက်သားကို ပြုလုပ်ထားတဲ့ သရေစာပဲ။ အရမ်း စားကောင်းလို့ နှလုံးသားကွန်ရက်မှာ အရမ်း နာမည်ကြီးတယ်။ မြည်းကြည့်ပါလား။"

ရီရီယွီက တစ်ထုပ် ပေးလိုက်သည်။

"တစ်ထုပ်လုံးအစား အသားခြောက် တစ်ချောင်း အရင် မြည်းကြည့်မယ်။ မကြိုက်ရင် အလကား ဖြစ်နေရအုံးမယ်။"

လင်းဟွမ်က သူမထံ လျှောက်သွားပြီး ယူလိုက်လျှင်

"ဒါဆိုလည်း ကောင်းပြီလေ"

ရီရီယွီသည် သူမ စားလက်စ အိတ်ကို ပေးလိုက်သည်။

လင်းဟွမ်သည် အသားချောက် တစ်ချောင်း ထုတ်ယူပြီး သူမထံ ပြန်ပေးလိုက်သည်။

"အမ်... ဘာဖြစ်လို့ အနံ့က အရမ်း မွှေးနေတာလဲ"

ရီရီယွီသည် လင်းဟွမ်က သူမထံလျှောက်လာစဉ် သူ့ခန္ဓာကိုယ်ပေါ်မှ အနံ့ကို ရလိုက်၍

"ငါ့ အဝတ်ပေါ်မှာ သွေးတွေစွန်းထင်းနေတော့ ရေချိုးခဲ့တာ ရေချိုးဂျယ်ရဲ့အနံ့လို့ ထင်တာပဲ"

လင်းဟွမ်က ဆင်ခြေပေးလိုက်သည်။

“ဒီရေချိုးဂျယ်ရဲ့ အနံ့က တကယ်ကောင်းတာပဲ”

ရီရီယွီက အများကြီးမတွေးဘဲ မှတ်ချက်ပေးလိုက်သည်။

လင်းဟွမ်သည် ရီရီယွီက ဆက်မမေးတော့သဖြင့် စိတ်အေးသွားပြီးနောက် ဝက်ဆားနယ်ခြောက် အစပ်ချောင်းကို ပါးစပ်ထဲ ထည့်လိုက်သည်။ စပ်ဖျင်းဖျင်း အရသာက သူ့ခံတွင်းကို အနည်း အပြောင်းအလဲ ဖြစ်စေသည်။

အနည်းငယ် ဝါးပြီးနောက် ချိုမြိန်၍ ရီရီယွီ ပြောသလို အရသာ ကောင်းသော်လည်း အနည်းငယ် လေးသည်။

သူတို့ စကားပြောနေစဉ် လီလန်သည် ကံကြမ္မာစွမ်းအား ဖြည့်တင်းခြင်းကို ခေတ္တရပ်လိုက်ပြီး မျက်လုံးဖွင့်လိုက်ကာ

"ငါ့အတွက် ကံကြမ္မာ မီးစာ မွန်းစတား အမဲလိုက်ဖို့ ကူညီပေးပါ"

လင်းဟွမ်က သူ့စကားကို ကြားသောအခါ အံ့ဩသွားသော်လည်း

"ရတာပေါ့ "

သို့သော်လည်း ခေါင်းညိတ်ပြီး ချက်ချင်း သဘောတူလိုက်သည်။

## အခန်း(၃၃၄) - နတ်ဆိုးသတ်ဖြတ်သူ တံဆိပ်။

လင်းဟွမ်က လီလန်ကို ကူညီရန် သဘောတူခဲ့သော်လည်း ရီရီယွီကို စိတ်ရှုပ်ထွေးစွာ လှမ်းကြည့်လိုက်သည်။ လီလန်ဘက်က အစပြု၍ တောင်းဆို လိမ့်မည်ဟု သူမထင်ပေ။ တစ်ယောက်ယောက်က သူ့ကို ထိုသို့လုပ်ဆောင်ရန် တောင်းဆိုခြင်း ဖြစ်နိုင်သည်။

လင်းဟွမ်သည် လီလန်ကို ကံကြမ္မာမီးစာ မွန်းစတားတစ်ကောင်ကို ရှာဖွေရန် ကူညီပေးမည့်

အကြောင်း ပြောခဲ့သော်လည်း အငြင်းခံခဲ့ရဖူးသည်။ ထို့ကြောင့် လင်းဟွမ်သည် ဤကိစ္စကို သူ့ဘာသာသူ ပြန်ပြောလာရန် မမျှော်လင့်ထားခဲ့ပေ။

"မင်းက ဘယ် ကံကြမ္မာမီးစာ မွန်းစတားကို ရွေးချယ်ထားတာလဲ"

လင်းဟွမ်က လီလန်ကို မေးလိုက်လျှင်

"အရင်တုန်းကတော့ နားကျည်းချက် လူရိုင်း မွန်းစတားကို ရွေးထားတာပဲ။ ဒါပေမဲ့ အခုတော့ ငရဲလှုံမိစ္ဆာကို လိုချင်တယ်"

လီလန်က အခိုင်အမာပြောကာ ဆုံးဖြတ်ချက်ချထားသည်မှာ ထင်ရှားနေသည်။

"ငရဲလုံ့မိစ္ဆာ.."

လင်းဟွမ်သည် ထိုနာမည်ကို တိုးတိုးလေး ရေရွတ်လိုက်ပြီး လီလန်က ထိုမွန်းစတားကို ဘာကြောင့် ရွေးချယ်ခဲ့လဲဆိုသည်ကို သူ ပြောနိုင်သည်။

ကံကြမ္မာမီးစာထဲတွင် ထိုမွန်းစတား၏ မူလစွမ်းရည် ပါဝင်ပြီး ထိုမီးစာမှ အခြား စွမ်းရည်များကို ပေးအပ်နိုင်သော

ဖြစ်နိုင်ချေသည်လည်း ရီရီယွို၏ မီးဖိုးနစ်ဌက်ကဲ့သို့ပင်။

လင်းဟွမ်သည် ထိုမီးစာထဲတွင် အခြား စွမ်းရည် တစ်ခုပါလား မပါလား ဆိုသည်ကို မသိသော်လည်း ငရဲလှံမိစ္ဆာတွင် လှံနှလုံးသား ရှိသည်။

အခြားစွမ်းရည်များ မရှိခဲ့လျှင်ပင် လှံနှလုံးသား တစ်ခုတည်းကပင် လီလန်အတွက် လှံတိုက်ခိုက်ခြင်း နည်းစနစ်ကို နားလည် သဘော ပေါက်နိုင်စေသည်။ တစ်ချိန်တည်းမှာပင် သန္ဓေတစ်ကြိမ်းပြောင်း နားကျည်းချက် လူရိုင်းနှင့်

နိုင်းယှဉ်ပါက ငရဲလုံ့မိစ္ဆာသည် ကိုင်တွယ်ရန် ပို၍ ခက်ခဲလှ၏။

ငရဲလုံ့မိစ္ဆာသည် အန္တရာယ်ရှိသော နတ်ဆိုးတစ်ကောင် ဖြစ်နေရုံသာမက လူသားပုံစံရှိသော သန္ဒေနှစ်ကြိမ်ပြောင်း မွန်းစတား တစ်ကောင်လည်း ဖြစ်နေသည်။

၎င်း၏ လက်နက်ကို လက်ထဲကိုင်ဆွဲထားပါက အဆင့်တူ မွန်းစတားများကြားတွင် ထိပ်ဆုံးက ရပ်တည်နိုင်သည်။

လင်းဟွမ်အတွက်မူ အစာပိုင်းက ရှိရှိယို့ ကူညီပြီး သတ်ဖြတ်ခဲ့သော မီးတောက် ဓါးမိစ္ဆာထက် အားနည်းသည်။

လီလန်သည် ပထမတုန်းက လင်းဟွမ်က မသန်မာဘူးဟု ယူဆသောကြောင့် လုံမိစ္ဆာကို ပစ်မှတ်မထားခဲ့ခြင်း ဖြစ်နိုင်၏။

လင်းဟွမ်သည် လီလန်အား ပစ်မှတ်ကို ပြောင်းလဲသွားစေရန် မည်သည့် အရာက လှုံ့ဆော်ခဲ့လဲ ဆိုသည်ကို မသိသော်လည်း နှစ်ခါ

ပြန်မစဉ်းစားဘဲ လီလန်ကို ကူညီရန် ဆုံးဖြတ်ခဲ့သည်။

လွန်ခဲ့သည့် တစ်နှစ်တွင် လီလန်က သူ့ကို ကူညီခဲ့သည့် အကြောင်းကို ရှင်းရှင်းလင်းလင်း မှတ်မိနေသေးသည်။ သူသာ မရှိခဲ့လျှင် လင်းဟွမ်သည် တန်ပြန်မုဆိုး အကဲဖြတ်မှုတွင် ပါဝင်ရန်အတွက် လိုအပ်သော ပစ္စည်းများအားလုံးကို ဝယ်ယူနိုင်ခဲ့မည် မဟုတ်ပဲ ယနေ့ အောင်မြင်မှုများကိုလည်း ရိတ်သိမ်းနိုင်မည် မဟုတ်ခဲ့ပေ။

"မင်းက ဒီဟင်းလင်းပြင် အပျက်အစီးနေရာ အကြောင်း မလေ့လာခဲ့တာ ငါ မှတ်မိသေးတယ်။ ဒီနေရာထဲမှာ အဲဒီလို မွန်းစတားတစ်ကောင် ရှိတာ သေချာရဲ့လား"

လင်းဟွမ်က ရုတ်တရက် တွေးလိုက်မိ၍

"သေချာတယ်၊ ဒီဟင်းလင်းပြင် အပျက်အစီးနေရာ အကြောင်းကို ငါ မလေ့လာခဲ့ပေမဲ့၊ ငရဲလှုံ့မိစ္ဆာ အကြောင်းကိုတော့ ငါလေ့လာထားတယ်။ အရင်က ဒီဟင်းလင်းပြင် အပျက်အစီးထဲမှာ ပေါ်လာဖူးတယ်၊ အဲဒါကို ငါမှတ်မိတယ်။ ဒါပေမယ့် အဲဒါကို

တွေ့ခဲ့တာက လွန်ခဲ့တဲ့ ငါးနှစ်လောက်ကပဲ။ အဲဒီအချိန်က ငရဲလုံမိစ္ဆာဟာ အဖြူရောင် မီးလျှံအဆင့်မှာ ရှိနေပေမယ့် အခုအချိန်မှာ ကြက်သွေးရောင် မီးလျှံအဆင့်အထိ ရောက်နေမလားတော့ မသိဘူး”

လီလန်သည် ထိုကဲ့သို့ ပြောပြီးနောက် လင်းဟွမ်ကို ကြည့်လိုက်သည်။

"တကယ်လို့ အခုချိန်မှာ ကြက်သွေးရောင် မီးလျှံအဆင့် ဖြစ်နေရင် ငါ့ကံ မကောင်းလို့ပဲ။

အဲ့ဒါဆိုရင်တော့ နာကျည်းချက် လူရိုင်းကိုပဲ အမဲလိုက်တော့မယ်။"

"အဆင့်တက် သွားလည်း ရပါတယ်။ အဲဒီမွန်းစတားက အဖြူရောင် မီးလျှံအဆင့်ပဲဖြစ်ဖြစ်၊ ကြက်သွေးရောင် မီးလျှံအဆင့်ပဲ ဖြစ်ဖြစ်၊ မင်းသတ်နိုင်ဖို့ ငါ အစွမ်းကုန် ကြိုးစားပြီး ကူညီပေးမယ်။ တွေ့ခဲ့တဲ့ ကိုသြဒိနိတ်ကို မှတ်မိသေးလား။"

လင်းဟွမ်က မေးလိုက်သော်

"ငါ ကိုညြဒိနိတ်တွေကို အကြမ်းဖျင်းပဲ မှတ်မိတော့တယ်"

လီလန်က ရှက်ရွံ့စွာ ဝန်ခံလိုက်လျှင်

"ဒါဆိုလည်း ချမှတ်လိုက်ကွာ"

လင်းဟွမ်က မြေပုံတစ်ခု ထုတ်ပြရင်း ပြောလိုက်သည်။

လီလန်သည် မြေပုံကို ခဏမျှ စိုက်ကြည့်ပြီးနောက် မြေပုံ၏ ညာဘက်အပေါ်တွင် စက်ဝိုင်းတစ်ခု ရေးဆွဲလိုက်သည်။

"ဒီနားမှာ ဖြစ်နိုင်တယ်။"

"သေချာလား။ အဲဒါကို ကြည့်ပါဦး။"

လင်းဟွမ်သည် အဝေးတွင် ရပ်နေသော ဖဲသမားမျက်နှာနှင့် ဝန်ထမ်းကို စိုက်ကြည့်ကာ သွေးရဲရဲလေးထံမှ အကူအညီ မတောင်းခဲ့ပေ။

"မင်းတို့တွေ အချိန်မဖြုန်းဖို့ အကြံပေးချင်တယ်။ သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတားကောင်နဲ့ ရင်ဆိုင်ရတာက မင်းတို့ ထင်ထားသလောက် မရိုးရှင်းဘူး။ ကြက်သွေးရောင် မီးလျှံအဆင့်ကို

မပြောနဲ့အုံး အဖြူရောင် မီးလျှံအဆင့်ရဲ့ စွမ်းရည်ကိုတောင် လျှော့တွက်လို့ မရဘူး။ မင်းတို့ လုပ်ချင်သလို လုပ်လို့ရမယ်လို့ မထင်နဲ့"

ဖဲသမားမျက်နှာသည် သူတို့နှင့်အတူ ရီရီယွီ ပါနေသောကြောင့် ထိုကဲ့သို့ ဆုံးဖြတ်ချက်ကို ချလိုက်ခြင်း ဖြစ်လိမ့်မည်ဟု ထင်နေခဲ့သည်။

"မင်းက ငါတို့နောက်ကို လိုက်ခဲ့ရင် မီးစာက ပျောက်ကွယ်သွားလိမ့်မယ်။ မနက်ဖြန် မင်း ငါတို့နောက် မလိုက်ခဲ့နဲ့တော့"

လင်းဟွမ်သည် ဖဲသမားမျက်နှင့် ဝန်ထမ်းကို ကြည့်ပြီးနောက် ရီရီယွီကို ကြည့်လိုက်ချိန်တွင်

"ငါ အဆင်ပြေတယ်"

ရီရီယွီ ပခုံး တွန့်ပြလိုက်သည်။

"ငါ သဘောမတူဘူး။ မင်းတို့ရဲ့ ကာကွယ်သူ အနေနဲ့ မင်းသွားလေရာ နေရာတိုင်းကို ငါ လိုက်ရမယ်။ မင်းတို့သုံးယောက်လုံး အဖွဲ့ခွဲသွားဖို့ ဆုံးဖြတ်ရင် ငါက တစ်ယောက်တည်းသမား အစား နှစ်ယောက်ရှိမယ့်ဘက်ကို လိုက်ရလိမ့်မယ်"

ဖဲသမားမျက်နှာသည် လင်းဟွမ်၏ အစီအစဉ်ကို ချက်ချင်း ငြင်းပယ်လိုက်သည်။

"မင်း ငါတို့ကို ကာကွယ်ပေးဖို့ မလိုဘူး။"

လီလန်က မျက်မှောင်ကြုတ်ပြီး ပြန်ပြောလိုက်လျှင်

"ကြိုက်တာ ၊မကြိုက်တာက မင်းတို့ကိစ္စပဲ။ ငါနဲ့ မဆိုင်ဘူး။ ဒါ အထက်က ညွှန်ကြားထားတဲ့အမိန့် မင်းတို့ရဲ့ဆန္ဒနဲ့ ငါက ဘာမှမဆိုင်ဘူး။ ငါက အမိန့်ကို လိုက်နာနေတာ"

ဖဲသမား မျက်နှာသည် စိတ်တိုသွားပြီး အုပ်ချုပ်သူ၏ အမိန့်ကြောင့်သာ မဟုတ်ပါက သူတို့နှင့် မဆက်ဆံချင်ပေ။

လင်းဟွမ် မျက်မှောင် ကြုတ်သွားပြီး ထိုလူသည် ပြည်ထောင်စုအစိုးရ၏ ဝန်ထမ်း ဖြစ်နေသောကြောင့် သူတို့နောက်သို့ မလိုက်စေချင်ပေ။

အကယ်၍ လင်းဟွမ်သာ ထိန်းချုပ်သူ ဖြစ်ကြောင်း သိရှိသွားခဲ့ပါက လောလီကလည်း ထိုအကြောင်းကို သိရှိသွားနိုင်ပြီး သူ့ထံတွင် နတ်ဘုရား သွေးမျိုးဆက် ပါသော

မွန်းစတားတစ်ကောင် ရှိနေကြောင်း သူမ သိသွားနိုင်၏။

နောက်ဆုံး၌ သူမသည် အမှန်တရားနှင့် အလွန်နီးစပ်သော ကောက်ချက်များကို ဖော်ထုတ်နိုင်သည့်လူ ဖြစ်နေသည်။ အကယ်၍ သူမသာ နောက်ထပ် အချက်အလက်များကို ထပ်မံ ရရှိသွားပါက သေချာပေါက် သိသွားလိမ့်မည်။

"အမိန့်အတိုင်း လိုက်နာရုံပဲလား။ ဒါဆိုရင် အလုပ်ဖြစ်တယ်။"

ရီရီယွီသည် လက်ဖဝါး တစ်ဝက်အရွယ် အနက်ရောင် တံဆိပ်ပြားတစ်ခုကို ထုတ်ယူလိုက်သည်။

ထိုအပေါ်တွင် ရက်စက်ကြမ်းကြုတ်သော နတ်ဆိုးတစ်ကောင်၏ မျက်နှာတစ်ခု ပါရှိပြီး နောက်ကျောတွင် အနီရောင်ဖြင့် ရေထားသော

"နတ်ဆိုးသတ်ဖြတ်သူ" ဟူသော

စကားလုံး နှစ်လုံး ပါရှိသည်။

"နတ်ဆိုးသတ်သူ တံဆိပ်လား"

ဖဲသမားမျက်နှာသည် ထိုတံဆိပ်ကို မြင်သွားသောအခါ အံ့ဩသွားပြီး ချက်ချင်း မတ်တပ်ထရပ်ကာ ရီရီယွီကို ဦးညွှတ်လိုက်၏။

"ဒါက ဘာလဲဆိုတာ မင်းနေသိတဲ့အတွက် ရှင်းပါတယ်။ သူတို့နှစ်ယောက် ကံကြမ္မာ မီးစာ မွန်းစတားကို အမဲလိုက်တဲ့အချိန်ဆိုရင် မင်းက ငါ့နောက်လိုက်ဖို့ ငါ အမိန့်ပေးတယ်"

"ဟုတ်ကဲ့ပါ"

ဖဲသမားမျက်နှာသည် စိတ်မပါသော်လည်း သူမကို လုံးဝ ပြန်မပြောဝံ့ပေ။

"ဒါက သဘောတူညီချက်ပဲ"

ရီရီယွီက လင်းဟွမ်နှင့် လီလန်တို့ကို မျက်လုံးစွေပြီး ကြည့်လိုက်သည်။

ဖဲသမားမျက်နှာသည် ပါးစပ်ပိတ်ပြီး ငြိမ်ငြိမ်လေး ထိုင်နေပြီးနောက် မနေနိုင်တော့ဘဲ ရီရီယွီကို

“မမလေး မင်းက နတ်ဆိုးသတ်ဖြတ်သူ တံဆိပ်ကို ဘယ်လို ရခဲ့တာလဲဆိုတာ ငါသိလို့ရမလား"

"ငါ့ မျိုးရိုးနာမည်က ရီ။ ရီဒွန်လီက ငါ့အဘိုး"

ရီရီယွီက အမှန်အတိုင်း ပြောလိုက်သော်

ဖဲသမားမျက်နှာသည် အံ့အောမှင်တက် သွားပြီး ပါးစပ်က အချိန်တစ်ခုကြာအောင် ပွင့်နေသည်။

"ငါ့အဘိုးက ဟင်းလင်းပြင် အပျက်အစီးနေရာမှာ တစ်ခုခု ဖြစ်သွားမှာစိုးရိမ်လို့ ဒီဟာကို ပေးလိုက်တာပဲ။ ငါအပြင် ပြန်ထွက်သွားရင် သူ့ဆီ ပြန်ပေးရမှာ"

ရီရီယွီသည် တံဆိပ်က ဤမျှ အသုံးဝင်ကြောင်း မသိခဲ့ပေ။

"ဒီတံဆိပ်က ဘာလုပ်တာလဲ"

လင်းဟွမ်က မေးလိုက်သည်။

ပြည်ထောင်စု အစိုးရတွင် ထိပ်တန်းအဖွဲ့အစည်း သုံးခုရှိကြောင်း သူသိသော်လည်း တပ်ဖွဲ့အတွင်းက စီမံခန့်ခွဲရေးအကြောင်း သူ မသိပေ။

"နတ်ဆိုးသတ်ဖြတ်သူ တံဆိပ်ကို ပြည်ထောင်စု အစိုးရအဖွဲ့က ယာယီတာဝန် ထမ်းဆောင်တဲ့ ဝန်ထမ်းကို ပေးတဲ့တံဆိပ်ပဲ။ ဒီတံဆိပ်ကို ကိုင်ထားတဲ့လူက အဖွဲ့ခေါင်းဆောင်နဲ့

ဒုတိယအဖွဲ့ခေါင်းဆောင် အောက်က ဝန်ထမ်းအားလုံးကို တိုက်ရိုက် အမိန့်ပေးနိုင်တယ်"

လီလန်ကလည်း

"စစ်ပွဲတွေမှာ တခြားတပ်တွေ၊ ထိပ်တန်းအဖွဲ့တွေရဲ့ အကူအညီလိုတဲ့ အခါကြရင် အသုံးပြုကြတယ်"

"ထိပ်တန်းအဖွဲ့သုံးဖွဲ့ရဲ့ ဒီလို တံဆိပ်ကို ပိုင်ဆိုင်ထားတဲ့ လူတစ်ယောက်က မယုံနိုင်လောက်အောင် အစွမ်းထက်မှာပဲ"

လင်းဟွမ်သည် စိတ်ထဲမှ တွေးလိုက်သည်။

သူသည် ဖဲသမားမျက်နှာ ကိစ္စကို ဖြေရှင်းပြီးနောက် စိတ်အေးသွားကာ လီလန်နှင့်အတူ ငရဲလုံ့မိစ္ဆာနှင့် ပက်သက်၍ အသေးစိတ် အချက်အလက်များကို ဆွေးနွေးလိုက်ကြ၏။

"ဒီနေ့တော့ မင်းရဲ့ ကံကြမ္မာစွမ်းအားကို ပြန်ဖြည့်တင်းဖို့ပဲ အာရုံစိုက်ထားပါ။ မနက်ဖြန်ဆို မွန်းစတားကို စပြီး အမဲလိုက်ကြမယ်"

လင်းဟွမ်သည် လီလန်၏ အခြေအနေကို စောင့်ကြည့်ပြီးနောက် အစီအစဉ် ချမှတ်လိုက်သည်။

## အခန်း(၃၃၅) - လှည့်ကွက်တစ်ခုနှင့် မြင်းပုလေး။

နောက်တစ်နေ့ မနက်တွင် လင်းဟွမ်သည် ရေချိုး၊ မနက်စာ စားပြီးနောက် နေရာကူးပြောင်းခြင်း ပေါ်တယ်ကို ဆင့်ခေါ်လိုက်၏။

လင်းဟွမ်သည် လီလန် ညွှန်ပြထားသော နေရာကို မရောက်ဖူးသောကြောင့် မှင်နက်ကလေးထဲတွင် ထိုနေရာနှင့် ပက်သက်၍ ကိုဩဒိနိတ်များ မမှတ်ထားပေ။ ထို့နောက် လီလန်မှ

ညွှန်ပြထားသော နေရာနှင့် အနီးဆုံး ဘေးကင်းသော နေရာကို ရွေးချယ်လိုက်သည်။

သူတို့ နှစ်ယောက်သည် ရီရီယွိကို နှုတ်ဆက်ပြီးနောက် နေရာကူးပြောင်းခြင်း ပေါ်တယ်ထဲသို့ ဝင်ရောက်ကာ အခြား နေရာတစ်ခုသို့ ရောက်ရှိသွားကြ၏။

လင်းဟွမ်သည် မြေပုံကို ထုတ်ယူပြီးနောက် သူတို့သွားမည့် နေရာကို အတည်ပြုလိုက်ကာ ဦးတည်ချက်တစ်ခုကို ညွှန်ပြရင်း

"ငါတို့ရဲ့ ပျံသန်းနိုင်တဲ့ မွန်းစတားတွေကိုစီးပြီး ကီလိုမီတာ (၂,၀၀၀) လောက် ခရီးထွက်ရမယ်။ ဒါပြီးရင်တော့ စောစောက ပြောခဲ့တဲ့နေရာကို ရောက်ပြီ။ အဲဒီနားရောက်မှ ပတ်ဝန်းကျင်ကို စုံစမ်းဖို့အတွက် သွေးရဲရဲလေးကို အကူအညီ တောင်းလိုက်မယ်။ ခဏလေးအတွင်း ရလဒ်တွေ ရလာမှာပါ"

လင်းဟွမ် စကားပြောပြီးနောက် သူတို့နှစ်ယောက်သည် အလက်ဇန္ဒြား လင်းယုနီနှင့် ကျောက်လင်းယုန်တို့ကို ဆင့်ခေါ်လိုက်ကြသည်။

မကြာခင် လင်းဟွမ် ညွှန်ပြသည့်နေရာသို့ လျှင်မြန်စွာ ပျံသန်းသွားကြသည်။

နှစ်နာရီခန့် ကြာသောအခါ နောက်ဆုံးတွင် သူတို့သွားမည့် နေရာသို့ ရောက်ရှိလာခဲ့ကြသည်။ မြေပြင်ပေါ်သို့ ဆင်းသက်ပြီးသည်နှင့် တပြိုင်နက် လင်းဟွမ်သည် အလက်ဇန္ဒြားလင်းယုန်ကို သိမ်းပြီး သွေးရဲရဲလေးကို ဆင့်ခေါ်လိုက်ကာ

"သွေးရဲရဲလေး၊ ကျေးဇူးပြုပြီးတော့ ငရဲလုံမိစ္ဆာကို ရှာပေးပါ။ ငါတို့ ပတ်ဝန်းကျင်

ကီလိုမီတာ(၂၀၀) ၊ (၃၀၀) အတွင်းမှာရှိတဲ့ အဖြူရောင် မီးလျှံအဆင့် မွန်းစတားတစ်ကောင်ပဲ"

လင်းဟွမ်က အတိုချုံးပြီး ပြောလိုက်သောကြောင့်

"ငရဲလုံမိစ္ဆာက ဘယ်လိုပုံစံလဲဆိုတာ သူက သိပါ့လား"

လီလန်သည် လင်းဟွမ်၏ အင်္ကျီ လက်စအောက်မှ ခေါင်းပြူ ထွက်လာသော သွေးရဲရဲလေး ကြည့်ပြီး စိုးရိမ်သောလေသံဖြင့်

"စိတ်မပူပါနဲ့၊ ဘယ်လိုပုံစံလဲဆိုတာ သူသိတယ်။"

လင်းဟွမ်က သွေးရဲရဲလေး၏ ညာဏ်ရည် ညာဏ်သွေးနှင့် ပက်သက်၍ ရှင်းပြမည် မဟုတ်ပေ။

ခဏအကြာတွင် သွေးရဲရဲလေးထံမှ မျှော့မျိုးစိတ်များ လျင်မြန်စွာ ပျံ့နှံ့သွားစဉ်

"မင်း ဘာလို့ ရုတ်တရက် စိတ်ပြောင်း သွားတာလဲ။"

ဒါသည် ရီရီယွီနှင့် ဆက်စပ် နေပေလိမ့်မည်။ ယခင်က ရီရီယွီရှိနေသဖြင့် ထိုအကြောင်းကို မမေးဖြစ်ခဲ့ပေ။

"မင်းက မီးစာထုတ်ယူမယ့် မွန်းစတား ပြောင်းလိုက်တဲ့ အကြောင်းကို ပြောနေတာလား"

လီလန်သည် နောက်ပြန်လှည့်ကာ မေးလိုက်သော် လင်းဟွမ်က ခေါင်းညိတ်ပြသည်ကို မြင်လိုက်လျှင်

"သန္ဓေတစ်ကြိမ်ပြောင်း မွန်းစတားနဲ့ သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား ကြားမှာ ကွာခြားချက်ရှိတယ် ဆိုတာ ငါ သိပါတယ်။ ဒါပေမယ့် ဒီလောက် ကြီးကြီးမားမား ဖြစ်လိမ့်လို့ ငါဘယ်တုန်းကမှ မသိခဲ့ဘူး"

"ရီရီယွီ သန့်ရှင်းမီးလျှံအဆင့် မတက်ခင်က ငါတို့ရဲ့ အရည်အချင်းက ဘယ်လောက် ကွာလို့လဲ"

လီလန် ရုတ်တရက် မေးလိုက်ချိန်တွင်

"သူမရဲ့ ထူးခြားတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံကို ထည့်မစဉ်းစားရင် မင်းတို့နှစ်ယောက်ကြားမှာ ကွာခြားချက် သိပ်မရှိဘူး"

လင်းဟွမ်က သူ့၏ လေ့လာတွေ့ရှိချက်ကို ပြန်ပြောလိုက်၏။

"သူမက ခါးနယ်ပယ်မှာ ကျွမ်းကျင်တယ်။ မင်းက လုံ့နယ်ပယ်မှာ ကျွမ်းကျင်မှု တစ်ဝက် ရောက်နေပြီ၊ တိုက်ခိုက်ရေးစွမ်းရည်နဲ့ လှုပ်ရှားမှု စွမ်းရည် ကောင်းတယ်။ တကယ့်တိုက်ပွဲနဲ့ တိုက်ပွဲ အတွေ့အကြုံမှာ မင်းက သူမထက်စာရင် အနည်းငယ်တောင် သာသေးတယ်။ အသုံးပြုတဲ့ ကိရိယာတွေကိုတော့ တကယ့်စွမ်းရည်လို မသတ်မှတ်လို့ လျစ်လျူရှု လိုက်။ ယေဘုယျအားဖြင့်တော့ မင်းတို့ နှစ်ယောက်က အဆင့်အတူတူပဲ"

နောက်ဆုံးတွင် လီလန်က သူ စိတ်ပြောင်းသွားရသော အကြောင်းအရင်းကို ပြောပြလိုက်သည်။

"ငါလည်း အဲဒီလိုပဲထင်တယ်။ ဒါပေမယ့် သူမက မီးဖိုးနစ်၄က်ရဲ့ မီးစာကို ရပြီးကတည်းက သူမရဲ့ အစွမ်းအစတွေက အရင်နဲ့ နှိုင်းယှဉ်လို့မရတော့တာ ငါတွေ့လိုက်ရတယ်။ သူမရဲ့ ထူးခြားတဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံက မွန်းစတားတွေကို အလွယ်တကူ သတ်ဖြတ်နိုင်တဲ့အတွက် ဒါက

အမှန်တရား မဟုတ်ဘူးဆိုတာ ငါလည်း သဘောပေါက်တယ်။”

“ သူမက မီးဒြပ်စင် မထိန်းချုပ်တဲ့ မွန်းစတားတွေကိုလည်း အလွယ်တကူ သတ်ဖြတ်နိုင်သေးတယ်။ ငါ့မှာ အဖြူရောင် မီးလျှံအဆင့်ရှိတဲ့ သူငယ်ချင်း တစ်ယောက် ရှိတယ်။ သူရဲ့စွမ်းရည်တွေက ငါနဲ့ အတူတူနီးပါးပေါ့။ အရင်က ငါ့လိုပဲ။ ဒါပေမယ့် အခုလက်ရှိ ရီရီယွီရဲ့ စွမ်းရည်က သူ့ထက်သာလွန်းနေတာ"

"ငါက အသက်အန္တရာယ် မရှိဘဲနဲ့ သာလွန်အဆင့်ကို တက်လှမ်းချင်ခဲ့ပေမယ့် ငါ့ပစ်မှတ်အဖြစ် နာကျည်းချက်လူရိုင်းကို ရွေးချယ်ခဲ့ရတာကတော့ စွမ်းရည် ကွာခြားချက်ကို သတိပြုမိပြီးတဲ့နောက် ငါအဲဒါကို မလုပ်ချင်တော့ဘူးဆိုတာ သိလိုက်ရတယ်။ သာမန်လူ မဖြစ်ချင်ဘူး သန်မာချင်တာ။"

" မင်းလောက် မသန်မာဘူးဆိုရင်တောင် မုဆိုးအစစ်တော့ ဖြစ်ချင်သေးတယ် ဒါမှမဟုတ် အနည်းဆုံးတော့ ရီရီယွီထက် ငါအားနည်းနေလို့ မရဘူး။ ရီရီယွီက မိန်းမတစ်ယောက် ဖြစ်ပေမယ့်

မီးဖိုးနစ်ဌက်ကို တိုက်ခိုက်ရဲတယ်။ ငါက ယောကျ်ားတစ်ယောက် ဖြစ်ပြီး အဲဒီလောက်တောင် သတ္တိမရှိရင် မိန်းမတစ်ယောက်ထက် ပိုဆိုးသွားမှာ မဟုတ်ဘူးလား”

"မင်း သန်မာချင်တာ ကောင်းပါတယ်၊ မင်း သတ်နိုင်အောင် အစွမ်းကုန် ကြိုးစားပြီး ကူညီပေးမယ်။"

လင်းဟွမ်သည် လီလန်၏ စကားကို နားထောင်ပြီးနောက် ပြုံးလိုက်သည်။

လီလန်၏ပစ်မှတ်သည် သန့်ရှင်း မီးလျှံအဆင့်သို့ ရောက်ပြီးနောက် ငြိမ်းချမ်းသော ဘဝတွင် နေထိုင်ရန်သာ ဖြစ်ကြောင်း သူတစ်ခါမှ မသိခဲ့ပေ။ သို့သော်လည်း အနည်းဆုံးတော့ ယခုလက်ရှိတွင် သူ၏ တိုက်ပွဲဝင်စိတ်သည် ပြန်လည်ရှင်သန်လာခဲ့သဖြင့် လင်းဟွမ် သူ့အတွက် ဝမ်းသာမိသည်။

လီလန်သည် သူ၏ခံစားချက်ကို ထုတ်ဖော် ပြောဆိုပြီးနောက် တိတ်ဆိတ်သွားသည်။ လင်းဟွမ် ဘာတွေတွေးနေမှန်း သူမသိပေ။ ထို့ကြောင့်

သွေးရဲရဲလေး၏ သတင်းကို စိတ်ရှည်ရှည်နှင့် စောင့်မျှော်နေခဲ့၏။

မိနစ် (၂၀) ခန့် ကြာသောအခါ သွေးရဲရဲလေးထံမှ

"သခင် ငါ ရှာတွေ့ပြီ။ ဒါပေမယ့် မင်းပြောတဲ့အတိုင်း အဖြူရောင် မီးလျှံအဆင့် မွန်းစတား တစ်ကောင်တော့ မဟုတ်ဘူး။ အဲဒီအစား ကြက်သွေးရောင် မီးလျှံအဆင့် ဖြစ်နေတယ်"

"ဘယ်မှာလဲ"

လင်းဟွမ်က ချက်ချင်း မေးလိုက်လျှင်

သွေးရဲရဲလေးက မြေပုံပေါ်တွင် တည်နေရာတစ်ခုကို လျင်မြန်စွာ အမှတ်အသားပြုလုပ်ပေးလိုက်သည်။

"သွေးရဲရဲလေး ရှာတွေ့ပြီလား"

လီလန်သည် သွေးရဲရဲလေးနှင့် လင်းဟွမ်တို့ကြားမှ စကားကို မကြားနိုင်ပေ။ သို့သော်လည်း သွေးရဲရဲလေးက မြေပုံပေါ်တွင် အမှတ်အသားပြုလုပ်နေသည်ကို တွေ့လိုက်၍သာ

"ဟုတ်တယ်။"

လင်းဟွမ်က ခေါင်းညိတ်လိုက်ပြီး

“တွေ့ပြီ၊ ဒါပေမယ့် မွန်းစတားက ကြက်သွေးရောင် မီးလျှံအဆင့်ကို အဆင့်တက်သွားပြီ။"

"ကြက်သွေးရောင် မီးလျှံအဆင့်... အဲဒါကို ကိုင်တွယ်နိုင်ပါ့မလား"

လီလန်သည် ထိတ်လန့်သွားပြီး လင်းဟွမ်ကို ကမန်းကတမ်း လှမ်းကြည့်လိုက်သော်

"ငါတို့ ကိုင်တွယ်ဖြေရှင်းလို့ မရတာ ဘာမှမရှိဘူး။ ဒါက ကြက်သွေးရောင် မီးလျှံအဆင့်လေးပါကွာ"

လင်းဟွမ်သည် ချော်ရည်ပူ နဂါးကြီးကို သတ်ခဲ့သော မုဆိုးတစ်ယောက် အနေနှင့် ပြောနေခြင်းပင်။ ထို့ကြောင့် ကြက်သွေးရောင် မီးလျှံအဆင့် မွန်းစတား တစ်ကောင်ကို ကြောက်နေမည် မဟုတ်ပေ။

"သွားရအောင်။"

လင်းဟွမ်သည် အလက်ဇန္ဒြား လင်းယုန်ကို နောက်တစ်ကြိမ် ဆင့်ခေါ်ပြီး ကောင်းကင်သို့ ပျံသန်းကာ မလှမ်းမကမ်းတွင် ရှိနေသော ငရဲလှံမိစ္ဆာ၏နေရာသို့ ဦးတည်သွားလိုက်သည်။

လီလန်လည်း ကျောက်လင်းယုန်ကို ဆင့်ခေါ်ပြီး လင်းဟွမ်နောက်မှ ချက်ခြင်း လိုက်ပါသွားသည်။

ပျံသန်းနေသော မွန်းစတား နှစ်ကောင်သည် ကီလိုမီတာ တစ်ရာကျော် အကွာအဝေးသို့ ရောက်ရှိရန် ငါးမိနစ်မှ ခြောက်မိနစ်သာ

အချိန်ယူရခဲ့ပြီး သူတို့ ဦးတည်ရာ နေရာသို့ ရောက်ရှိလာကြ၏။

အလက်ဇန္ဒြား လင်းယုန်သည် ဝိညာဉ်စွမ်းအားများ ပိုင်ဆိုင်သော ချော်ရည်အိုင် အနားတွင် ရပ်တန့်လိုက်ပြီး မကြာခင် လီလန်သည်နောက်မှ လိုက်ပါ ဆင်းသက်လာကာ

"ငရဲလှုံ မိစ္ဆာက ဘယ်မှာလဲ"

လီလန်သည် မြေပြင်သို့ ရောက်သည်နှင့် လှည့်ပတ် ရှာကြည့်သော်လည်း မတွေ့ရပေ။

"မစိုးရိမ်နဲ့၊ အစီအစဉ် လုပ်ရအောင်"

လင်းဟွမ်သည် မျှော်လင့်ချက် အရိုးဝိညာဉ်ကို ဆင့်ခေါ်ပြီး ချော်ရည်ကန်ထဲတွင် ပုန်းအောင်း ခိုင်းလိုက်သည်။

"ငါက လှည့်ကွက်လေးတစ်ခုနဲ့ မြင်းပုလေး တစ်ကောင်ပေါ့။ ဒီမွန်းစတားကို တစ်ခါတည်း သတ်နိုင်ပါ့ မလားတော့ မသိဘူး။"

လင်းဟွမ်က တိုးတိုးလေး ရေရွတ်လိုက်ချိန်တွင်

"မင်း ဘာတွေ ပြောနေတာလဲ"

"ဘာမှ မဟုတ်ဘူး၊ မင်း အဲ့ဒီနေရာကပဲစောင့်။ မျှော်လင့်ချက် အရိုးဝိညာဉ် ပုန်းနေတဲ့ နေရာနားမှာပဲနေ လျှောက်မသွားနဲ့။ "

လင်းဟွမ်က လီလန်ကို မျှော်လင့်ချက် အရိုးဝိညာဉ် ပုန်းအောင်းနေသော ရေကန်အနားတွင် မတ်တပ်ရပ်စောင့်ခိုင်းကာ သူကမူ ချော်ရည်ကန်နှင့် ငါးမီတာ မကွာသော နေရာတွင် မတ်တပ်ရပ်နေသည်။

"ငါ ရပ်နေရအုံးမှာလား"

လင်းဟွမ်သည် လီလန်ကို ပထမဆုံးနေ့က သူ၏အစီအစဉ်အကြောင်း အကျဉ်းချုံး ပြောပြခဲ့သော်လည်း လီလန်သည် မည်သည့်နေရာမှ ပါဝင်လှုပ်ရှားရမလဲ ဆိုသည်ကို မသိပေ။

"မင်း လှုပ်လို့ရတယ်၊ ဒါပေမယ့် ဘယ်ညာ လျှောက်သွားလို့ မရဘူး။ အဲ့ဒီ မွန်းစတားကို မျှားခေါ်ပြီးရင် မင်း ဘာမဆို လုပ်လို့ရပြီ"

လင်းဟွမ်က ရှင်းပြလိုက်ကာ

"မင်း ဘယ်အချိန် တိုက်ခိုက်ရမယ် ဆိုတာ မှတ်မိလား"

"ဖိနှိပ်ခြင်း ချိန်းကြိုးက လုံးဝ ချုပ်နှောင်သွားတဲ့အချိန်မှာ တိုက်ခိုက်ရမယ်"

လီလန်က ခေါင်းညိတ်ပြီး ပြန်ပြောလိုက်သည်။

"အဲဒီမွန်းစတားက ဖိနှိပ်ခြင်း ချိန်းကြိုးတွေကို ဖျက်စီးနိုင် ချေများတယ်။ ဒါကြောင့် သူ့ရဲ့ ကံကြမ္မာစွမ်းအားကို အကြာကြီး ချိတ်ပိတ်ထားလို့ ရမှာမဟုတ်ဘူး။ ဒီအခွင့်အရေးကို ဖမ်းဆုပ်ပြီး တိုက်ခိုက်ရမယ်။ မင်း ငါ့ကိုစောင့်နေရင် အခွင့်အရေး လွဲချော်သွားနိုင်တဲ့ အတွက်ကြောင့် မင်းကို သတိပေးနေရတာ"

လင်းဟွမ်က အလေးပေးပြီး ထပ်ပြောလိုက်လျှင်

"ရတယ်။ ငါ မှတ်ထားတယ်"

"ဒီမှာ ခဏနေခဲ့။ ငါ အဲ့ဒီမွန်းစတားကို သွားပြီး မြှူဆွယ်လိုက်အုံးမယ်"

လင်းဟွမ်သည် အလက်ဇန္ဒြာလင်းယုန်ကို စီးပြီး ရှေ့သို့ ပျံသန်းသွားသည်။

## အခန်း(၃၃၆) - လင်းဟွမ်နှင့် ငရဲလုံမိစ္ဆာတို့၏ တိုက်ပွဲ (၁) ။

ငရဲလုံမိစ္ဆာကို ဘေးကင်းရေးဖုံ အမှတ် (၂) ဖြစ်သည့် အမှောင်ထု အကျဉ်းထောင်ထဲတွင် ရှာဖွေတွေ့ရှိခဲ့ကြသည်ဟု ဆိုကြသည်။ ဒါသည် ဘီအဆင့် ဝတ်ကျင်း အနီးတဝိုက်တွင် တည်ရှိသောကြောင့် ၎င်းကို မသေနိုင်သော လုံမိစ္ဆာဟု ခေါ်သည်။

လင်းဟွမ်သည် ထိုမွန်းစတား အမျိုးအစားနှင့် မရင်းနှီးပေ။ မွန်းစတား လမ်းညွှန်ထဲတွင် မှတ်တမ်းတင်ထားသော မွန်းစတား အမျိုးအစားပေါင်း နှစ်သိန်းကျော်ရှိပြီး သူ စိတ်ဝင်စားသည့် မွန်းစတား အမျိုးအစားကိုသာ ကြည့်ရှုနိုင်ခဲ့သည်။

အမှန်တကယ်ဆို မွန်းစတား အမျိုးအစား သုံးသောင်းအောက်ကိုသာ မှတ်မိနိုင်ခဲ့ပြီး မွန်းစတား အမျိုးအစား တစ်ထောင်ခန့်၏ အသေးစိတ် အချက်အလက်ကိုသာ သေသေချာချာ မှတ်မိသည်။

လင်းဟွမ်သည် မနေ့ညက မအိပ်ခင် ငရဲလုံမိစ္ဆာ မည်ကဲ့သို့ ပုံစံရှိလဲဆိုသည်ကို မသိသဖြင့် ယခင်ကတည်းက ဒေါင်းခဲ့သော မွန်းစတားလမ်းညွှန်စာအုပ်ထဲမှ လေ့လာခဲ့ရသည်။

ငရဲလုံမိစ္ဆာသည် ဖျက်ဆီးနိုင်စွမ်း မြင့်မားသော လူသားပုံစံရှိသည့် နတ်ဆိုးတစ်ကောင် ဖြစ်သည်။ အနီးကပ် တိုက်ခိုက်ရေးအစွမ်း ပြင်းထန်ရုံသာမက အဝေးရောက် တိုက်ခိုက်မှုများမှာလည်း ကျွမ်းကျင်သည်။

ငင်း၏ တစ်ခုတည်းသော အားနည်းချက်မှာ မီးဖိုးနစ်ဌက်နှင့် ချော်ရည်ပူ နဂါးကြီးတို့ထက် စွမ်းအား နိမ့်ကျနေခြင်းပင်။ အတိုချုပ်ပြောရလျှင် အစွမ်းထက်သော မွန်းစတားတစ်ကောင်ပင်။

ငင်းသည် အဆင့်တူ မွန်းစတားများကြားတွင် အသန်မာဆုံး မွန်းစတားများထဲမှ တစ်ကောင် ဖြစ်သည်မှာ သေချာသည်။ ထိုမွန်းစတားကို မျက်နှာချင်းဆိုင် တိုက်ခိုက်ရန် ခက်ခဲသည်။

ထို့ကြောင့် လင်းဟွမ်သည် မျှော်လင့်ချက် အရိုးဝိညာဉ်၏ ဖိနိပ်ခြင်း ချိန်းကြိုးကို အဓိက

အားကိုးထားကာ အခြေခံအားဖြင့် ထိုမွန်းစတားကို ဖိနှိပ်ခြင်း ချိန်းကြိုးထဲတွင် ပိတ်လှောင်ပြီးသည်နှင့် တိုက်ပွဲ ပြီးဆုံးသွားလိမ့်မည်။

လင်းဟွမ်သည် အဲလက်ဇန္ဒြား လင်းယုန် နောက်ကျောပေါ်တွင် လိုက်ပါ စီးနင်းလာကာ သွေးရဲရဲလေး သတ်မှတ်ပေးထားသော ကိုဩဒိနိတ်ကို လျင်မြန်စွာ ရှာတွေ့ခဲ့ပြီး ၎င်း၏ လုံမိန္ဒာကို တွေ့ရှိခဲ့သည်။

၎င်းသည် အရပ် (၂.၅) မီတာခန့် ရှိသော လူသားနှင့်တူသည့် မွန်းစတားတစ်ကောင်ပင်

၎င်း၏ ခန္ဓာကိုယ်နှင့် ဦးခေါင်း အပါအဝင် တစ်ကိုယ်လုံးကို ထူထဲသော ငွေရောင် ချက်ဝတ်တန်ဆာက ဖုံးအုပ်ထား၍ ငွေရောင် ချပ်ဝတ်တန်ဆာ၏ထိပ်တွင် ဦးချိုနှစ်ချောင်း ပါရှိပြီး မျက်လုံးများကိုသာ မြင်နိုင်သည်။

အဝေးမှ လှမ်းကြည့်ပါက ချပ်ဝတ်တန်ဆာအတွင်းထဲ၌ ဘာမှ မရှိသကဲ့သို့ မဲမှောင်နေသည်။ ၎င်း၏လုံ့သည် လင်းဟွမ် မြင်ဖူးခဲ့သော လူသားများ၏ လုံ့များနှင့် မတူဘဲ

တစ်မူထူးခြား၍ အနည်းဆုံး (၃) မီတာခန့်ရှည်ပြီး အနက်ရောင် ဖြစ်သည်။

လှံရှည်၏ ထူးခြားသော အစိတ်အပိုင်းမှာ ပိတ်ထားသော ထီးကြီး တစ်ချောင်းနှင့် တူနေခြင်းပင်။ ၎င်း၏ လက်ကိုင်သည် ပြောင်းဖူးပုံစံကဲ့သို့ အပိုင်းနှစ်ပိုင်း ခွဲခြားထားပြီး လှံတစ်ခုလုံး အရှည်၏ သုံးပုံတစ်ပုံခန့်ကို သိမ်းပိုက်ထားသည်။ ရှည်လျားသော ရိုးတံ၏ ထိပ်ပေါ်တွင် ဝက်အူရစ်ကဲ့သို့ မူလီပုံစံဖြစ်နေသော အရာတစ်ခု ရှိသည်။

ဝက်အူရစ်များကို အဆ တစ်ရာခန့် ချဲ့ထွင်းသလိုပင်။ သို့သော်လည်း ပုံမှန် ဝက်အူရစ်များထက် ပိုမို ထက်ရှကြောင်း ထင်ရှား နေ၏။

လင်းဟွမ်က လေထဲတွင် ပျံသန်းရင်း မွန်းစတားကို အကဲခတ်နေသလို မသေနိုင်သော လုံ့မိစ္ဆာကလည်း လင်းဟွမ်ကို အာရုံခံမိပုံရကာ ရုတ်တရက် ခေါင်းမော့ကာ လင်းဟွမ်ရှိသည့်ဘက်သို့ လှမ်းကြည့်လိုက်ချိန်တွင် ၎င်း၏ နက်မှောင်နေသော မျက်လုံးများသည် အနီရောင် ပြောင်းသွား၏။

ထိုမွန်းစတားသည် လေထဲ၌ လင်းဟွမ်ကို တွေ့ရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ပေ။

ထိုမွန်းစတားနှင့် လင်းဟွမ်တို့သည် လေထဲတွင် အကြည့်ခြင်း ဆုံသွားကြ၍

ငရဲလုံမိစ္ဆာသည် လင်းဟွမ်ရှေ့သို့ ရုတ်တရက် တိုးဝင်လာသည်။

လင်းဟွမ်သည် တွေဝေခြင်းမရှိဘဲ အဲလက်ဇန္ဒြား လင်းယုန်ကို ချက်ချင်း ပျံသန်းရန် ပြောလိုက်ပြီး ပစ်မှတ်ဖြစ်သော မွန်းစတားကြီးကို မျှားခေါ်ရန် ကြိုးစားလိုက်သည်။

မကြာခင် မသေနိုင်သော လုံမိစ္ဆာသည် လင်းဟွမ်တို့နှင့် နီးကပ် လာသည်။ ကံကောင်းထောက်မစွာဖြင့် ချော်ရည်ကန်ကြီးနှင့် သိပ် မဝေးတော့ချေ။

မိနစ်ဝက် မပြည့်ခင် အဲလက်ဇန္ဒြားလင်းယုန်သည် သတ်မှတ်ထား ဦးတည်ရာနေရာသို့ လျှင်မြန်စွာ ဆင်းသက်လိုက်သည်။

လီလန်သည် အဲလက်ဇန္ဒြားလင်းယုန် ရောက်ပြီး မကြာခင် အနက်မှ လိုက်ပါလာသည့် ငွေရောင်ချပ်ဝတ်တန်ဆာ ဝတ်ထားသော ငရဲလုံမိစ္ဆာ

ပါလာသည်ကို မြင်လျှင် ထိတ်လန့်သွားသော်လည်း မူလ အနေအထားအတိုင်း မတ်တပ်ရပ် နေသေးသည်။

အလက်ဇန္ဒြား လင်းယုန်သည် လီလန်နှင့် ဆယ်မီတာပင် မဝေးသောနေရာ၌ ဆင်းသက်ခဲ့ပြီး လင်းဟွမ်က အလက်ဇန္ဒြားလင်းယုန်ကို ချက်ချင်း ပြန်သိမ်းလိုက်သောကြောင့်

မသေနိုင်သော လုံမိစ္ဆာလည်း ဆင်းသက် လာသည်။

လီလန်ကို တစ်ချက် စိုက်ကြည့်ပြီးနောက် စကားနှင့်မဆိုင်းဘဲ လင်းဟွမ်ကို ချက်ချင်း တိုက်ခိုက်လိုက်သည်။ သူ့အတွက် လင်းဟွမ်က ခြိမ်းခြောက်နိုင်စွမ်း ရှိနေသည်မှာ အထင်အရှားပင်

လုံမိစ္ဆာသည် လင်းဟွမ်နှင့် မီတာ (၂၀) ပင် မဝေးသောနေရာ၌ ဆင်းသက်ခဲ့ခြင်းဖြစ်ပြီး ရှေ့သို့ ခြေတစ်လှမ်း တိုးလိုက်သည်နှင့် ၎င်းလက်ထဲမှ လှံသည် လင်းဟွမ်နှင့် နီးကပ်သွားသည်။

လင်းပျှမ်း ရင်ဘတ်နှင့် တစ်မီတာ၊ နှစ်မီတာ အကွာအဝေးသို့ ရောက်သောအခါ လှံဖြင့် လှမ်းထိုး လိုက်သည်။

လင်းပျှမ်းသည် ထိတ်လန့်ခြင်း မရှိဘဲ ဘယ်ဘက် လက်ဖဝါးကို ဆန့်ထုတ်၍ အမှောင်ထု ဒိုင်းကို ချက်ချင်း ဖွဲ့စည်းပြီး လှံကို နောက်ထပ် ရှေ့မတိုးနိုင်အောင် တားဆီးထားသည်။

လင်းပျှမ်း၏ နောက်ကျောတွင် သွေးစုပ်ဖုတ်ကောင် အမှုန်များ စုဝေးလာပြီး သွေးရောင် တောက်ပနေသော ဓားရှည်တစ်ချောင်း

အဖြစ် ပြောင်းလဲသွားသည်။ ထို့နောက် အမှောင်ထုဒိုင်းကို ဖြတ်သန်းပြီး ငရဲလုံ့မိစ္ဆာထံ တိုးဝင်သွား၏။

မသေနိုင်သော လုံ့မိစ္ဆာသည် ၎င်း၏ တိုက်ခိုက်မှုကို တားဆီးထားကြောင်း မြင်လိုက်လျှင် ထိတ်လန့်သွားသည်။ တိုက်ခိုက်မှု စွမ်းအားကို မြင့်တင်ရန် လုပ်နေစဉ် အနီရောင် အလင်းတန်းများက ကျရောက်လာသဖြင့် ချက်ချင်း နောက်ဆုတ်လိုက်သည်။

ငရဲလုံ့မိစ္ဆာအတွက်မူ သူ့ရှေ့တွင် ရပ်နေသော လူသား၏အော်ရာက အစွမ်းထက်ခြင်း မရှိပေ။

သို့သော်လည်း ထိုလူသား၏ ခန္ဓာကိုယ်မှ အစွမ်းထက်သော မွန်းစတားတစ်ကောင်ကို သတ်ဖြတ်ပြီးနောက် ကျန်ခဲ့သော အနံ့အသက်များ ရှိနေသည်။ ထိုအနံ့သည် အခြားအနံ့များနှင့် ပေါင်းစပ်နေသဖြင့် ငရဲလုံမိစ္ဆာသည် မည်သည့် မွန်းစတားကို သတ်ခဲ့ကြောင်း ခွဲခြား၍ မရ ဖြစ်နေသော်လည်း ထိုအချက်က ငရဲလုံမိစ္ဆာကို အန္တရာယ်ရှိကြောင်း မြင့်မြင့်မားမား သတိ ပေးနေခြင်းပင်။

ထို့ကြောင့် လင်းဟွမ် ပထမဦးဆုံး တိုက်ခိုက်လိုက်သောအခါ ငရဲလုံမိစ္ဆာက တွေဝေခြင်းမရှိဘဲ ရှောင်ရှားလိုက်ခြင်းပင်။

ငရဲလုံမိစ္ဆာသည် လင်းဟွမ်က အမှောင်ထုဒိုင်းကို သိမ်းပြီး ကြောက်ရွံ့ခြင်း မရှိဘဲ မတ်ရပ်နေသည်ကို တွေ့လိုက်ရသည်။

သူ၏မျက်လုံးများက အနီရောင် ပြောင်းနေပြီး ထူးခြားသော စွမ်းအားဖြင့် ဖန်တီးထားသည့် ချွန်ထက်သော ဓားတစ်ချောင်းလည်း ရှိနေသည်။ လူသား တစ်ယောက်နှင့်ပင် မတူတော့ချေ။

ငရဲလုံမိစ္ဆာသည် သူနှင့် မီတာ (၂၀) အကွာတွင် မတ်တပ်ရပ်နေသော ပြိုင်ဘက်သည် လူသား ဟုတ်မဟုတ် အတည်ပြုနိုင်ခြင်း မရှိသေးသောကြောင့် လင်းဟွမ်ကို စိုက်ကြည့် နေသည်။

လင်းဟွမ်သည် ထိုမွန်းစတား၏ တုံ့ပြန်မှုကို မြင်သောအခါ ချက်ချင်း ပြုံးလိုက်သည်။ သူ့နောက်ကျောတွင် သွေးစွန်းနေသော အတောင်ပံ သုံးခု လျင်မြန်စွာ ဖြစ်ပေါ်လာပြီး သွေးစုပ်ဖုတ်ကောင် အမှုန်များကို လိုအပ်သော

ပုံစံသို့ စိတ်ကြိုက် ပြောင်းလဲနိုင်သော်လည်း အတောင်ပံများအဖြစ် ပြောင်းလဲရန် ရွေးချယ်လိုက်သည်။ အဓိကအချက်မှာ ထိုပုံစံနှင့် ရင်းနှီးနေသောကြောင့်ပင်

အတောင်လေးခု အပြည့်အဝ ဖွံ့စည်းပြီးသည်နှင့် တစ်ပြိုင်နက် လင်းဟွမ်သည် ဓါးဓါတ်ကွင်းကို ဆင့်ခေါ်လိုက်သည်။

ထို့နောက် တမန်တော် အရှိန်နှင့် မိုးကြိုး ခြေလှမ်းကို တစ်ပြိုင်နက်တည်း အသက်သွင်း၍

မြေပြင်သို့ ပြင်းပြင်းထန်ထန် တစ်ချက်စောင့်နင်းလိုက်ပြီး လုံမိစ္ဆာထံ ပြေးဝင်သွားသည်။

အနီးကပ် တိုက်ခိုက်ခြင်းသည် ထိုမွန်းစတား၏ အားနည်းချက် မဟုတ်သော်လည်း လင်းဟွမ်သည် အဝေးရောက် တိုက်ခိုက်မှုတွင် ကျွမ်းကျင်ခြင်း မရှိပေ။ ထို့ကြောင့် သူ ယုံကြည်သော အနီးကပ် တိုက်ခိုက်ခြင်းကိုသာ ရွေးချယ်လိုက်ခြင်းပင်။

ငရဲလုံမိစ္ဆာ၏ စွမ်းရည်သည် ချော်ရည်ပူနဂါးနှင့် အတူတူပင်။ တစ်ခုတည်းသော ခြားနားချက်မှာ ချော်ရည်ပူနဂါးကြီး၏ အပူချိန်သည် လင်းဟွမ်ကို

အနီးကပ် တိုက်ခိုက်ရန်အတွက် ကန့်သတ်ချက် တစ်ခု ဖြစ်နေခဲ့သည်။ ထို့ကြောင့် ယခုအချိန်၌ လင်းဟွမ်သည် အနီးကပ် တိုက်ခိုက်ရန် သတ္တိရှိနေခြင်းပင်။

လင်းဟွမ်သည် ရှေ့သို့ ပြေးတက်သွားခဲ့ပြီး အချိန်ခဏလေး အတွင်းမှာပင် လုံမိစ္ဆာနှင့် နှစ်မီတာ အကွာအဝေး အောက်သို့ ရောက်ရှိသွား၏။

ဒါကို ကြည့်နေသော လီလန်သည် သူတို့ကြားက အကွာအဝေးက နီးလာသလို ခံစားလိုက်ရသည်။ အမှန်တကယ်ဆို လင်းဟွမ်၏ အမြန်နှုန်းက

လီလန်၏ အမြင်အာရုံ ဖမ်းယူနိုင်သည့် အတိုင်းအတာထက် ကျော်လွန်သွားသောကြောင့် ထင်ယောင်ထင်မှား ဖြစ်သွားခြင်းပင်။

လင်းပွမ်သည် တိုက်ခိုက်နိုင်သော အကွာအဝေးသို့ ရောက်သည်နှင့် တစ်ပြိုင်နက် တွေဝေခြင်း မရှိဘဲ မိုးကြိုးဆူး ဓါးကွက်ကို ထုတ်သုံးလိုက်ရာ လေထဲတွင် ဓားရိပ်များ ထင်ကျန်ခဲ့သည်။

ဒါသည် သူ ပိုင်ဆိုင်ထားသော တမန်တော် အရှိန်ကဲ့သို့ မြန်ဆန်သော အကျွမ်းကျင်ဆုံး ဓါးကျင့်စဉ် တစ်ခုပင်။

လင်းဟွမ်သည် တစ်စက္ကန့်အတွင်းမှာပင် (၅၈) ကြိမ် ဆက်တိုက် တိုက်ခိုက်ခဲ့သည်။ ဤကဲ့သို့ သန်မာသော ပြိုင်ဘက်နှင့် တွေ့ကြုံရသောကြောင့် ပုံမှန် အတိုင်းဆိုလျှင် (၄၆) ကြိမ်သာ တိုက်ခိုက်နိုင်သော အကန့်အသတ်ကို ကျော်ဖြတ်နိုင်ခဲ့သည်။

ဒါသည် အလင်းအလျင်၏ အမြန်နှုန်းပင်။

လင်းဟွမ်ကို မကြောက်ရွံ့ခဲ့သော ငရဲလုံမိစ္ဆာ၏ ပထမဆုံး ခံစားချက်မှာ ထိုလူသား၏ လှုပ်ရှားမှု စွမ်းရည်၊ ဓါးကျွမ်းကျင်မှု သို့မဟုတ် ပေါက်ကွဲနိုင်စွမ်းက ခြိမ်းခြောက်မှု ပေးနေခြင်းပင်။ မည်သို့ပင် ဆိုစေကာမူ သူသည် ကြက်သွေးမီးရောင် မီးလျှံအဆင့် ဖြစ်နေသည်။

သို့သော်လဲ ၎င်း၏အရှိန်သည် လင်းဟွမ်နှင့် တန်းတူ ဖြစ်နေသောကြောင့် ပြန်လည် တိုက်ခိုက်ခြင်းကို မရပ်တန့်ခဲ့ပေ။ သူ့လက်ထဲမှ လှံများသည် ချက်ချင်းဆိုသလို တန်ပြန်

တိုက်ခိုက်လာသည်။ ရိုးတံရှည်သော လှံရှည်သည် ကြီးမားသော ဒိုင်းတစ်ခုနှင့်တူနေပြီး လင်းဟွမ်၏ တိုက်ခိုက်မှုကို ဆယ်ခုထက်မက တားဆီးခဲ့သည်။

အားနည်းခြင်း လုံး၀ မရှိပေ။

ဒါသည် ငရဲလှံမိစ္ဆာ ပေါ်လာသော ဒုတိယအတွေးပင်

လင်းဟွမ်၏ တိုက်ခိုက်မှု တစ်ခုစီတိုင်းသည် အဖြူရောင် မီးလျှံအဆင့် မုဆိုးတစ်ယောက်၏ တိုက်ခိုက်ရေး အစွမ်းနှင့် တန်းတူညီတူ ဖြစ်နေသည်။

ဆယ်ကြိမ်ထက်မက တိုက်ခိုက်ခဲ့ပြီးနောက် သူတို့နှစ်ယောက်သည် သူမသာ၊ ကိုယ်မသာ အခြေအနေသို့ ရောက်ရှိ သွားကြသည်။ လင်းဟွမ်သည် ငရဲလုံမိစ္ဆာ၏ တိုက်ခိုက်မှုများကို မရှောင်းရှား နိုင်လုနီးပါး ဖြစ်သွားခဲ့သောကြောင့် ရှေ့သို့ တစ်ကြိမ် နှစ်ကြိမ် ပြေးတက်လိုက်သည်နှင့် လုံကြီး၏ တိုက်ခိုက်မှုများက လွဲချော်သွားသည်။

“တကယ်တော့ ဒါက မသန်မာဘူး။ အခုလို ဆက်တိုက် လုပ်နေရင် သူ့ရဲ့ ခံစစ်

ကျိုးပေါက်တော့မယ် အဲ့ဒီလိုဆို နောက်ဆုတ်ဖို့ ကြိုးစားလာမှာပဲ”

လင်းဟွမ်သည် ပြိုင်ဘက်၏ တုံ့ပြန်မှုကို ကြည့်ပြီးနောက် ၎င်း၏ ကာကွယ်မှုသည် အကန့်အသတ်သို့ ရောက်နေပြီ ဖြစ်ကြောင်း သိလိုက်သဖြင့်

ယခင်က ကမ္ဘာသန့်စင်ခြင်း ဓါးကွက်ကို အသုံးမပြုခြင်းသည် ထိုမွန်းစတား၏ ခံစစ်အား မကျော်ဖြတ်နိုင်မည်ကို စိုးရိမ်နေသောကြောင့်ပင်။ ယခုအခါတွင်တော့ အဖြေက ထင်ရှားနေပြီ။

“နောက်တစ်ကြိမ် တိုက်ခိုက်လိုက်ရအောင်”

လင်းဟွမ်က အော်ဟစ်၍

တစ်ချက် ခုန်ပြီး မသေနိုင်သော ငရဲလုံ့မိစ္ဆာထံ နောက်တစ်ကြိမ် ပြေးဝင်သွားသည်။

## အခန်း(၃၃၇) - လင်းဟွမ်နှင့် ငရဲလှုံမိစ္ဆာတို့၏တိုက်ပွဲ (၂) ။

"ဒါက လင်းဟွမ်ရဲ့ တကယ့် အရည်အချင်းလား"

ချော်ရည်အိုင် အနား တစ်နေရာတွင် မတ်တပ်ရပ်နေသော လီလန်သည် အံ့သြသင့်နေစဉ်

လင်းဟွမ်သည် ငရဲလုံမိစ္ဆာကို ဦးဆောင်၍ တိုက်ခိုက် နေရုံသာမက ပြိုင်ဘက်ကိုပင် စိတ်လွတ်ကိုယ်လွတ် တိုက်ခိုက် နေခဲ့သည်။

ငရဲလုံမိစ္ဆာသည် သာမန် သန့်ရှင်းမီးလျှံအဆင့် မွန်းစတား တစ်ကောင် မဟုတ်ပေ။ ၎င်း၏ စွမ်းရည်သည် ကြက်သွေးမီးလျှံအဆင့် ဖြစ်ပြီး သန္ဓေနှစ်ကြိမ်ပြောင်း မွန်းစတား တစ်ကောင် ဖြစ်ကာ အပြာရောင် မီးလျှံအဆင့် မွန်းစတားများနှင့်ပင် ယှဉ်နိုင်သည်။

လူသားနှင့်တူသော မွန်းစတား တစ်ကောင်ဖြစ်သဖြင့် ဉာဏ်ရည်သည် လူသားများနှင့် ဆင်တူသည်။ ထိုသို့သော အခြေအနေများကြားထဲတွင် လင်းဟွမ်သည် ဦးဆောင်၍ တိုက်ခိုက်နေသဖြင့် သူ၏ စွမ်းရည်သည် မယုံကြည်နိုင်လောက် ထက်မြက်နေကြောင်း ဖော်ပြနေသဖြင့်

"သူက ပါရမီရှင် တစ်ယောက် ဖြစ်ကိုဖြစ်ရမယ်"

ငရဲလုံ့မိစ္ဆာသည် ချက်ချင်း ကောက်ချက်ချလိုက်သော်လည်း သူ၏

တိုက်ခိုက်ရေးအဆင့်နှင့် သူ၏ စွမ်းရည်သည် မကိုက်ညီပေ။ သူ၏ ခွန်အား၊ အရှိန် သို့မဟုတ် ခါးစွမ်းရည်ပဲဖြစ်ဖြစ် ဒါတွေ အားလုံးသည် ရွှေအဆင့်မုဆိုးတစ်ယောက်၏ စံနှုန်းကို ကျော်လွန်သွားခဲ့ပြီ။

တိုက်ပွဲ ပြင်းထန်လာသည်နှင့် အမျှ လင်းဟွမ်သည် ပို၍ ပို၍ အားကောင်းလာသည်။ ဤကဲ့သို့ အနီးကပ် တိုက်ပွဲများကို စိတ်လွတ်ကိုယ်လွတ် မတိုက်ခိုက်ခဲ့ရသည်မှာ ကြာလှပြီ။

လင်းဟွမ်သည် မိုးကြိုးဆူး ဓါးကျင့်စဉ်ကို အဆက်မပြတ် ထုတ်သုံးပြီး ငရဲလှံမိစ္ဆာကို နောက်ဆုတ်စေရန် အဆက်မပြတ် တွန်းအား ပေးနေခဲ့သော်လည်း ငရဲလှံမိစ္ဆာသည် ပြန်တိုက်ခိုက်နိုင်ခြင်း လုံး၀ မရှိပေ။

မည်သို့ပင်ဆိုစေကာမူ ငရဲလှံမိစ္ဆာသည်လည်း အားမနည်းသော်လည်း အရွယ်အစား ကြီးမားလွန်းသောကြောင့် အနီးကပ် တိုက်ခိုက်ရန် မသင့်တော်ပေ။

လင်းဟွမ်ကလည်း ထိုအားနည်းချက်ကို သိနေသဖြင့် ရည်ရွယ်ချက်ရှိရှိ အနားကပ်ကာ မုန်တိုင်းသဖွယ် အဆက်မပြတ် တိုက်ခိုက်နေခဲ့ခြင်းပင်။

ထို့ကြောင့် ငရဲလုံ့မိစ္ဆာသည် တန်ပြန် တိုက်ခိုက်ရန် နည်းလမ်းမရှိ ဖြစ်နေသည်။

ငရဲလုံ့မိစ္ဆာသည် အကြိမ်ပေါင်းများစွာ နောက်ဆုတ်နေခဲ့ရပြီး လင်းဟွမ်နှင့် အကွာအဝေး တစ်ခု ဖြစ်သွားအောင် နောက်ဆုတ်ချင်နေခဲ့သည်။ သို့သော်လဲ သူ မည်မျှ မြန်မြန် နောက်ဆုတ်စေကာမူ

လင်းဟွမ်က သူ့နောက်သို့ ထပ်ချပ်မကွာ လိုက်ပါနေခဲ့ပြီး မသိပါက လင်းဟွမ်နှင့်သူ့ကို တွဲ၍ ကြိုးချည်ထားသကဲ့သို့ ဖြစ်နေသည်။

လင်းဟွမ်က မိုးကြိုးဆူး ဓါးကျင့်စဉ်ကို သုံးပြီး ဦးဆောင် တိုက်ခိုက်နေခဲ့ကာ တိုက်ခိုက်မှုများသည် လျှပ်စီးလျှပ်နေသည့်အလား မြန်ဆန်လွန်းသည်။

သို့သော်လည်း ငရဲလုံ့မိစ္ဆာ ပေါ်တွင် အကန့်အသတ်နှင့်သာ သက်ရောက်မှု ရှိနေသည်။ ထိုအချက်ကို လင်းဟွမ်ကလည်း ရှင်းရှင်းလင်းလင်း သိထားသဖြင့် ဒါသည် ဈေးကြီးပြီး

အရည်အသွေးကောင်းသော ချပ်ဝတ်တန်ဆာ ဝတ်ဆင်ထားသကဲ့သို့ပင်

သူ၏ တိုက်ခိုက်မှုက ထိမှန်သွားလျှင်ပင် ဒဏ်ရာ ပြင်းပြင်းထန်ထန် ရနိုင်ချေ သိပ်မရှိပေ။

ပြိုင်ဘက်က ဒါကိုသိသွားပြီး တိုက်ခိုက်မှုများကို ခံနိုင်ရည်ရှိကြောင်း သိသွားအခါ ယခုကဲ့သို့ ဦးဆောင်တိုက်ခိုက်နိုင်စွမ်း ရှိတော့မည် မဟုတ်ပေ။

သို့သော်လည်း လင်းဟွမ်သည် ထိုကိစ္စနှင့် ပက်သက်၍ စိုးရိမ်ကြောင့်ကျခြင်း မရှိပေ။ တိုက်ပွဲ၏ နောက်ပိုင်းတွင် ဘာတွေ ဖြစ်ပျက်လာမလဲ

ဆိုသည်ကို ရှင်းရှင်းလင်းလင်း သိနေသဖြင့် ယခုလက်ရှိ သူ လုပ်ရမည့်အရာမှာ ပြင်းပြင်းထန်ထန် တိုက်ခိုက်ခြင်းပင်။

လင်းဟွမ် လက်ထဲမှ ဓားရှည်ကို ရွှေရောင်ကံကြမ္မာစွမ်းအားများ ဖုံးအုပ်ထားသဖြင့် လက်တွေ့တိုက်ပွဲဝင်ရာတွင် ဓားနယ်ပယ်၏ ဒုတိယအဆင့်နှင့် ပေါင်းစပ်ထားသဖြင့် မိုးကြိုးဆူးအား ပိုမို ရင်းနှီးလာပြီး စွမ်းရည်ကတ်တစ်ခု ပြည့်စုံလုနီးပါး ရရှိအောင် လုပ်ဆောင်နိုင်ခဲ့သည်။

ငရဲလုံမိစ္ဆာသည် ပြန်လည် တိုက်ခိုက်နိုင်မည့် အားနည်းချက် ရှာမတွေ့ ဖြစ်နေခဲ့သောကြောင့် ကူကယ်ရာမဲ့စွာ ကာကွယ်ရန်သာ ရွေးချယ် နေခဲ့ရသည်။

မိုးကြိုးဆူး၏ တိုက်ခိုက်မှုတိုင်းသည် လျှင်မြန် လွန်းကာ ကံကြမ္မာစွမ်းအားများ ဖုံးအုပ်ထားသော ဓါးသည် လေထဲတွင် အရိပ်ထပ်နေပြီး ငရဲလုံမိစ္ဆာကို ဖုံးအုပ်ထား၏။

လင်းဟွမ်သည်သည် စွမ်းရည်ကို ပြောင်းလဲလိုက်သည်နှင့် သူ၏ သွေးရောင်

တောက်ပနေသော အတောင်ပံလေးခုသည် ချွန်ထက်သော ဓါးများအဖြစ် တစ်ပြိုင်နက် ပြောင်းသွားပြီး ငရဲလုံမိစ္ဆာကို အနားယူခွင့် လုံးဝ မပေးခဲ့ပေ။

ငရဲလုံမိစ္ဆာသည် လင်းဟွမ်၏ တိုက်ခိုက်မှုများကို ခုခံကာကွယ် နေခဲ့ရသော်လည်း ၎င်း၏ခံစစ်ကို တစ်ချက်မျှ ကျော်ဖြတ်နိုင်ခြင်း မရှိသေးပေ။

လင်းဟွမ်၏ တိုက်ခိုက်မှုများသည် ထင်ထားသလောက် ပြင်းထန်ခြင်း မရှိကြောင်း

သိရှိသွားသော်လည်း ခန္ဓာကိုယ်ကို အသုံးပြု၍ တိုက်ခိုက်မှုများကို မခုခံရဲပေ။

ဤကဲ့သို့ဖြင့် အနီးကပ် တိုက်ခိုက်လာခဲ့သည်မှာ ဆယ်မိနစ်ပင် ကြာသွားခဲ့သည့်တိုင်အောင် လင်းဟွမ်က ဦးဆောင် တိုက်ခိုက်နေဆဲပင်။

လင်းဟွမ်သည် စေ့စေ့စပ်စပ် စိုက်ကြည့်ပြီးနောက် ဓါးကို အရှိန်မြင့်၍ တစ်စက္ကန့်အတွင်း အချက် (၅၀) ခုတ်နေရာမှ (၅၉)ချက်...

အချက် (၆၀)....

(၆၁) ချက်အထိ မြင့်တက်လာခဲ့သည်။

ငရဲလုံမိစ္ဆာသည် လင်းဟွမ်၏ တဝီဝီ မြည်နေသော ဓါးအမြန်နှုန်းကို လိုက်လျောညီထွေ ဖြစ်အောင် အတက်နိုင်ဆုံး ကြိုးစားနေရသောကြောင့် လင်းဟွမ်က သူ၏ တိုက်ခိုက်မှု အမြန်နှုန်းကို တိုးမြင့်လာသောအခါ တောင့်မခံနိုင်တော့ချေ။

ငရဲလုံမိစ္ဆာသည် ဤအတိုင်း ဆက်သွားနေပါက ပြိုင်ဘက်၏ ဖိနှိပ်ခြင်းကို လုံးဝ ခံရတော့မည် ဖြစ်ကြောင်း သတိထားလိုက်မိပြီးနောက် ငရဲလုံမိစ္ဆာသည် ခုခံကာကွယ်နေသော ပုံစံမှ

တိုက်ခိုက်ရေးပုံစံသို့ ပြောင်းလဲလိုက်သည်။ ၎င်း၏ ရင်ဘတ်ကို ထိုးဖောက်လာသော လင်းဟွမ်၏ ဓါးရှည်ကို လုံး၀ လျစ်လျူရှုထားလိုက်သည်။

နောက်ထပ် အခိုက်အတန့်တွင် မသေနိုင်သော ငရဲလှံမိစ္ဆာသည် လှံကို ဝှေ့ယမ်းပြီး လှံ၏ တစ်မီတာအောက်သာ ကျန်သော ရိုးတံကို ဆုပ်ကိုင်လိုက်သည်။ လှံရှည်၏ ထိပ်ဖျားသည် လင်းဟွမ်၏ ရင်ဘတ်ထံသို့ လျင်မြန်စွာ ထိုးဖောက်ဝင်ရောက်လာသည်။

ပြင်းထန်စွာ မတိုက်ခိုက်ခဲ့သော်လည်း အရှိန်အဟုန်က ပြင်းထန်လာသည်။ သူတို့ နှစ်ယောက်ကြားမှ အကွာအဝေးသည် နီးကပ်လွန်းသဖြင့် လင်းဟွမ်သည် ကာကွယ်ရန်အတွက် အမှောင်ထုဒိုင်းကို အချိန်မီ မခေါ်နိုင်ခဲ့ပေ။

ထို့ကြောင့် တိုက်ခိုက်မှုကို ကာကွယ်နိုင်ရန် အတောင်ပံတစ်ခုကို ဒိုင်းအဖြစ် ချက်ချင်းပြောင်းပြီး ကာကွယ်လိုက်ရသည်။

ထို့နောက် ငရဲလုံမိစ္ဆာသည် ထိုအခွင့်အရေးကို ဆုပ်ကိုင်ကာ လင်းဟွမ်နှင့် ခပ်ဝေးဝေးသို့ ဆုတ်ခွာသွားသည်။ ဟန်ချက်ကို မထိန်းနိုင်ခင် ခေါင်းငုံ့၍ လင်းဟွမ်က လျှပ်တပြက် ခုတ်ခဲ့သော နေရာသို့ ကြည့်လိုက်ရာ သူ့ခန္ဓာကိုယ်ပေါ်တွင် ဒဏ်ရာ နှစ်ချက်၊ သုံးချက် ရှိနေခဲ့ပြီ။

လင်းဟွမ်သည် ချပ်ဝတ်တန်ဆာ အပေါ်၌ ဆယ်မီတာခန့် ရှိသော ခြစ်ရာများကိုသာ ချန်ထားခဲ့နိုင်သဖြင့် ထိုတိုက်ခိုက်မှုကြောင့် ဒဏ်ရာ တစ်စုံတစ်ရာမှ မရခဲ့ကြောင်းကို သံသယ ရှိစရာ

မလိုပေ။ ၎င်း၏ခံစစ်အလွှာကို ချိုးဖျက်နိုင်လိမ့်မည် မဟုတ်သောကြောင့်ပင်

ငရဲလုံမိစ္ဆာက အဝေးသို့ ဆုတ်ခွာသွားသော်လည်း လင်းဟွမ်က မလိုက်တော့ပေ။ အကြောင်းမူ အနီးကပ်တိုက်ခိုက်မှုကလည်း ၎င်း၏ ခံစစ်ကို မချိုးဖျက်နိုင်ကြောင်း သိထားသောကြောင့် ထိုသို့ ဆက်လိုက်နေပါက အဓိပ္ပါယ် မရှိတော့ပေ။

"လူသား မင်းက သန်မာတယ်ဆိုတာ ငါ ဝန်ခံတယ်။ ဒါပေမယ့် အကန့်အသတ်ပဲ။ နောက်ဆုံးတော့ ငါတို့ရဲ့ တိုက်ခိုက်ရေးအဆင့်က

ကြီးကြီးမားမား ကွာခြားနေတယ်။ မင်းရဲ့ အရည်အချင်းကို ထပ်မံ မွန်းမံနိုင်တဲ့ နည်းလမ်းမရှိရင် ငါ့ရဲ့ခံစစ်ကို ချိုးဖျက်နိုင်မှာ မဟုတ်ဘူး”

ငရဲလုံမိစ္ဆာက လင်းဟွမ်ကို လှံနှင့်ချိန်ရွယ်ပြီး ပြောလိုက်သဖြင့် ထိုသုံးသပ်ချက်ကို ကြားလိုက်သည်နှင့် တစ်ပြိုင်နက် လင်းဟွမ်သည် မနီးမဝေးတွင် ရပ်နေသော လီလန်ကို လှမ်းကြည့်လိုက်သည်။

“မင်းရဲ့အဖော်က သေနတ် နယ်ပယ်ကိုတောင် ကောင်းကောင်း မကျွမ်းကျင်သေးဘူးဆိုတာ ငါသိတယ်။ သူ့ရဲ့ တိုက်ခိုက်ရေးအစွမ်းက မင်း ထက်တောင် အားနည်းနေဦးမှာ။ မင်းတို့ နှစ်ယောက်ပေါင်းပြီး တိုက်ခိုက်ရင်တောင် ငါ့ကို အနိုင်ယူဖို့ မဖြစ်နိုင်ဘူး”

“မင်းက တိုက်ပွဲရလာဒ်ကို ဆုံးဖြတ်နိုင်တဲ့လူ မဟုတ်ဘူး”

ထို့နောက် လင်းဟွမ်သည် ငရဲလုံမိစ္ဆာထံ ပြေးဝင်သွားပြီး သူ၏ သွေးစွန်းနေသော

တောင်ပံလေးခုလုံးကို ဓါးအဖြစ် ပြောင်းလဲလိုက်ကာ မျက်လုံးက အနီရောင် ပြောင်းလာ၏။

ငရဲလုံ့မိစ္ဆာက လျှောင်သလိုလို ရယ်မောလိုက်သည်။ လင်းဟွမ်က ဒေါသ ပေါက်ကွဲနေပုံရသဖြင့် လုံ့ကိုကိုင်ရင်း လင်းဟွမ်၏ တိုက်ခိုက်မှုများကို အလွယ်တကူ ရှောင်တိမ်း၍ ကာကွယ်လိုက်သည်။

အဓိကတိုက်ပွဲ၌ သူူလိုချင်သော နေရာနှင့် သုံးမီတာသာ ကွာနေတော့သည်။ လင်းဟွမ်

ခန့်မှန်းထားသည်ထက်ပင် စောစီး၍ ရောက်လာခဲ့ချိန်တွင်

"ငါ့ရဲ့တိုက်ခိုက်မှုက မင်းရဲ့ ခံစစ်ကို မချိုးဖျက်နိုင်ဘူးဆိုတာ အမှန်ပဲ။ ငါတို့ရဲ့ စွမ်းအင်တွေကို ဒီအတိုင်း ဆက်သုံးနေရင်း မင်းရဲ့ ကံကြမ္မာစွမ်းအား ကုန်သွားပြီး ငါ့ကို ရှုံးသွားနိုင်တာပဲ"

လင်းဟွမ်က ရန်စသလို ပြောလိုက်လျှင်

"မင်း ယုံကြည်မှု လွန်ကဲနေပြီ လူသား။ မင်းက ငါ့ရဲ့ ကျပန်းတိုက်ခိုက်မှုတွေကို ရှောင်တိမ်း

နိုင်ပေမယ့် ငါ တကယ် တိုက်ခိုက်လာတဲ့ အခါကျရင် မင်း တောင့်မခံနိုင်မှာဘဲ စိုးရိမ်မိတယ်”

ငရဲလုံမိစ္ဆာက သူ၏ တိုက်ခိုက်ရေးအစွမ်းကို တော်တော်လေး ယုံကြည်နေပုံပင်

“ငါတို့ကြား ကွာဟချက်က ဘယ်လောက်ကြီးမားတယ်ဆိုတာ မင်းကို ငါ ပြမယ်”

ငရဲလုံမိစ္ဆာသည် စကားပြောပြီးသည်နှင့် တစ်ပြိုင်နက် ငွေရောင် အလင်းတန်းအဖြစ် ပြောင်းလဲသွားကာ လင်းဟွမ်ထံ ပြေးဝင်လာသည်။

လျှင်မြန်လွန်းသဖြင့် မြေပြင်ပေါ်တွင် ငွေရောင် အရိပ်များသာ ထင်ကျန်ခဲ့၏။

လင်းဟွမ်သည် ပြေးဝင်လာသော ငရဲလုံမိစ္ဆာကို ကြောက်ရွံ့ခြင်းမရှိဘဲ ဓါးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ တိုက်ခိုက်လိုက်သဘ်

ဒိုင်း.....

နောက်ထပ် အခိုက်အတန့်တွင် ဝက်အူရစ် လုံထိပ်ဖျားနှင့် ဓါးသွားတို့ ထိမိသွားပြီး ကျယ်လောင်သော ပေါက်ကွဲသံကြီး

ထွက်ပေါ်လာကာ မြေပြင် တစ်ခုလုံး တုန်ခါ၍ ဖုန်တထောင်းထောင်း ထသွားသည်။

မကြာခင် လူသားပုံစံ ရှိနေသော မွန်းစတားသည် မူလအနေအထားအတိုင်းတွင် ရပ်နေခဲ့သည်။ အံ့ဩစရာကောင်းသည်မှာ ငွေရောင်ချပ်ဝတ်တန်ဆာ ဝတ်ထားသော လုံသမားတစ်ယောက်ပင်။

လင်းဟွမ်ကမူ ဆယ်မီတာ အထိ လွင့်ထွက်သွားပြီး ဟန်ချက်ကို ပြန်ထိန်း နိုင်သည့်အချိန်၌ သွေးအတောင့်လိုက် အန်ထွက်

သွားကြီး ဝိညာဉ် ချော်ရည်အိုင်ထဲသို့ ပြုတ်ကျရန် တစ်မီတာ၊ နှစ်မီတာခန့်သာ ဝေးကွာတော့သည်။

"တကယ်ပဲ သူ့ကို မျက်နှာချင်းဆိုင်ပြီး မတိုက်ခိုက်နိုင်ဘူး"

လင်းဟွမ်သည် စိတ်ထဲက တွေးလိုက်သည်။

ငရဲလုံမိစ္ဆာသည် သဘောသဘာဝအရ လင်းဟွမ်က ချော်ရည်ထဲသို့ ပြုတ်ကျသွားသည်နှင့် ခုခံကာကွယ်နိုင်စွမ်း မရှိကြောင်း သိထားသဖြင့် ထိုအခွင့်အရေးကို ဆုပ်ကိုင်ကာ လင်းဟွမ်ထံ ဦးတည်၍ ပြေးဝင်လာသည်။ လင်းဟွမ်ကို

တစ်ချက် ထိမှန်လိုက်သည်နှင့် နောက်သို့ လွင့်ထွက်သွားကာ ချော်ရည်ကန်ထဲ ပြုတ်ကျ၍ အခြေခံအားဖြင့် တိုက်ပွဲ ပြီးဆုံးသွားလိမ့်မည်။

လင်းဟွမ်သည် သူ့နောက်မှ ထွက်ပေါ်လာသည့် မြင့်မားသော အပူချိန်ကို ခံစားမိသော်လည်း နောက်ပြန် လှည့်မကြည့်ဘဲ ငရဲလုံ့မိစ္ဆာကိုပင် စိုက်ကြည့်နေ၏။

သူ့ထံ ပြေးဝင်လာသော ငရဲလုံ့မိစ္ဆာကို မြင်လိုက်လျှင် အချိန်မဆိုင်းတော့ဘဲ ဘယ်ဘက်

လက်ဖဝါးကို လေပေါ်သို့ မြှောက်ပြီး အမှောင်ထုဒိုင်းကို ဖန်ဆင်းလိုက်သည်။

ထိုအခိုက်အတန့်မှာပင် ငရဲလှံမိစ္ဆာက သူ့ထံ ရောက်ရှိလာပြီး လှံထိပ်ဖျားသည် အမှောင်ထုဒိုင်းပေါ် ကျရောက်သွားသည်။

ဘုန်း.......

ပေါက်ကွဲသံ ထွက်ပေါ်လာသည်နှင့် လှံရှည်ပေါ်မှ အနက်ရောင် စွမ်းအားများ ထွက်ပေါ်လာကာ ဝက်အူရစ်နှင့် တူနေသောလှံသည် လျှပ်စီး လွန်သွားကဲ့သို့ ရှူးသွပ်စွာ လည်ပတ်နေသည်။

**အခန်း(၃၃၈) - လီလန် အဆင့်တက်ခြင်း။**

လုံထိပ်ဖျားပေါ်တွင် ဖြစ်ပျက်နေသော အပြောင်းအလဲများသည် လင်းဟွမ်၏ မျှော်လင့်ချက်အတွင်း မရှိတော့ပေ။

ကမ္ဘာသန့်စင်ခြင်း ဓါးကွက်သည် မည်မျှကြောက်စရာ ကောင်းကြောင်း သိသည့်အတွက် အမှောင်ထုဒိုင်းအပေါ် ယုံကြည်ချက်အားကောင်းသည်။

အမှောင်ထု ဒိုင်းသည် ကမ္ဘာသန့်စင်ခြင်း ခါးကွက်ထက် ဆယ်ဆ ပိုမို၍ မပြင်းထန်သော ခုခံကာကွယ်မှုကို ခံနိုင်ရည်စွမ်းရှိသောကြောင့် ပြိုကွဲသွားမည်ကို စိုးရိမ်ခြင်း မရှိပေ။

ထူးခြားဆန်းကြယ်သော စွမ်းရည်ဖြင့် တိုက်ခိုက်ခံရသော်လည်း အချိန်တိုလေး အတွင်းတွင် ပြိုကွဲသွားမည် မဟုတ်ပေ။

လင်းဟွမ်က ပြုံးဖြဲဖြဲ လုပ်လိုက်သည်။ သူ့နောက်ကျောမှ သွေးရောင် တောက်ပနေသော အတောင်ပံလေးခုသည် ချွန်ထက်သော ခါးသွားများ

အဖြစ် ပြောင်းလဲ သွားပြီးနောက် အမှောင်ထုဒိုင်းကို ဖြတ်ကျော်ကာ ငရဲလုံမိစ္ဆာထံ တိုးဝင်သွားသည်။

လင်းဟွမ်၏ တိုက်ခိုက်မှုက ၎င်း၏ခံစစ်ကို ချိုးဖျက်နိုင်ခြင်း မရှိဟု ငရဲလုံမိစ္ဆာက ယူဆထားသဖြင့် လျစ်လျူရှုထားလိုက်သည်။ ထိုအစား တိုက်ခိုက်မှုအစွမ်းကို မြှင့်တင်ရန် ကံကြမ္မာစွမ်းအား အပြည့် ထည့်သွင်းလိုက်၏။

သွေးရောင် တောက်ပနေသော ဓါး လေးချောင်းသည် ငရဲလုံမိစ္ဆာ၏ ခန္ဓာကိုယ်နှင့် အဆက်မပြတ် ထိမှန်သွားကာ သတ္တုချင်း

ထိတိုက်မိသည့်အသံ ကြားလိုက်ရသော်လည်း ငွေရောင် ချပ်ဝတ်တန်ဆာပေါ်တွင် ခြစ်ရာကိုပင် မတွေ့ရ။

"ငါ့ကို ကလိထိုးဖို့ ကြိုးစားနေတာလား"

ငရဲလုံ့မိစ္ဆာက လှောင်ပြောင်လိုက်ချိန်

အမှောင်ထု ဒိုင်းထဲတွင် အကြံများစွာဖြင့် ပြုံးနေသော လင်းဟွမ်၏ မျက်နှာကို မမြင်နိုင်ပေ။

သွေးစုပ်ဖုတ်ကောင် အမှုန်များနှင့် ပြုလုပ်ထားသည့် ချွန်ထက်သော ဓါးများသည်

ချိန်းကြိုးများအဖြစ် ချက်ချင်း ပြောင်းလဲသွားပြီး ထိုကြိုးများသည် ငရဲလုံမိစ္ဆာ၏ လက်နှင့် ခြေထောက်ကို ချက်ချင်း ရစ်ပတ်လိုက်သည်။

ငရဲလုံမိစ္ဆာသည် ကြောက်လန့် သွားကာ ကြိုးများကို ဖြတ်တောက်ခါနီး၌ မီးတောက် တောက်လောင်နေသော ချိန်ကြိုး အချို့သည် အမှောင်ထဲမှ ရုတ်တရက် ထွက်ပေါ်လာသည်။

သွေးရောင် တောက်ပနေသော ကြိုးနှစ်ချောင်း ပြတ်တောက် သွားသည်နှင့်တပြိုင်နက် ၎င်း၏

ခြေချင်းဝတ်များကို ဖိနှိပ်ခြင်း ချိန်းကြိုးများက ချိတ်ပိတ်၍ ချုပ်နှောင်သွားသည်။

ငရဲလုံ့မိစ္ဆာသည် ဖိနှိပ်ခြင်း ချိန်းကြိုးကိုးခု၏ ချုပ်နှောင်ခြင်းကို ခံလိုက်ရပြီး ကံကြမ္မာစွမ်းအားများ ချိတ်ပိတ် ခံလိုက်ရချိန်တွင်

သူတို့နှင့် မနီးမဝေးတွင် ရှိနေသော လီလန်သည် သူ့ထက်ထဲမှလှံကို ဝိညာဉ်မြွေအဖြစ် ပြောင်းလဲပြီး ပစ်လွတ်လိုက်ရာ ငရဲလုံ့မိစ္ဆာ၏ မျက်လုံးမှ တစ်ဆင့် ထိုးဖောက် ဝင်ရောက်သွားသည်။

ငရဲလုံမိစ္ဆာ၏ မျက်လုံးထဲမှ အနီရောင်အလင်းများသည် မှေးမှိန်လာစဉ်

လင်းဟွမ်သည် ငရဲလုံမိစ္ဆာ၏ အောင်ရာများ မှိန်ကျသွားသည်ကို မြင်လိုက်လျှင် အမှောင်ထုဒိုင်းကို ပြန်ရုတ်သိမ်းပြီး မျှော်လင့်ချက် အရိုးဝိညာဉ်ကို ပြန်သိမ်းလိုက်ပြီးနောက် လီလန်နှင့် ဝေးရာသို့ ဆုတ်ခွာသွားလိုက်သည်။

သူ့ကြောင့် လီလန်၏ မီးစာထုတ်ယူခြင်း လုပ်ငန်းစဉ်အပေါ် အနှောက်အယှက် ဖြစ်သွားမည်ကို စိုးရိမ်နေခြင်းပင်

လီလန်သည် ငရဲလှုံမိစ္ဆာ၏ ခေါင်းပေါ် လက်တင်ပြီး ကံကြမ္မာစွမ်းအားများ ထည့်သွင်းလိုက်ပြီးမကြာခင် ငရဲလှုံမိစ္ဆာ၏ ခန္ဓာကိုယ်ထဲမှ ဖြူဖွေးသော အလင်းရောင်များ တုံ့ပြန်လာသည်။ ငရဲလှုံမိစ္ဆာ၏ မီးစာသည် လီလန်နှင့် အလွန် လိုက်ဖက်နေကြောင်း ထင်ရှားနေ၏။

လင်းဟွမ်သည် လီလန်၏အော်ရာ စတင်ပြောင်းလဲလာသည်ကို မြင်ပြီးနောက် လီလန်သည် မီးစာထုတ်ယူခြင်း လုပ်ငန်းစဉ် အောင်မြင်သွားပြီ

ဖြစ်ကြောင်း သိလိုက်ရသဖြင့် စိတ်သက်သာရာ ရသွားသည်။

တိုက်ပွဲသည် သူ့အတွက် မလွယ်ကူခဲ့ပေ။ ငရဲလုံ မိစ္ဆာကဲ့သို့ ကြောက်စရာကောင်းသော ရန်သူနှင့် ရင်ဆိုင်ရသောအခါ အစွမ်းကုန် အားထုတ်ခဲ့ရသည်။

"ငါ့ရဲ့ အမြန်နှုန်းနဲ့ ဓားစွမ်းရည်မှာ ချို့ယွင်းချက် မရှိပေမယ့် ငါ့ရဲ့ခွန်အားက မွန်းစတားထက် အများကြီး အားနည်းတယ်။ ငါ့ရဲ့ခွန်အားကို မြှင့်တင်ပေးနိုင်တဲ့ အရာတွေ၊ အစွမ်းထက်တဲ့ ကျင့်စဉ်တွေ ပိုင်ဆိုင်ထားရင်တောင်

အဖြူရောင်မီးလျှံအဆင့် လူသားတွေနဲ့တော့ နိုင်ယှဉ်နိုင်ပေမယ့် ကြက်သွေးရောင် မီးလျှံအဆင့် မွန်းစတား ရှေ့လည်းရောက်ရော ရလဒ် တစ်ခုတောင် မရှိတော့ဘူး”

“နောက်ပြီးတော့ ငါတို့ရဲ့ ကံကြမ္မာစွမ်းအားတွေ ကြားမှာ ကွာခြားချက် ရှိနေတယ်။ သူ့ရဲ့ ကံကြမ္မာစွမ်းအားက ငါ့ထက် ပိုကောင်းပြီး ပိုသိပ်သည်းတဲ့အတွက် သူ့ရဲ့ခံစစ်ကို ငါ မချိုးဖျက်နိုင်တဲ့ အကြောင်းရင်းက ငွေရောင်ချပ်ဝတ်တန်ဆာ အပေါ်မှာ ကံကြမ္မာ

စွမ်းအားတွေ အားဖြည့်ပေးထားလို့ပဲ။ ဒါက ငါ့ကံကြမ္မာ စွမ်းအား အကျိုးသက်ရောက်မှုကို သိသိသာသာ လျော့ကျစေတယ်”

“နောက်ပြီးတော့ ငါ သုံးနေတဲ့ဓါးက ကြယ်သုံးပွင့်ရှိတဲ့ ဓါတ်ကြွင်းဖြစ်ပြီး အရည်အသွေး မမြင့်ဘူး။ ဒါကို ကြယ်လေးပွင့် ကြယ်ငါးပွင့်အထိ အဆင့်မြှင့်လိုက်ရင် ငါ့ရဲ့ တိုက်ခိုက်ရေးအစွမ်း မြင့်လာဖို့ များတယ်”

လင်းဟွမ်သည် စိတ်ထဲမှနေ၍ ရလဒ်များကို ခွဲခြမ်းစိတ်ဖြာ နေခဲ့သည်။ တိုက်ပွဲအတွင်း၌

အားနည်းချက်များစွာကို ရှာတွေ့ခဲ့ပြီး ပိုမိုကောင်းမွန်အောင် လုပ်ဆောင်နိုင်မည့် နည်းလမ်းများကို တွေးတော စဉ်းစားနေခဲ့သည်။

"သန့်ရှင်း မီးလျှံအဆင့်ကို မတက်ခင် ဒီလေ့ကျင့်မှုကနေတစ်ဆင့် ငါ့ဆီမှာ မြင့်တင်လို့ရတဲ့နေရာတွေ အများကြီး ကျန်နေသေးတယ်။ ပြီးတော့ အခုချိန်အထိ ခွန်အားနဲ့ပက်သက်တဲ့ အထူးလေ့ကျင့်မှု မလုပ်ရသေးဘူး။ ရွှေအဆင့် ပြည့်ဝအဆင့်ကို ရောက်သွားရင် ငါရဲ့ကံကြမ္မာစွမ်းအားက သိသိသာသာ မြင့်တက်လာမှာပဲ။

သန့်ရှင်းမီးလျှံအဆင့်နဲ့ မယှဉ်နိုင်ပေမယ့် တိုက်စစ်နဲ့ ခံစစ်အပိုင်းမှာ နည်းနည်းတော့ တိုးတက်လာအုံးမယ်။ ဒီနေရာက ထွက်သွားတာနဲ့ အခြားအရာတွေ ထက်စာရင် သန့်ရှင်းမီးလျှံအဆင့်အထိ သုံးလို့ရတဲ့ ကြယ်ငါးပွင့်ဓါးဓါတ်ကြွင်းကို ရှာတာ အကောင်းဆုံးပဲ”

ချော်ရည်အိုင်နားတွင် ရှိနေသော လီလန်သည် မီးစာ စတင်လောင်ကျွမ်းခြင်းနှင့် ခန္ဓာကိုယ် အသွင်ပြောင်းလဲခြင်း ကနဦး လုပ်ငန်းစဉ် အဆုံးသတ်ရန် သုံးနာရီကျော် ကြာမြင့်ခဲ့ပြီးနောက်

သူပထမဆုံး လုပ်လိုက်သော အရာမှာ လင်းဟွမ်ကို ကျေးဇူးတင်စကား လှမ်းပြောခြင်းပင်။

"ကျေးဇူးတင်ပါတယ်။ မင်းဆီက အကူအညီသာ မရရင် ဒီမီးစာကို ရခဲ့မှာမဟုတ်ဘူး"

"အား...... ရပါတယ်။ ဒါက သူငယ်ချင်း အချင်းချင်း လုပ်ပေးရမယ့်အရာပဲ"

လင်းဟွမ်သည် ပြုံးရင်း ခေါင်းညိတ်ပြီးနောက် မြေပြင်တွင် လဲနေသော ငရဲမိစ္ဆာအလောင်းကို ကြည့်လိုက်ပြီး

“ဒီအလောင်းက ငါ့ဥစ္စာပဲ”

“ဒါပေါ့”

လီလန်က ချက်ချင်း အတည်ပြုလိုက်သည်။

သူ့အတွက်လည်း အသုံးမဝင်ပေ။

ထို အသေကောင်အလောင်းကို ယူသွားလျှင်ပင် အများဆုံးမှ အကျိုးဆောင်အမှတ် အချို့သာ ရရှိလိမ့်မည်။ ထို့အပြင် လင်းဟွမ်က ထိုကောင်ကို သတ်မည့်အစား သူ့ကို ပေးသတ်ခဲ့ခြင်းပင်။

လင်းဟွမ်သည် အလောင်းကို သိမ်းပြီးနောက် အပြာရောင် ပြောင်းထားသော မှင်နက်ကို ဆင့်ခေါ်လိုက်သည်။

သူတို့နှစ်ယောက်သည် တံခါးဖွင့်ပြီး လမ်းလျှောက်ဝင်သွားကြလျှင်

မနက်ခင်း အစောပိုင်းက ရီရီယွီကို နှုတ်ဆက်ခဲ့သည့် နေရာသို့ ပြန်ရောက်သွားကြသည်။ သူမတို့သည် မူလနေရာမှာပင် ရှိနေကြသေး၏။

ဖဲသမားမျက်နှာနှင့် ဝန်ထမ်းသည် နှစ်မီတာရှည်သော အမည်မသိသည့် မွန်းစတားတစ်ကောင်၏ပေါင်ကို ကင်ရင်း အလုပ်ရှုပ်နေသည်။

ခဏအကြာ ပေါင်၏မျက်နှာပြင်သည် ရွှေအိုရောင် တောက်ပလာပြီး အမွှေးနံ့များ ထွက်ပေါ်လာသည်။

ရီရီယွီက ပေါင်ကို စိုက်ကြည့်နေပြီး ပေါ်လာသော လီလန်နှင့် လင်းဟွမ်တို့လည်း တပြိုင်နက်တည်း လှမ်းကြည့်လိုက်ကြသည်။

"မင်းတို့နှစ်ယောက် ပြန်လာပြီလား။ ဘာလို့ ဒီလောက် ကြာနေရတာလဲ"

ရီရီယွီက ညည်းတွား၍ လီလန်က အဆင့်တက်သွားပြီ ဖြစ်ကြောင်း သိလိုက်သည်။ ယခုအခါ သူမနဲ့အဆင့်တူ သန့်ရှင်း မီးလျှံအဆင့်သို့ ရောက်ရှိနေပြီ ဖြစ်သော်လည်း သူမက အံ့အားသင့်စရာ ကောင်းသည်ဟု မထင်ပေ။

"အင်း။ မီးစာ လောင်ကျွမ်းအောင်လုပ်ရင်း နည်းနည်း ကြာသွားတာ"

လီလန်က ပြောလိုက်သည်။

အဖြူရောင် မီးလျှံအဆင့်ကို ရောက်ပြီးနောက် စိတ်အခြေအနေ ပြန်လည် ကောင်းမွန်လာခဲ့သည်။

"မင်းတို့ကောင်တွေ ငရဲလှုံမီးစ္ဆာကို တကယ်ပဲ သတ်ခဲ့တာလား"

ဖဲသမားမျက်နှာက ဒါကို မယုံပေ။ လီလန်အတွက် မီးစာရအောင် အခြား မွန်စတားများကို လိုက်ရှာခဲ့လိမ့်မည်ဟု ထင်နေသည်။

"ဒါပေါ့"

လီလန်က ယုံကြည်မှုအပြည့်နှင့် ခေါင်းငြိမ့်လိုက်သည်။

ဖဲသမားမျက်နှာသည် လီလန် မျက်နှာကို တချက် ကြည့်လိုက်သည့်တိုင်အောင် လိမ်ပြောနေသည်ဟု ခံစားနေရဆဲပင်။

သို့သော်လည်း ကျယ်ကျယ် မပြောရဲသဖြင့် အသားသာ ဆက်ကင်နေလိုက်သည်။

"မြန်မြန်လေး။ ငရဲလှုံမိစ္ဆာက ဘယ်လိုပုံစံလဲ ဆိုတာ ပြပါအုံး"

ရီရီယွီက ရောက်လာပြီး လင်းဟွမ်ကို မေးလိုက်လျှင်

လင်းဟွမ်သည် ကူကယ်ရာမဲ့စွာ အလေောင်းကို ထုတ်ယူလိုက်သည်။

ဖဲသမားမျက်နှာသည် အလေောင်းကို စိုက်ကြည့်ပြီးနောက် ငရဲလှံမိစ္ဆာ ဖြစ်နေကြောင်း တွေ့လိုက်ရသဖြင့် သေသေချာချာ ကြည့်ပြီးနောက် ပို၍ပင် အံ့အောသင့်သွားကာ

“ဒီကောင်က ကြက်သွေးရောင် မီးလျှံအဆင့် ငရဲလှံမိစ္ဆာကြီးလား”

"ဘယ်လို ဖြစ်နိုင်မှာလဲ။ ကြက်သွေးရောင် မီးလျှံအဆင့် မွန်းစတား တစ်ကောင်ဆိုတာ ဘယ်လိုသိတာလဲ"

ရီရီယွီက သိချင်စိတ်ဖြင့် မေးလိုက်သော်

"လက်ကိုကြည့်လိုက် သူ့ရဲ့လက်နှစ်ဖက်မှာရှိတဲ့ သလင်းကျောက်တွေက အနီရောင် ဖြစ်နေတယ်"

ဖဲသမားမျက်နှာက

"လက်ဝါးပေါ်မှာ ရှိတဲ့ သလင်းကျောက် အရောင်က မတူညီတဲ့ တိုက်ခိုက်ရေး အဆင့်ပေါ်မူတည်ပြီး အရောင်ကွဲသွားတာ"

ထို့နောက် သူတို့သုံးယောက်သည် ငွေရောင်ချပ်ဝတ်တန်ဆာ အမြဲတမ်း ဝတ်ထားသော မွန်းစတားကြီး၏ လက်မောင်းတွင် လက်မအရွယ် အနီရောင် သလင်းကျောက် တစ်ခုရှိနေကြောင်း သတိထားလိုက်မိသည်။ လက်မောင်းထဲတွင် ပတ္တမြားနှစ်လုံး မြုပ်ထားသကဲ့သို့ပင်။

"အခု မင်းက သန္ဓေနှစ်ကြိမ်းပြောင်း ကြက်သွေးရောင် မီးလျှံအဆင့် မွန်းစတား တစ်ကောင်ကို သတ်နိုင်နေပြီလား"

ရီရီယွီသည် မွန်းစတား၏ တိုက်ခိုက်ရေး အဆင့်ကို အတည်ပြုပြီးနောက် လင်းဟွမ်ကို အံ့အောသင့်စွာ လှမ်းကြည့်၍ လင်းဟွမ်က မှန်းဆ၍ မရကြောင်း ခံစားလာရသည်။

"ငါ့ ကံကောင်းလို့ပါ"

လင်းဟွမ်သည် ဖဲသမားမျက်နှာက သူ့ကို ထူးဆန်းသော မျက်နှာဖြင့် စိုက်ကြည့်နေသည်ကို

မြင်လိုက်လျှင် စပ်ဖြဲဖြဲ ပြုံးပြလိုက်ပြီးနောက် စကားလမ်းကြောင်း ပြောင်းကာ

"ငါတို့ အချိန်မှန် ပြန်ရောက်လာတဲ့ပုံပဲ။ နေ့လည်စာအတွက် အသားကင်တွေလည်း ရှိနေတော့"

## အခန်း(၃၃၉) - မွန်းစတားများ အလုံးအရင်းနှင့် တိုက်ခိုက်လာခြင်း။

လင်းဟွမ်နှင့် လီလန်တို့သည် နေ့လည်စာ ဝင်စားကြသော်လည်း ဖဲသမားမျက်နှာသည် လင်းဟွမ်တို့ ဝင်စားသည်ကို ဘာမှမပြောပေ။ အကြောင်းမှု ထိုပေါင်ကို သူနှင့်ရီရီယွီတို့ နှစ်ယောက်တည်း ကုန်အောင် မစားနိုင်သောကြောင့်ပင်။

နေ့လည်စာ စားပြီးနောက် သူတို့သုံးယောက်သည် စကားပြောနေကြစဉ် ဖဲသမားမျက်နှာသည် သူတို့ စကားဝိုင်းထဲ ဝင်မပါဘဲ ဘေးတွင်ထိုင်ပြီး တရေးတမော အိပ်နေသည်။

လီလန်နှင့် ရီရီယွီတို့သည် ဟင်းလင်းပြင် အပျက်အစီး နေရာသို့ ဝင်ရောက်ခဲ့သော ပန်းတိုင်ဖြစ်သည့် သန့်ရှင်းမီးလျှံအဆင့်ကို တက်လှမ်းနိုင်ခဲ့ပြီ ဖြစ်သောကြောင့် ရည်မှန်းချက်များ ပြည့်ဝ သွားကြ၏။

လင်းဟွမ်အတွက်ကမူ အာဏာရှင်၏ ချိတ်ဖွင့်ခြင်း လုပ်ငန်းစဉ်ကို အောင်မြင်အောင် ဆောင်ရွက်နိုင်လျှင် ကျန်သည့်အရာများက အပိုဆုများသာ....။

သူတို့သုံးယောက်သည် ဒုတိယအကျော့ လေ့ကျင့်မှုကို ဖြတ်သန်းနိုင်ပြီ ဖြစ်သောကြောင့် စိတ်အေးလက်အေး ရှိနေကြသည်။

ဖဲသမား မျက်နှာသည် သူတို့သုံးယောက်ထံမှ တာဝန်ကို ပြီးမြောက်အောင်မြင်ထားပြီ ဖြစ်ကြောင်း

ကြားခဲ့ရသဖြင့် မွန်းစတားများကို လိုက်လံ ရှာဖွေရန် မတိုက်တွန်းတော့ပေ။

“လင်းဟွမ်၊ ငါတို့ နှစ်ယောက်လုံးရဲ့ ရည်မှန်းချက်ကတော့ ပြည့်ဝသွားပြီ။ မင်းရဲ့ ပန်းတိုင်က ဘာလဲ။ ငါတို့ရဲ့ အကူအညီ လိုသေးလား”

ရီရီယွီက မေးလိုက်လျှင်

“ပြောရမယ်ဆို ငါ လုပ်ချင်တာလည်း လုပ်ပြီး သွားပါပြီ။ ဒါပေမယ့် မွန်းစတားဥ ဆိုတဲ့ ဆုလာဘ်ကိုတော့ စိတ်ဝင်စားတယ်”

လင်းဟွမ်က ပြုံးပြီး ပြန်ပြောလိုက်ချိန်တွင်

“ပထမအဆင့်ကို ရတဲ့လူက မွန်းစတားဥကို ဆုရမှာ မဟုတ်လား”

လီလန်က မျက်မှောင်ကြုတ် လိုက်သော်လည်း သေသေချာချာ စဥ်းစားပြီးနောက် လင်းဟွမ်က ပထမနေရာ ရရှိရန် အမှန်တကယ် ဖြစ်နိုင်နေသာကြောင့်

“ငါတို့ နှစ်ယောက်လုံး သတ်ခဲ့တဲ့ မွန်းစတားတွေကို မင်းဆီ လွှဲပေးမယ် ဘယ်လိုလဲ။

အဲ့ဒီ အသေကောင်တွေနဲ့ဆို အမှတ်တွေ ရွေးလို့ရပြီပေါ့”

ရီရီယွီက အကြံပေးလိုက်သောအခါ

“ဒါကို လှည့်စားတယ်လို့ မယူဆဘူးလား”

လင်းဟွမ်က သိချင်စိတ်ဖြင့်

“မဟုတ်ဘူး”

ဖဲသမားမျက်နှာက မျက်လုံး မှေးမှေးလေး ဖွင့်လိုက်သည်။ သေချာသည်မှာ သူသည် မျက်လုံး

မှိတ်ထားသော်လည်း လင်းဟွမ်တို့၏ စကားဝိုင်းကို နားထောင်နေခဲ့သည်။

“မင်းတို့ သုံးယောက်က ဒုတိယကျော့ လေ့ကျင့်မှု ပြီးသွားပြီ။ ဒါပေမယ့် တတိယအကျော့ လေ့ကျင့်မှုက မစရသေးဘူး။ ဒါကြောင့် ဒုတိယအကျော့နဲ့ တတိယအကျော့ လေ့ကျင့်မှု ကြားမှာ ရောက်နေတယ်။”

“ ဒီကာလက သင်တန်းသားတွေအတွက် အားလပ်ချိန်ပဲ။ မင်းတို့က အားတဲ့လူတစ်ယောက် ဖြစ်နေပြီ။ မင်းတို့ လုပ်ချင်တဲ့အရာကို မင်းတို့

စိတ်ကြိုက် လုပ်နိုင်တယ်။ သတ်ထားတဲ့ မွန်းစတားတွေကိုလည်း လွတ်လွတ်လပ်လပ် ဝေမျှခွင့်ရှိတယ်”

ဖဲသမား မျက်နှာနှင့်လူက အသေးစိပ် ရှင်းပြလိုက်ပြီးသည်နှင့် တပြိုင်နက် မျက်လုံးပြန်မှိတ်သွားကာ ဘာမှ မပြောခဲ့သလိုပင်။

လင်းဟွမ်တို့ အဖွဲ့သည် သူပြောသည်ကို နားထောင်ပြီးနောက် မွန်းစတား အလောင်းများကို ကြိုက်သလို ကိုင်တွယ်နိုင်ကြောင်း ကောက်ချက်ချလိုက်ကာ

“ကောင်းပြီ ငါ ပထမရရင် မင်းတို့ကို ထမင်း လိုက်ကျွေးမယ်”

လင်းဟွမ်က ကျေးဇူးတင်ကြောင်းကို ဖော်ပြသည့် အနေဖြင့် ကတိပေးလိုက်သည်။

“ ဒီမွန်းစတား ဥကို အရင်က သူ့တပည့် သတ်ခဲ့တဲ့ အကြီးအမှူးအဆင့် မွန်းစတား တစ်ကောင်ဆီက ရခဲ့တယ်လို့ ငါ့အဘိုးဆီက ကြားခဲ့တယ်။ သန္ဓေသုံးကြိမ်ပြောင်း မွန်းစတား တစ်ကောင်ပဲ။ အဲ့ဒီတပည့်က အဘိုးကို လက်ဆောင်ပေးခဲ့တာ။ ဘယ်လို သတ္တဝါမျိုးလဲ

ဆိုတာတော့ အတိအကျ မသိဘူး။ လေ့ကျင့်နိုင်ရင် နောင်တစ်ချိန်မှာ မင်းအတွက် တကယ် အသုံးဝင်လိမ့်မယ်”

ရီရီယွီက ပြောလိုက်လျှင်

“ဒါက သန္ဓေသုံးကြိမ်ပြောင်း၊ ခန္ဓာကိုယ်ထဲမှာလည်း ဖီးနစ်သွေးမျိုးဆက် ပါဝင်တဲ့ မွန်းစတားတစ်ကောင်ပဲ။ မင်းအဘိုးက ဘာဖြစ်လို့ မင်းအတွက် မသိမ်းခဲ့တာလဲ”

လင်းဟွမ်က သိချင်စိတ်ဖြင့် မေးလိုက်သည်။

"ပထမတုန်းကတော့ ငါ့အတွက် ရည်ရွယ်ထားပေမယ့် နောက်ပိုင်းမှာ ငါ့ရဲ့ ခန္ဓာကိုယ်ဖွဲ့စည်းပုံက တော်တော်လေး ထူးခြားနေတာကို တွေ့သွားတယ်။ ငါ့ခန္ဓာကိုယ်ထဲမှာ ဖီးနစ်သွေး မျိုးဆက်ရဲ့ သိပ်သည်းဆက တော်တော်လေး နည်းနေလို့ မိသားစုတစ်ခုလုံးက ငါ့အတွက် အမှန်တကယ် ဖီးနစ်ဥက်တစ်ကောင် ရှာပေးဖို့ လိုအပ်နေတယ်လို့ အဘိုးက ပြောတယ်"

ရီရီယွီသည် သူတို့ရှေ့၌ ဘာမှ ဖုံးကွယ်ထားခြင်း မရှိပေ။

"လက်နက်ကိုင်တပ်ဖွဲ့ရဲ့ အကြီးအကဲက တကယ် စေတနာကောင်းတာပဲ"

လီလန်က ရီရီယွီကို အားက နေသည်။

သူမ၏စကားကို ကြားလိုက်လျှင် ဖဲသမားမျက်နှာ၏ မျက်တောင်ပင် နှစ်ချက် တွန့်သွားသည်။ ထိုလူသည် ရီရီယွီ၏မိသားစု နောက်ခံအကြောင်းကို သူစိမ်းများအား

ပြောနေသည်ကို ကိုယ်တိုင် မကြားမိပါက အမှန်ဟု မည်သူမျှ ယုံကြလိမ့်မည် မဟုတ်ပေ။

လင်းဟွမ်က ပြုံးလိုက်ကာ မနာလိုစရာ မရှိသလို ရီရီယွီ၏မိသားစုကိုလည်း အားကျခြင်း မဖြစ်ခဲ့ပေ။ ယခုလက်ရှိ သူ၏အခြေအနေနှင့် ပတ်သက်၍ တော်တော်လေး ကျေနပ်မိသောကြောင့်ပင်

သူ့ထံတွင် အစွမ်းထက်သော ရွှေလက်ချောင်း စနစ် ရှိသည်။ ရွှေလက်ချောင်းစနစ်ကို ဆက်လက် ဖွံ့ဖြိုးအောင် မွမ်းမံနိုင်သရွေ့ သွေးမျိုးဆက်

သန့်စင်သော မီးဖိုးနစ်များအပြင်၊ နဂါးများ၊ မွန်းစတားများကိုပင် လေ့ကျင့်ပေးနိုင်သည်။

“ငါက ထိန်းချုပ်သူ မဟုတ်ဘူး။ အိမ်မွေး တိရစ္ဆာန်တစ်ကောင်ကိုပဲ ကိုင်တွယ်နိုင်တာ ကြောင့် သေသေချာချာ ရွေးချယ်ရမယ်”

ရီရီယွီက ခပ်တည်တည် ပြောလာသည်။

သူမသည် စကားပြောပြီးသည်နှင့် ခေါင်းမော့ကာ လီလန်ကို ကြည့်လိုက်ပြီး

"မင်းလည်း သန့်ရှင်းမီးလျှံအဆင့်ကို ရောက်လာပြီဆိုတော့ အိမ်မွေး တိရစ္ဆာန်တစ်ကောင် စဉ်းစားဖို့ အချိန်ရောက်လာပြီ"

"ငါလဲ တစ်ကောင်လောက် အမှန်တကယ် လိုချင်တယ်။ ငါ ထွက်သွားပြီးလို့ အိမ်ပြန်ရောက်တာနဲ့ ငါနဲ့လိုက်ဖက်မယ့် အိမ်မွေး တိရစ္ဆာန်တစ်ကောင် ရှိ၊မရှိ မေးရအုံးမယ်"

လီလန်က ပြုံးပြီး ခေါင်းငြိမ့်လိုက်သည်။

အိမ်မွေး တိရစ္ဆာန်တစ်ကောင်နှင့် ပတ်သက်၍ တိုက်ခိုက်ရေးအင်အား ကန့်သတ်ထားခြင်း

မရှိသော်လည်း လူတစ်ယောက်၏ ကံကြမ္မာ စွမ်းအားအရ ထိုကဲ့သို့သာ လုပ်ဆောင်နိုင်စွမ်း ရှိနေသောကြောင့်ပင်

အကြောင်းမှု ဥတစ်လုံး ပေါက်လာရန် ကံကြမ္မာစွမ်းအား အမြောက်အများ ထည့်သွင်း ပေးရသောကြောင့် သာမန်လူများအတွက် ဥမှ အကောင်ဖောက်ရန် မဖြစ်နိုင်ပေ။ သို့သော်လည်း သံအဆင့်မှ ရွှေအဆင့်ရှိသည့် မည်သူမဆို လုပ်ဆောင်နိုင်ကြသည်။

ရီရီယွီနှင့် လီလန်တို့သည် သန့်ရှင်းမီးလျှံအဆင့်သို့ မတက်လှမ်းရသေးခင် အချိန်အထိ အချိန်အများစုကို လေ့ကျင့်ခဲ့ရသည်။

ယခုမူ သန့်ရှင်းမီးလျှံအဆင့်ကို ရောက်နေပြီဖြစ်သောကြောင့် အိမ်မွေး တိရစ္ဆာန်တစ်ကောင်ကို ပြုစုပျိုးထောင်ရန် လုံလောက်သော အချိန်နှင့် စွမ်းအားများ ရှိနေခဲ့ကြပြီ။

သန့်ရှင်းမီးလျှံအဆင့်သို့ ရောက်သောအခါ တိုက်ခိုက်ရေးအဆင့် တိုးတက်မှုသည် နှေးကွေးလာနကာ သူတို့တွင် အချိန်နှင့် စွမ်းအားများ

ပိုလာခဲ့သည်။ ထို့ကြောင့် အားနေသော အချိန်များတွင် အိမ်မွေးတိရစ္ဆာန် တစ်ကောင်ကို ပြုစုပျိုး ထောင်နေလို့ ရခြင်းပင်

အမှန်တကယ်ဆို သန့်ရှင်း မီးလျှံအဆင့်အထိ တက်လှမ်းနိုင်မည်ဟု ယုံကြည်ချက်ရှိသည့် လူအများစုသည် ထိုကဲ့သို့ ဆုံးဖြတ်ချက်မျိုး ချတတ်ကြသည်။

သန့်ရှင်း မီးလျှံအဆင့်ကို မရောက်ခင် အိမ်မွေး တိရစ္ဆာန်များ မွေးကြသည့်လူများသည် သန့်ရှင်း မီးလျှံအဆင့်သို့ မတက်လှမ်းနိုင်သည့် လူများသာ

အိမ်မွေးတိရစ္ဆာန် မွန်းစတားများနှင့် ဆင့်ခေါ် မွန်စတားများကြား အကြီးမားဆုံး ခြားနားချက်မှာ အရွယ်ရောက် ကွာခြားနေခြင်းပင်

သို့သော်လည်း အိမ်မွေး တိရစ္ဆာန်တစ်ကောင်ကိုမူ နို့စို့အရွယ်မှ စတင်၍ လေ့ကျင့်ပေးရသည်။ ထို့ကြောင့် အိမ်မွေး တိရစ္ဆာန်တစ်ကောင်ကို လေ့ကျင့်ခြင်းမှာ ဆင့်ခေါ် မွန်းစတား တစ်ကောင်ထက် ပို၍ ကထိကထ များသည်။ ဒါသည် လူပေါင်းများစွာက ထိန်းချုပ်သူများကို အားကျရသော အဓိက အကြောင်းအရင်း ဖြစ်သည်။

သူတို့ သုံးယောက် ပျော်ပျော်ရွှင်ရွှင် စကားပြောနေစဉ် တရေးတမော အိပ်နေသော ဖဲသမားမျက်နှာသည် ရုတ်တရက် ထထိုင်လာပြီး

"မင်းတို့သုံးယောက် မြန်မြန် ပြင်ဆင်ကြ၊ ငါတို့နားမှာ မွန်းစတားတွေ ရှိနေတယ်"

ဖဲသမားမျက်နှာက သူတို့ သုံးယောက်ကို လှမ်းအော်လိုက်သဖြင့်

သူတို့သုံးယောက်သည် ချက်ချင်း ထရပ်ပြီး လက်နက်များကို ဆွဲထုတ်လိုက်ကြပြီး

"ဘာ မွန်းစတားလဲ"

ရီရီယွီက မေးလိုက်စဉ်

"ဒါက ရွှေအဆင့် မွန်းစတားအုပ်ကြီးနဲ့ ဖွဲ့စည်းထားတဲ့ မွန်းစတား အလုံးအရင်းကြီးပဲ။ အကောင် (၃၀၀) ကျော်လောက် ရှိမယ်"

ဖဲသမားမျက်နှာက ပြောလိုက်လျှင်

"သူတို့က ငါတို့နောက်ကို လိုက်လာတာလား ဒါမှမဟုတ် ဖြတ်သွားတာလား"

လင်းဟွမ်က မေးလိုက်သည်။

“သူတို့က ယောက်ယက်ခတ်နေတဲ့ ပုံပဲ။ ဖြတ်သန်းသွားမယ့် ပုံတော့ မရှိဘူး”

“အသားကင်အနံ့က သူတို့ကို ဆွဲဆောင်နေတာ ဖြစ်နေမလား”

လီလန်က လုံးဝ မီးမသေသေးသော မီးပုံကို လှမ်းကြည့်ပြီး ပြောလိုက်သော်

“ဖြစ်နိုင်တယ်”

လင်းဟွမ်က ထောက်ခံလိုက်သော်လည်း ဤကိစ္စက ဤမျှ ရိုးရှင်းမည် မဟုတ်ကြောင်း

မရေမရာ ခံစားနေရပြီး မကြာခင် သူတို့ လေးယောက်သည် မွန်းစတားများ၏ အလုံးအရင်းနှင့် ဝိုင်းရံခြင်းကို ခံလိုက်ရသည်။

နောက်ဆုံး၌ လင်းဟွမ်တို့သည် သူတို့၏ ရန်သူများကို မြင်လိုက်ရသည်။

ဒါသည် အနက်ရောင် ဝိညာဉ်ရေမြွေများပင်။ ထိုဝိညာဉ်ရေမြွေများသည် ဝိညာဉ်မီးတောင် များတွင် နေထိုင်ကြပြီး သူတို့ကို ကြည့်ရသည်မှာ မြွေများနှင့် ဆင်တူသည်။ အမှန်တကယ်ဆို ရှည်လျားသော အရိပ်ပုံစံရှိသည့် အနက်ရောင် ဝိညာဉ်အမျိုးအစား

မွန်းစတားများ ဖြစ်ကြ၍ သူတို့သည် အရိပ်ပုံစံသာ တည်ရှိနိုင်ကြသည်။

ဝိညာဉ် စွမ်းအားများ စုဝေးရာ နောက်သို့လိုက်ရင်း ရှင်သန်ရန်အတွက် အမျိုးမျိုးသော ဒြပ်စင်များမှ ဝိညာဉ်စွမ်းအားများကို မှီခို အားထားရ၏။

လင်းဟွမ်နှင့် အခြားသူတို့သည် မွန်းစတား အမျိုးအစားကို မြင်လိုက်လျှင် အသားကင်နံ့ ရ၍ မွန်းစတားများ ရောက်လာသည်ဟူသော အချက်ကို ချက်ချင်း ငြင်းဆန် လိုက်ကြသည်။

ဤမွန်းစတားများသည် အနံ့နှင့်အရသာကို လုံးဝ မခံစားတတ်ကြပေ။ ဝိညာဉ်စွမ်းအားကသာ သူတို့၏ တစ်ခုတည်းသော အစာဖြစ်သည်။ လူသား၏ အစားအစာများကို လုံးဝ စိတ်မဝင်စားကြပေ။

အနက်ရောင် ဝိညာဉ်ရေမြွေ အများပြားရှိသော်လည်း သူတို့သုံးယောက်နှင့် ယှဉ်ပါက အားနည်း လွန်းသည်။ နှစ်မိနစ်အတွင်းမှာပင် အနက်ရောင်ဝိညာဉ် ရေမြွေ သုံးရာကျော်လုံး သုတ်သင်ခြင်း ခံလိုက်ရသည်။

လင်းဟွမ်နဲ့ လီလန်တို့သည် အသေကောင်များကို စုစည်းရင်း အလုပ်ရှုပ်နေစဥ် ဖဲသမားမျက်နှာက သူတို့သုံးယောက်ကို နောက်တစ်ကြိမ် ပြောလိုက်ပြန်သည်။

"မွန်းစတားတွေ အလုံးအရင်းနဲ့ နောက်တစ်ကြိမ် တိုက်ခိုက်လာပြန်ပြီ"

ဒုတိယအသုတ်သည် ချော်ရည် မီးတောက် ကင်းမြီးကောက် အုပ်စုကြီးဖြစ်ကာ သူတို့သည် ရွှေအဆင့် မွန်းစတားများ ဖြစ်ကြပြီး ယခင်

အသုတ်ကထက် မွန်းစတား အရေအတွက် ပိုများကာ အရေအတွက် တစ်ထောင်ကျော်သည်။

ထိုမွန်းစတားများကို လျင်မြန်စွာ သတ်ဖြတ်လိုက်ကြပြီးနောက်

"ထူးဆန်းတယ်။ ပုံမှန် မဟုတ်ဘူး"

လင်းဟွမ်သည် ဒုတိယ အသုတ် မွန်းစတားများကို သတ်ပြီးနောက် မျက်မှောင်ကြုတ်နေစဉ် ဖဲသမားမျက်နှာ၏ ဆက်သွယ်ရေး ခရုသည် ရုတ်တရက် တုန်ခါလာသည်။